ကြေးမုံ
The Mirror Daily
၁၉၅၇ ဖေပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

**ကောင်းမှုကိုပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)

၁၃၈၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၉ ရက်၊ သောကြာနေ့။ Friday, 5 February 2021 ၁၀၂၇၉

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်

# မြန်မာနိုင်ငံဘဏ်များအသင်း နာယက၊ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ပုဂ္ဂလိကဘဏ်များမှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံ





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံဘဏ်များအသင်း နာယက၊ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ပုဂ္ဂလိကဘဏ်များမှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၄**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ငုရွှေဝါခန်းမ၌ မြန်မာနိုင်ငံဘဏ်များအသင်း နာယက၊ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ပုဂ္ဂလိကဘဏ်များမှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ဖဒိုမန်းငြိမ်းမောင်၊ ဦးသိန်းညွှန့်၊ ဦးခင်မောင်ဆွေ၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး နှင့် တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးသန်းညိန်း၊ မြဝတီဘဏ်ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ဆန်းဦး၊ အင်းဝဘဏ် ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ညိုစော၊ ကမ္ဘောဇဘဏ်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်၊ ဧရာဝတီဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်စောဦး၊ သမဝါယမဘဏ်ဥက္ကဋ္ဌ ဦးခင်မောင်အေး၊ မြန်မာ့ရှေ့ဆောင်ဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဝင်းမင်းခိုင်၊ ယူအေဘီဘဏ်ဥက္ကဋ္ဌ ဦးနေအောင်၊ အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ် ဒုတိယဥက္ကဋ္ဌ ဦးထူးထက်တေဇ၊ ထွန်းကော်မာရှယ်ဘဏ် ဥက္ကဋ္ဌ ဦးသိန်းထွန်း၊ ရွှေဘဏ်ဥက္ကဋ္ဌ ဦးကျော်ဝင်း၊ သတ္တုဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌ ဦးရုံးမူ၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများဖွံ့ဖြိုးရေးဘဏ် CEO ဒေါက်တာဇေယျာညွှန့်၊ မြန်မာနိုင်ငံသားများဘဏ်ဥက္ကဋ္ဌ ဦးတိုးအောင်မြင့်၊ ပထမပုဂ္ဂလိကဘဏ် CEO ဦးမြင့်ဇော်၊ ရိုးမဘဏ် ဥက္ကဋ္ဌ ဦးသိန်းဝေ၊ မြန်မာအရှေ့တိုင်းဘဏ်ဥက္ကဋ္ဌ ဒေါ်ကြည်ကြည်သန်း၊ ကမ္ဘာ့ရတနာဘဏ် CEO ဦးကိုကိုအောင်၊

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

**ကြေးမုံ ယနေ့ ဖတ်စရာ**

တိုင်းရင်းသားပြည်သူများ တပ်မတော်ဆေးရုံများတွင် ဆေးကုသနိုင်ကြောင်း ထုတ်ပြန်
စာမျက်နှာ » ၅

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာကဏ္ဍနှင့် သတ္တုရေးရာကဏ္ဍဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ
စာမျက်နှာ » ၇

မြန်မာနိုင်ငံသူ ၊ နိုင်ငံသားများအားလုံး COVID-19 ကပ်ရောဂါဘေးမှ အမြန်ဆုံးလွတ်ကင်းပါစေကြောင်း ဆုတောင်းမေတ္တာပို့ သအပ်ပါသည်...
ထွန်းရွှေဝါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး

ကြေးမုံ

# စည်းလုံးညီညွတ်သည့် နိုင်ငံတည်ဆောက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားလူမျိုးအသီးသီးတို့သည် ရှေးပဝေသဏီကာလကတည်းက အမိမြေပေါ်တွင်နေ၊ အမိရေကိုသောက်၍ နှစ်ပေါင်းများစွာ အတူတကွရှင်သန်ရပ်တည်နေထိုင်ကြီးပြင်းလာကြသူများ ဖြစ်သည်။ မရှိအတူရှိအတူ အေးအတူပူအမျှ အတူတကွနေထိုင်လာခဲ့ကြပြီး တစ်မိသားစုအတွင်းမှ ပေါက်ဖွားဆင်းသက်လာသော တစ်အူထုံ့ဆင်း ညီရင်းအစ်ကို မောင်ရင်းနှမသဖွယ် ရပ်တည်ခဲ့ကြသည်။

နှစ်ပေါင်းထောင်ချီရှည်လျားသော မြန်မာနိုင်ငံသမိုင်းကြောင်းတွင် တိုင်းရင်းသားလူမျိုးတို့သည် တစ်ဦးနှင့် တစ်ဦး တစ်ခါတစ်ရံ၌ စိတ်အခန့်မသင့်လျှင် ပဋိပက္ခခိုက်ရန်ဖြစ်ပွားတတ်သော်လည်း အချိန်ကြာသော် မိသားစုအတွင်းမှ တစ်မိသားစုချင်းကဲ့သို့ ပြန်လည်ဆက်ဆံပေါင်းသင်းရင်းနှီးခြင်းတို့ကို တည်ဆောက်နိုင်ကြသည်။ မည်သို့ပင်ကွဲပြားသော်လည်း အရေးကြုံလျှင် လက်တွဲစည်းလုံးကြသည်။ ရှေးကတစ်ရံတစ်ခါ ပေါ်ပေါက်ခဲ့သော တိုင်းတစ်ပါးရန်ကို စုပေါင်းလက်တွဲ တွန်းလှန်တိုက်ဖျက်ကာကွယ်ခဲ့ကြသည်။

တိုင်းရင်းသားတို့သည် မည်သို့ပင် အသွေးအသားဓလေ့စရိုက် မတူကွဲပြားသော်လည်း ဤမြေတွင်နေ၊ ဤရေကိုအတူသောက်သည့် တစ်မိသားစုချင်းကဲ့သို့ ပြည်ထောင်စုသားချင်းများဖြစ်သည်ဟူသော ခံယူချက်ဖြင့် ဆိုးတူကောင်းဖက် လက်တွဲနေထိုင်လာခဲ့ကြသည်။ ပထမမြန်မာနိုင်ငံတော်၊ ဒုတိယမြန်မာနိုင်ငံတော်၊ တတိယမြန်မာနိုင်ငံတော်နှင့် စတုတ္ထမြန်မာနိုင်ငံတော်ကြီးကို စုစည်းတည်ထောင်ခဲ့သော ခေါင်းဆောင်များခေတ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးသည် ခံ့ညားထည်ဝါဝင့်ကြွားစွာ ရပ်တည်ခဲ့ကြသည်။ စည်းလုံးညီညွတ်မှုအားလျော့ပြီး ယိုင်နဲ့နေသောကာလများတွင် တိုင်းပြည်ဖရိုဖရဲပြိုကွဲကာ တိုင်းတစ်ပါးမှ ဝင်ရောက်စွက်ဖက်ကျူးကျော်မှုကို ခံခဲ့ရသည်။

မြန်မာနိုင်ငံသည် တိုင်းပြည်အုပ်ချုပ်ရေး၊ တိုင်းရင်းသားပြည်သူများ၏ စည်းလုံးညီညွတ်ရေးမှအစ အဘက်ဘက်တွင် အားနည်းယိုင်နဲ့လာသောကြောင့် ၁၈၈၅ ခုနှစ်အကုန်တွင် တစ်တိုင်းပြည်လုံး သူ့ကျွန်ဘဝသို့ ကျရောက်ခဲ့ရသည်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပေါင်းသင်းဆက်ဆံရေးတို့တွင် အကျိုးကျေးဇူးဖြစ်ထွန်းအောင် စိတ်တူကိုယ်တူ အတူတကွ စည်းစည်းလုံးလုံးလက်တွဲခဲ့ကြသော ဆက်ဆံရေးများပျက်ပြားပြီး တစ်ဦးနှင့်တစ်ဦး သူစိမ်းတစ်ရံဆံလိုဖြစ်ခဲ့ကြသည်။ တောင်တန်းနှင့် မြေပြန့် သွေးကွဲခဲ့ကြသည်။

နိုင်ငံလွတ်လပ်ရေးကို အရယူရာတွင် စည်းလုံးညီညွတ်ရေးသည်သာ အဓိကလိုအပ်ချက်ဖြစ်ကြောင်း သိလာကြသည်။ တောင်တန်း-ပြည်မ အတူတကွ လွတ်လပ်ရေးရမှ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး တစည်းတလုံးတည်း အခိုင်အမာရပ်တည်ဖြစ်ထွန်းနိုင်မည်ကို နားလည်လာကြသည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့် အမျိုးသားခေါင်းဆောင်များ တစ်တိုင်းပြည်လုံး စုစည်းမှုကို ကြိုးပမ်းတည်ဆောက်နိုင်သောကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးတစ်ခုလုံး၏ လွတ်လပ်ရေးအမြုတေဖြစ်သည့် တောင်တန်း- ပြည်မ စည်းလုံးညီညွတ်မှုကို သက်သေပြနိုင်သော ပင်လုံစာချုပ်ကို ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ တိုင်းရင်းသားခေါင်းဆောင်များ လက်မှတ်ရေးထိုးခဲ့ကြသည်။

မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် လွတ်လပ်ရေးရရှိပြီးသည်နှင့် တည်ဆောက်ထားသော စည်းလုံးညီညွတ်မှုများ ပြန်လည်ပြိုကွဲပျက်စီးခဲ့ရသည်။ တိုင်းရင်းသားများနှင့်စိတ်ဝမ်းကွဲမှု၊ နိုင်ငံရေးပါတီများ အကွဲအပြဲဖြစ်မှု၊ အဖွဲ့အစည်းများ အယူအဆကွဲပြားမှု စသည့်အမျိုးမျိုးသော ကွဲပြားခြားနားမှုများကြောင့် မြန်မာပြည်ကြီး အပြည့်အဝငြိမ်းချမ်းသာယာဝပြောရေးသည် ယနေ့ထက်တိုင် အလှမ်းဝေးနေဆဲဖြစ်သည်။ ဤမြေတွင် နှစ်ပေါင်းရှည်ကြာ အတူတကွနေထိုင်လာခဲ့ကြသော တိုင်းရင်းသားပြည်သူအပေါင်းတို့သည် တရားတော်အရ အဆွေခင်ပွန်းများဖြစ်ကြ၍ ငြိမ်းချမ်းသာယာဝပြောရေးကို ရှေးရှုကြရမည်ဖြစ်သည်။

တရားတော်အရ ကိုယ်နှင့်ထပ်တူသဘောထားပြီး သေအတူရှင်မခွဲ တစ်စိတ်တစ်ဝမ်းတည်း မှတ်ယူကြရမည့်သူများဖြစ်သည်။ ဤမြေတွင်နေသော တိုင်းရင်းသားပြည်သူအပေါင်းတို့သည် တစ်ဦးကောင်းကျိုးကို တစ်ဦးက နှစ်နှစ်သက်သက် လိုလိုလားလားဆောင်ရွက်ပေးနိုင်မှသာ အစဉ်အမြဲစည်းလုံးနေကြပေလိမ့်မည်။ တစ်ဦးအပေါ်တစ်ဦး အမြင်ကွဲပြားမှုများဖြင့် ရန်လိုမုန်းထားရှိနေပါလျှင် စည်းလုံးညီညွတ်မှုကို တည်ဆောက်နိုင်ခြင်းမရှိဘဲ ရည်မှန်းချက်ပန်းတိုင်နှင့်လည်း အလှမ်းဝေးနေမည်ဖြစ်သည်။

မကြာမီကာလတွင် ၂၀၁၂ ခုနှစ် (၆၅) နှစ်မြောက် ပြည်ထောင်စုနေ့သို့ ရောက်ရှိတော့မည်ဖြစ်သည်။ ဤပြည်ထောင်စုနေ့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး လုံးဝလွတ်လပ်သောနိုင်ငံအဖြစ်သို့ ရောက်ရှိရေးအတွက် တောင်းတန်း-ပြည်မ တိုင်းရင်းသားပြည်သူများ တစ်သွေးတည်း၊ တစ်သားတည်းရှိကြောင်း ပြဆိုခဲ့သောနေ့ဖြစ်သည်။ သို့ဖြစ်၍ ယနေ့မျိုးဆက်များအနေဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး ငြိမ်းချမ်းသာယာဝပြောသော ဒီမိုကရေစီနိုင်ငံအဖြစ်သို့ရောက်ရှိရေးအတွက် စည်းလုံးညီညွတ်မှု မပျက်ပြားအောင် ကြိုးပမ်းအားထုတ်ရမည့် အချိန်အခါဖြစ်ပါကြောင်း။ ။

# ငွေကြေးဆိုင်ရာ ကောလာဟလများနှင့်ပတ်သက်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က သတင်းထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်

**နေပြည်တော် ဖေဖော်ဝါရီ ၄**

ငွေကြေးဆိုင်ရာ ကောလာဟလများ၊ ဘဏ်များပိတ်သိမ်းမည်ဆိုသည့် သတင်းမှားများနှင့်ပတ်သက်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ဖေဖော်ဝါရီ ၃ ရက်နေ့ ရက်စွဲဖြင့် သတင်းထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်လိုက်ကြောင်း သိရသည်။

အဆိုပါ သတင်းထုတ်ပြန်ချက်၌ လက်ရှိဖြစ်ပေါ်နေသော အခြေအနေများပေါ်မူတည်၍ ကျပ် ၅၀၀၀/- တန်၊ ကျပ် ၁၀၀၀၀/- တန် ရုပ်သိမ်းမည်ဆိုပြီး ကောလာဟလများနှင့် ဘဏ်များပိတ်သိမ်းမည်ဆိုသည့် သတင်းမှားများ ထွက်ပေါ်လျက်ရှိသည်ကို ကြားသိရပါကြောင်း၊ အဆိုပါ ကောလာဟလသတင်းများကြောင့် ပြည်သူအချို့ စိုးရိမ်ပူပန်ပြီး ဘဏ်များတွင် ငွေများထုတ်ယူနေသည်ကို ကြားသိနေရပါကြောင်း။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ငွေရေးကြေးရေးစနစ်တည်ငြိမ်ရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိပြီး ဘဏ်များအနေဖြင့် သတ်မှတ်ချက်များနှင့်အညီ ခိုင်မာစွာ ဝန်ဆောင်မှုပေးလျက်ရှိကြပါကြောင်း။

ပြည်သူများအနေဖြင့် ငွေကြေးနှင့်ဘဏ်လုပ်ငန်းဆောင်ရွက်မှုများအပေါ် စိုးရိမ်မှုများမရှိဘဲ ယုံကြည်စိတ်ချစွာဖြင့် ဆက်လက်သုံးစွဲနိုင်ပါကြောင်းနှင့် ဘဏ်ဝန်ဆောင်မှုများ ပုံမှန်ဆောင်ရွက်ရန် ဘဏ်များသို့လည်း ညွှန်ကြားပြီးဖြစ်ပါကြောင်း ထုတ်ပြန်အပ်ပါသည်ဟု ဖော်ပြထားသည်။

**သတင်းစဉ်**

# ညီညွတ်ခြင်းသည် စွမ်းအင် စည်းလုံးခြင်းလျှင် ခွန်အား ပြည်ထောင်စု၏ နှလုံးသား။

# တစ်မြေတည်းနေ တစ်ရေတည်းသုံး ဒို့အားလုံးသည် ပြည်ထောင်စုသား သွေးချင်းများ။

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၄-၂-၂၀၁၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၉၀၀ | ၈,၉၀၀ | ၄,၂၀၀ | ၃၆,၈၂၆,၄၀၀ |
| MTSH | ၃,၅၀၀ | ၃,၅၀၀ | ၁၆,၆၇၇ | ၅၈,၃၇၄,၅၀၀ |
| MCB | ၈,၀၀၀ | ၈,၀၀၀ | ၁၆၇ | ၁,၃၃၆,၀၀၀ |
| FPB | ၂၀,၅၀၀ | ၂၂,၀၀၀ | ၂၂၄ | ၄,၈၂၀,၀၀၀ |
| TMH | ၂,၅၀၀ | ၂,၄၅၀ | ၃၃၇ | ၈၄၀,၉၀၀ |
| EFR | ၃,၁၅၀ | ၃,၁၅၀ | ၄၈၀ | ၁,၅၁၈,၅၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဖေဖော်ဝါရီ ၄

ရန်ကုန်(ရွှေဈေး) ၁၃၅၅၀၀၀ မန္တလေး(ရွှေဈေး) ၁၃၅၅၀၀၀

| စက်သုံးဆီအမျိုးအစား | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၇၀၀/၇၄၀ ကျပ် | ၇၃၀/၇၅၀ ကျပ် |
| (ခ) ဒီဇယ် | တစ်လီတာ | ၆၉၀/၇၂၅ ကျပ် | ၇၂၀/၇၃၅ ကျပ် |
| (ဂ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၇၀/၇၉၅ ကျပ် | ၈၄၅/၈၆၀ ကျပ် |
| (ဃ) အောက်တိန်း ၉၂ | တစ်လီတာ | ၆၅၅/၆၈၅ ကျပ် | ၇၁၀/၇၂၅ ကျပ် |

ရန်ကုန် လက်ကားဈေး

| | | |
|---|---|---|
| ဒီဇယ် | တစ်လီတာ | ၆၅၀/၆၆၀ ကျပ် |
| အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၆၆၀/၆၇၀ ကျပ် |
| အောက်တိန်း ၉၂ | တစ်လီတာ | ၆၄၅/၆၅၅ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၄၀၇.၅ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၆၈၈.၀ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၁၇.၇၆ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၆.၈၄၆ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၄၆.၉၇ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၉.၃၀၈ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၇၄.၁ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၅၄.၄ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၃၃၇.၆ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၅.၈၈ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးစိုးစိုးနိုင်
**စာတည်းမှူး** - ဦးဝင်းနိုင်
**သတင်းထောက်မှူး** - ဦးမြင့်စိုး
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
**ဘာသာပြန်စာတည်းများ** - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်
**အကြီးတန်း** - ဦးစိုးအောင်၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊
**သတင်းထောက်များ** ဒေါ်နေဇာဇာထွန်း
**အငယ်တန်း** - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊
**သတင်းထောက်များ** ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သုတေသန** - ဒေါ်ဇင်မာဝင့်
**စာပြင်** - ဦးဝေမင်းသူနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - ဒေါ်နွယ်နွယ်ထွန်း၊ ဒေါ်ချောစုလှိုင်နှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - ဦးစိုးချစ်ဦး၊ ဦးအောင်ကျော်ဖြိုးနှင့်အဖွဲ့



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံဘဏ်များအသင်း နာယက၊ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ပုဂ္ဂလိကဘဏ်များမှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ တာဝန်ရှိသူများနှင့်တွေ့ဆုံဆွေးနွေးစဉ်။

- ❖ မိမိတို့အနေဖြင့် ယိုင်နေသည့် စီးပွားရေးလုပ်ငန်းများကို ပြန်လည်တည့်မတ်ရန်၊ ဘဏ်များအဆင်ပြေစေရန်အတွက် ဗဟိုဘဏ်က မည်သို့ကူညီရမည်၊ မည်သို့ဖြေလျှော့ပေးရမည်ကို လတ်တလောကာလအတွင်း ဖြေရှင်းဆောင်ရွက်ပေးသွားမည်
- ❖ မိမိတို့နိုင်ငံတွင် ထုတ်လုပ်နိုင်သည့် စားသောက်ကုန်များကို ပြည်ပနိုင်ငံမှ တင်သွင်းနေရ
- ❖ သွင်းကုန်များထိန်းနိုင်ရန်အတွက် ပြည်တွင်းမွေးမြူရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများ၊ စားကုန်၊ သောက်ကုန်၊ သုံးကုန်များကို ပြည်တွင်း၌ပင် ဖူလုံအောင် ထုတ်လုပ်နိုင်ရေး အားပေးသွားမည်

☆ ရှေ့ဖုံးမှ

ကျေးလက်ဖွံ့ဖြိုးရေးဘဏ် CEO ဦးအေးကျော်၊ နေပြည်တော်ဖွံ့ဖြိုးရေးဘဏ် CEO ဦးအောင်ကျော်ငြိမ်း၊ မြန်မာမက်ထရိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဇော်ဝင်းနိုင်၊ ဆောက်လုပ်ရေးအိမ်ရာနှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌ ဦးမင်းထိန်၊ ဧရာဝတီတောင်သူလယ်သမားဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌ ဦးဇော်ဝင်းရှိန်၊ ဂုဏ်ထူးဆောင်တောင်သူလယ်သမားဖွံ့ဖြိုးရေးဘဏ် ဒုတိယဥက္ကဋ္ဌ ဦးရဲမြင့်၊ မြန်မာ့ခရီးသွားဘဏ်ဥက္ကဋ္ဌ ဦးရန်ဝင်း၊ ရန်ကုန်မြို့တော်ဘဏ် CEO ဦးကျော်သန်းနှင့် တောင်သူလယ်သမားဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌ ဦးစိုင်းမျိုးဝင်းတို့ တက်ရောက်ကြသည်။

### တစ်ဦးချင်းမိတ်ဆက်

ရှေးဦးစွာ တက်ရောက်လာကြသည့် ပုဂ္ဂလိကဘဏ်များမှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ တာဝန်ရှိသူများက တစ်ဦးချင်းမိတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် မိမိတို့ ယခုလိုတွေ့ဆုံခြင်းမှာ အခြေအနေအရပ်ရပ်ကို တွေ့ဆုံဆွေးနွေးခြင်းဖြစ်ကြောင်း၊ တိုင်းပြည်တစ်ခု၏ အဓိကမောင်းနှင်အားမှာ စီးပွားရေးဖြစ်ကြောင်း၊ စီးပွားရေးကောင်းမွန်ပါက တိုင်းပြည်တိုးတက်မည်ဖြစ်ကြောင်း၊ စီးပွားရေးလုပ်ငန်းများထဲတွင် ဘဏ်လုပ်ငန်းသည် အရေးကြီးကြောင်း၊ နိုင်ငံတကာတွင်လည်း ဘဏ်များ၏အခန်းကဏ္ဍအား ထိထိရောက်ရောက် ဆောင်ရွက်နိုင်သည့် နိုင်ငံများသည် စီးပွားရေးတိုးတက်ကောင်းမွန်သည်ကို တွေ့ရှိရကြောင်း။

ယမန်နေ့က မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ညီနောင်အသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် တွေ့ဆုံခဲ့ပြီး တိုင်းပြည်စီးပွားရေး ပြန်လည်ကောင်းမွန်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းခဲ့ကြောင်း၊ ကုန်ဈေးနှုန်းကျဆင်းရန် တာဝန်ရှိသူအားလုံးက အသိတရားရှိရှိဖြင့် ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထုတ်ကုန်များ ပေါပေါများများထုတ်လုပ်နိုင်ရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးရန် လိုအပ်ကြောင်း၊ အလုပ်အကိုင်ရှိပါက ဝင်ငွေရရှိနေမည်ဖြစ်ကြောင်း၊ အလုပ်ရှင်များဘက်ကကြည့်ပါက လုပ်ငန်းလည်ပတ်နေသည့်အတွက် ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်ရောင်းချနိုင်ပြီး ဝင်ငွေရရှိနေမည် ဖြစ်ကြောင်း၊ ယင်းအချက်များသည် အခြေခံကျကြောင်း၊ မိမိအနေဖြင့် လုပ်ငန်းများကို ပုံမှန်လည်ပတ်နေစေလိုကြောင်း၊ လုပ်ငန်းများ ပုံမှန်လည်ပတ်ရာတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ယင်းအမိန့်များကိုလည်း လိုအပ်သည်များမှလွဲ၍ ပြောင်းလဲဆောင်ရွက်သွားမည်မဟုတ်ကြောင်း၊ လုပ်ငန်းများလုပ်ဆောင်ရာတွင် ကိုဗစ်-၁၉ စည်းကမ်းများနှင့်အညီ လုပ်ဆောင်ရန်နှင့် တာဝန်ယူရန်လိုအပ်ကြောင်းကို ပြောကြားခဲ့ကြောင်း။

### တွေ့ဆုံခြင်းဖြစ်

ယခုတက်ရောက်လာကြသူများသည် ငွေကြေးနှင့်ပတ်သက်သည့် လုပ်ငန်းများကို လုပ်ကိုင်နေကြသူများဖြစ်ကြောင်း၊ ယမန်နေ့က တွေ့ဆုံခဲ့သည့် လုပ်ငန်းရှင်များသည် ဘဏ်လုပ်ငန်းရှင်များမှ စီးဆင်းလာသည့်ငွေဖြင့် လုပ်ကိုင်ဆောင်ရွက်နေကြရသည့်အတွက် ဘဏ်လုပ်ငန်းရှင်များနှင့်တွေ့ဆုံရန် လိုအပ်သည်ဟု ယူဆသည့်အတွက် ယခုကဲ့သို့ တွေ့ဆုံခြင်းဖြစ်ကြောင်း၊ စီးပွားရေး၏ အဓိကမောင်းနှင်အားမှာ ဘဏ်များဖြစ်ကြောင်း၊ ထို့ကြောင့် ဘဏ်လုပ်ငန်းများနှင့်ပတ်သက်၍ စနစ်တကျနှင့် ထိထိရောက်ရောက် လည်ပတ်စေလိုကြောင်း၊ မိမိအနေဖြင့် ပြည်တွင်းဘဏ်များကို အားပေးကြောင်း၊ တစ်နိုင်ငံလုံးတွင် ဘဏ်လုပ်ငန်းများရှိပါက အကောင်းဆုံးဖြစ်ကြောင်း၊ ပြည်သူများအနေဖြင့် ဘဏ်တွင် အချိန်ကုန်ခံပြီး ဆောင်ရွက်နေရမည့်အစား လွယ်လွယ်ကူကူဖြင့် ဆောင်ရွက်၍ရသည့်စနစ်ကို သွားစေချင်ကြောင်း၊ မိမိတို့နိုင်ငံအတွင်းရှိ အီလက်ထရွန်နစ်ဖြင့် ဆောင်ရွက်သည့် ဘဏ်လုပ်ငန်းစနစ်ကိုလည်း တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရန်အတွက် အားပေးကြောင်း၊ သို့သော် စနစ်တကျဖြင့် လည်ပတ်ရန် လိုအပ်ကြောင်း၊ ဘဏ်လုပ်ငန်းရှင်များ၏ ဆောင်ရွက်လိုသည့်အချက်များနှင့် လိုအပ်ချက်များကိုသိလိုကြောင်း၊ ၅၀၀၀ ကျပ်တန်နှင့် ၁၀၀၀၀ ကျပ်တန်များအား ဖျက်သိမ်းမည်ဟု ကောလာဟလ သတင်းများထွက်ခဲ့ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထုတ်ဝေပြီးသည့် ပိုက်ဆံများကိုဖျက်သိမ်းမည်မဟုတ်ဟု ပါရှိပြီးဖြစ်ကြောင်း၊ ထို့ကြောင့် လိုအပ်သည့်ထုတ်ပြန်ချက်များ ထုတ်ပြန်ဆောင်ရွက်ပေးခဲ့ကြောင်း။

မိမိတို့အနေဖြင့် လက်ရှိနိုင်ငံတော်က ဆောင်ရွက်နေသည့် နိုင်ငံရေး၊ စီးပွားရေး၊ ငြိမ်းချမ်းရေး၊ နိုင်ငံတကာဆက်ဆံရေးတို့နှင့်စပ်လျဉ်း၍ မူဝါဒများ လုံးဝမပြောင်းလဲကြောင်း၊ မိမိတို့သည် ခေတ္တခဏ တာဝန်ယူကြသူများသာဖြစ်ကြောင်း၊ ယနေ့တွေ့ဆုံခြင်းတွင် တိုင်းပြည်၏ မောင်းနှင်အားတစ်ခုဖြစ်သည့် ဘဏ်လုပ်ငန်းရှင်များအနေဖြင့် မည်သို့ပါဝင်မည်၊ မိမိတို့ မည်သည့်ကိစ္စများကို ပံ့ပိုးဆောင်ရွက်ပေးရမည်ကို သိရှိလိုကြောင်း၊ တင်ပြချက်များနှင့်စပ်လျဉ်း၍ လတ်တလောဖြေရှင်းပေးရမည့်အချက်များကို လတ်တလောဖြေရှင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ရေရှည်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို လမ်းကြောင်းမှန်ပေါ်ရောက်အောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

### ဆွေးနွေးတင်ပြ

ယင်းနောက် မြန်မာနိုင်ငံဘဏ်များအသင်းဥက္ကဋ္ဌ ဦးခင်မောင်အေး၊ နာယက ဦးသိန်းထွန်း၊ ယူအေဘီဘဏ်ဥက္ကဋ္ဌ ဦးနေအောင်၊ ဧရာဝတီဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်စောဦး၊ ရွှေဘဏ်ဥက္ကဋ္ဌ ဦးကျော်ဝင်းတို့က ငွေကြေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုမူဝါဒများ ပြုပြင်ပြောင်းလဲပေးရန်ကိစ္စ၊ ပြည်ပဘဏ်များကိစ္စနှင့် အမျိုးသားအကျိုးစီးပွား ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး ဖော်ဆောင်ပေးရန်ကိစ္စ၊ အတိုးနှုန်းလျှော့ချရေးနှင့်စပ်လျဉ်း၍ အချိန်ယူစဉ်းစားပေးရန်ကိစ္စ၊ နယ်စပ်ကုန်သွယ်မှုတွင် ပြည်ပငွေသုံးစွဲခွင့်ရရှိရန်ကိစ္စ၊ Digital Payment ပြုပြင်ပြောင်းလဲသွားရန်ကိစ္စ၊ ဘဏ်များကဆောင်ရွက်နေသည့် အသေးစားချေးငွေကိစ္စနှင့် အာမခံလုပ်ငန်းများ အောင်မြင်စွာ ဖော်ဆောင်နိုင်ရန်ကိစ္စ၊ ဆောက်လုပ်ရေးလုပ်ငန်းနှင့် အိမ်ခြံမြေလုပ်ငန်းများတွင် ပေးဆောင်ရသည့်အခွန်များ လျှော့ချပေးရန်ကိစ္စတို့ကို ဆွေးနွေးတင်ပြကြသည်။

ဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ကိုဗစ်-၁၉ သက်ရောက်မှုကြောင့် ထိခိုက်နစ်နာနေသည့် စီးပွားရေးလုပ်ငန်းများ သက်သာခွင့်ရအောင် ဝန်ကြီးဌာနအနေဖြင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသွားမည့် အခြေအနေတို့ကိုလည်းကောင်း၊ ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်းက မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ဘဏ်များအသင်းနှင့် ဘဏ်လုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေတို့ကိုလည်းကောင်း ဆွေးနွေးပြောကြားသည်။

### ဖြေရှင်းဆောင်ရွက်ပေးသွားမည်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် နိုင်ငံတကာတွင် ဘဏ်အတိုးနှုန်းမှာ နည်းပါးကြောင်း၊ ငွေကြေးပုံမှန်လည်ပတ်မှုကောင်းမွန်မှ တိုင်းပြည်စီးပွားရေး တိုးတက်ကောင်းမွန်မည်ဖြစ်ကြောင်း၊ ငွေကြေးကို ရင်းနှီးမြှုပ်နှံပြီး စီးပွားရေးအတွက် အသုံးပြုနေရန် လိုအပ်ကြောင်း၊ ငွေကြေးမူဝါဒမှာ အရေးကြီးကြောင်း၊ မိမိတို့အနေဖြင့် ယိုင်နေသည့် စီးပွားရေးလုပ်ငန်းများကို ပြန်လည်တည့်မတ်ရန်၊ ဘဏ်များအဆင်ပြေစေရန်အတွက် ဗဟိုဘဏ်က မည်သို့ကူညီရမည်၊ မည်သို့ဖြေလျှော့ပေးရမည်ကို လတ်တလောကာလအတွင်း ဖြေရှင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ နယ်စပ်ကုန်သွယ်မှုများတွင် နစ်နာမှုများရှိနေသည်ကို သိရှိရကြောင်း၊ မိမိတို့နိုင်ငံတွင် ထုတ်လုပ်နိုင်သည့် စားသောက်ကုန်များကို ပြည်ပနိုင်ငံမှ တင်သွင်းနေရကြောင်း၊ သွင်းကုန်များထိန်းနိုင်ရန်အတွက် ပြည်တွင်းမွေးမြူရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများ၊ စားကုန်၊ သောက်ကုန်၊ သုံးကုန်များကို ပြည်တွင်း၌ပင် ဖူလုံအောင် ထုတ်လုပ်နိုင်ရေး အားပေးသွားမည်ဖြစ်ကြောင်း၊ ပြည်ပနိုင်ငံများရှိ မြန်မာစီးပွားရေးသံမှူးများအနေဖြင့် ပြင်ပဈေးကွက်သတင်းများကို ရှာဖွေကြရမည်ဖြစ်ကြောင်း၊ ပြည်တွင်း၌ အရည်အသွေးမြင့်ထုတ်ကုန်များ ထုတ်လုပ်ပြီး ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ရန်လိုအပ်ပြီး ဘဏ်လုပ်ငန်းရှင်များအနေဖြင့် ယင်းကိစ္စများကို ကူညီပေးစေလိုကြောင်း၊ အတိုးနှုန်းလျှော့ချရေးနှင့် ပတ်သက်ပြီး အချိန်ကာလတစ်ခုအထိ စောင့်ကြည့်ပြီး အကောင်းဆုံးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ပြည်တွင်းငွေကြေးခိုင်မာမှုရှိရန် အရေးကြီးကြောင်း၊ အခွန်နှင့်ပတ်သက်၍ ရှောင်၍မရကြောင်း၊ ပေးသင့်ပေးထိုက်သည့် အခွန်ကိုပေးဆောင်ရမည်ဖြစ်ကြောင်း၊ ယင်းအတွက် အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ပြည်တွင်းဝယ်လိုအား တက်လာစေရေးအတွက် အလုပ်အကိုင်များဖော်ဆောင်ရေးနှင့် ငွေကြေးကူညီရေး ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ အရေးပေါ်ကာလတွင် ယိုင်နေသည့်စီးပွားရေးကို ဘဏ်လုပ်ငန်းများ၏ အားဖြင့် တည့်မတ်အောင် ကြိုးစားသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်အမှတ် ( ၂၃ / ၂၀၂၁)

၁၃၈၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၈ ရက်
၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်

**ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အောက်ပါ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်များအား ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည် -

(၁) ဦးမျိုးမောင်
စစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်

(၂) ဦးကြည်သိန်း
မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်

အမိန့်အရ
(ပုံ)အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများအား တာဝန်မှရုပ်စဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်အမှတ် ( ၂၄ / ၂၀၂၁)

၁၃၈၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၈ ရက်
၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်

**တာဝန်မှရုပ်စဲခြင်း**

အောက်ပါ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများအား ယနေ့မှစ၍ တာဝန်မှရုပ်စဲလိုက်သည် -

(၁) ဦးမျိုးဝင်း
(၂) ဦးမြဟန်
(၃) ဦးစိုးနိုင်
(၄) ဦးခင်မောင်ကြည်

အမိန့်အရ
(ပုံ)အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## ပြည်ထောင်စုဝန်ကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်အမှတ် ( ၂၅ / ၂၀၂၁)

၁၃၈၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၈ ရက်
၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်

**ပြည်ထောင်စုဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဒေါက်တာသက်သက်ခိုင်အား လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ
(ပုံ)အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌများ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်အမှတ် ( ၂၆ / ၂၀၂၁)

၁၃၈၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၈ ရက်
၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်

**ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌများ ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အောက်ပါပုဂ္ဂိုလ်များအား ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည် -

(၁) ဦးဝင်းသော် ဒုတိယဥက္ကဋ္ဌ
(၂) ဒေါ်သန်းသန်းဆွေ ဒုတိယဥက္ကဋ္ဌ

အမိန့်အရ
(ပုံ)အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## ဒုတိယဝန်ကြီးများ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်အမှတ် ( ၂၇ / ၂၀၂၁)

၁၃၈၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၈ ရက်
၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်

**ဒုတိယဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အောက်ပါပုဂ္ဂိုလ်များအား စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာနတွင် ဒုတိယဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည် -

(၁) ဦးမောင်မောင်ဝင်း
(၂) ဒေါ်သန်းသန်းလင်း

အမိန့်အရ
(ပုံ)အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## နတ်မောက်မြို့၌ ကိုဗစ်-၁၉ ကာကွယ်ဆေး ဝယ်ယူနိုင်ရေးအတွက် အလှူငွေများ ပေးအပ်လှူဒါန်း

**နတ်မောက် ဖေဖော်ဝါရီ ၄**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်၌ ပက်မြန်မာ (PGMF) အသေးစားချေးငွေအဖွဲ့က ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးဝယ်ယူနိုင်ရေးအတွက် နတ်မောက်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယနေ့နံနက် ၁၀ နာရီခန့်က အလှူငွေများလှူဒါန်းခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဝယ်ယူနိုင်ရေး အတွက် အလှူငွေကျပ် ၁၂ သိန်းကို နတ်မောက်မြို့နယ် ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီထံသို့ ပက်မြန်မာ(PGMF) အသေးစားချေးငွေအဖွဲ့ ကိုယ်စား မြို့နယ်မန်နေဂျာဦးရွှေမင်းနှင့် ဝန်ထမ်းများက ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

လှဝင်း(နတ်မောက်)



# တိုင်းရင်းသားပြည်သူများ တပ်မတော်ဆေးရုံများတွင် ဆေးကုသနိုင်ကြောင်း ထုတ်ပြန်

**နေပြည်တော် ဖေဖော်ဝါရီ ၄**
တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့က တိုင်းရင်းသားပြည်သူများ တပ်မတော်ဆေးရုံများတွင် ဆေးကုသနိုင်ကြောင်း ထုတ်ပြန်ချက်တစ်ရပ်ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်လိုက်ကြောင်း သိရသည်။

အဆိုပါထုတ်ပြန်ချက်တွင် အများပြည်သူအကျိုးစီးပွားကို ထိခိုက်စေပြီး နိုင်ငံတော်၏ အုပ်ချုပ်မှုယန္တရားနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေလိုသော ရည်ရွယ်ချက်ဖြင့် အဖျက်အမှောင့်ဆောင်ရွက်သူအချို့က Civil Disobedience Campaign အဖြစ် လူမှုကွန်ရက်မှတစ်ဆင့် စည်းရုံးဆောင်ရွက်လျက်ရှိရာ ကျန်းမာရေးဝန်ထမ်းအချို့ နားယောင်၍ လုပ်ငန်းတာဝန်ပျက်ကွက်မှုများ ဖြစ်ပေါ်လျက်ရှိသည်ကို သိရှိရပါကြောင်း။

ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုကို တာဝန်ယူဆောင်ရွက်လျက်ရှိသော ဆရာဝန်များအနေဖြင့် ဆရာဝန်ဘွဲ့အပ်နှင်းခံရစဉ် ကတိသစ္စာ၌ ကျွန်ုပ်သည် လူသားအားလုံး၏ ကိုယ်၏ကျန်းမာရေး၊ စိတ်၏ကျန်းမာရေးကို ကျွန်ုပ်အရေးကဲ့သို့ ယူဆပါအံ့၊ ကျွန်ုပ်သည် သမားကောင်းတစ်ဦး၏ ကိုယ်ကျင့်တရားနှင့် မွန်မြတ်သည့် ဂုဏ်သိက္ခာအစဉ်အလာကို ထိန်းသိမ်းပါအံ့၊ ကျွန်ုပ်သည် ဆည်းပူးတတ်မြောက်ထားသော ဆေးပညာဖြင့် ဂီလာနပုဂ္ဂိုလ်များ၏ ကျန်းမာရေးကို စေတနာ၊ မေတ္တာရှေ့ထား၍ လူမျိုး၊ ဘာသာ၊ ဆင်းရဲ ချမ်းသာ မရွေး စွမ်းစွမ်းတမံစောင့်ရှောက်ကုသပါအံ့၊ ကျွန်ုပ်သည် ဆည်းပူးတတ်မြောက်ထားသောဆေးပညာဖြင့် လူသားတို့၏ ဘဝနှင့်အသက်ကို တန်ဖိုးထားလေးစားစွာ ကာကွယ်စောင့်ရှောက်ပါအံ့ဟူသည့်အချက်များကို ထည့်သွင်းအဓိဋ္ဌာန်ပြုခဲ့ရသူများ ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် အဖျက်အမှောင့်ဆောင်ရွက်လိုသူတို့၏ နိုင်ငံနှင့်ပြည်သူ့အကျိုးကို ပျက်စီးစေသော သွေးထိုးလှုံ့ဆော်မှုများကို နားယောင်ခြင်းမပြုဘဲ စောင့်ထိန်းအပ်သော ကတိသစ္စာအရ ပြည်သူလူထုအပေါ်သာ သစ္စာစောင့်သိရန် မေတ္တာရပ်ခံလိုပါကြောင်း။

လက်ရှိအခြေအနေတွင် အကြောင်းအမျိုးမျိုးကြောင့် ဖြစ်ပေါ်လာနိုင်သော နိုင်ငံတစ်ဝန်းရှိ တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးဆိုင်ရာ အခက်အခဲများကို တပ်မတော်သား ဆေးတပ်ဖွဲ့ဝင်များဖြင့် ပါဝင်ကူညီဆောင်ရွက်နိုင်ရန် တပ်မတော်အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီထံ တင်ပြခဲ့ရာ ခွင့်ပြုချက်ရရှိခဲ့ပြီး ဖြစ်ပါကြောင်း။

သို့ဖြစ်၍ တိုင်းရင်းသားပြည်သူများအနေဖြင့် ကျန်းမာရေးဆိုင်ရာ အခက်အခဲများ ဖြစ်ပေါ်လာပါက နီးစပ်ရာ တပ်မတော်ဆေးရုံများသို့ ဆက်သွယ်ဆေးကုသမှု ခံယူသွားနိုင်ကြောင်း သတင်းထုတ်ပြန်အပ်ပါကြောင်း ဖော်ပြထားသည်။

**သတင်းစဉ်**

# ဆောက်လုပ်ရေးဝန်ကြီးဌာန၏ လုပ်ငန်းများ အရှိန်အဟုန်မပြတ်ဆောင်ရွက်နိုင်ရန်နှင့် မူဝါဒပိုင်းဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၄**
ဆောက်လုပ်ရေးဝန်ကြီးဌာန၏ လုပ်ငန်းများ အရှိန်အဟုန်မပြတ်ဆောင်ရွက်နိုင်ရန်နှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၊ မူဝါဒပိုင်းဆိုင်ရာများနှင့်စပ်လျဉ်း၍ ပထမအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော် ဆောက်လုပ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရွှေလေး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန လက်အောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အင်ဂျင်နီယာချုပ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများသည် နေပြည်တော်မှ ကိုဗစ်-၁၉ ကာကွယ်ရေးညွှန်ကြားချက်များနှင့်အညီ တက်ရောက်ကြပြီး တိုင်းဒေသကြီး/ပြည်နယ်ညွှန်ကြားရေးမှူးများသည် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးရွှေလေးက ယခုအခါ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီမှ တာဝန်ယူဆောင်ရွက်လျက်ရှိပြီး လုပ်ငန်းများဆောင်ရွက်ရာတွင် မိမိတို့ဌာန၏ ရည်မှန်းချက်တာဝန်များကို နိုင်ငံတော်အစိုးရ၏ လက်ရှိလမ်းညွှန်ချက်များနှင့်အညီ လုပ်ငန်းများ အရှိန်အဟုန်မပြတ် အောင်မြင်အောင် ဆက်လက်ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

လက်ရှိအခြေအနေအရ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကို အရှိန်အဟုန်မပြတ် ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့်ပတ်သက်သည့် အမိန့်နှင့်ညွှန်ကြားချက်များကို ဝန်ထမ်းများအားလုံး လိုက်နာရန် လိုအပ်ပါကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် လက်ရှိဆောင်ရွက်ဆဲ လမ်း / တံတား တည်ဆောက်ရေးလုပ်ငန်းများ၊ ပုဂ္ဂလိကနှင့် ပူးပေါင်းဆောင်ရွက်သည့် လုပ်ငန်းများကို မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ခွင့်ပြုသွားမည် ဖြစ်ကြောင်း။

လုပ်ငန်းစီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဥပဒေ၊ စည်းမျဉ်း စည်းကမ်းများနှင့်အညီ ဆောင်ရွက်သွားရန်လိုအပ်ပါကြောင်း၊ စာရင်းစစ်ဆေးသည့် အပိုင်းများတွင်လည်း ဌာနအနေဖြင့် ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်း၊ ဥပဒေများနှင့် အညီ အပြည့်အဝလိုက်နာဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

ဦးစီးဌာနများ၊ တိုင်းဒေသကြီး / ပြည်နယ်များမှ တာဝန်ခံ ညွှန်ကြားရေးမှူးများ အနေဖြင့် လုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆက်လက်ဆောင်ရွက်သွားကြရန် လိုပါကြောင်း၊ နိုင်ငံတော်အဆင့် လုပ်ငန်းစီမံကိန်းကြီးများ၊ နိုင်ငံတကာနှင့် ဆက်စပ်ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းကြီးများနှင့် ပတ်သက်ပြီး အခက်အခဲများရှိပါက အချိန်နှင့် တစ်ပြေးညီတင်ပြပြီး နှောင့်နှေးမှုမရှိအောင် ဆောင်ရွက်သွားကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် အဆောက်အဦ ဦးစီးဌာန၊ လမ်းဦးစီးဌာန၊ တံတားဦးစီးဌာန၊ မြို့ပြနှင့် အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်တို့က မိမိတို့ဦးစီးဌာနအလိုက် လုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ လက်ရှိလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို Power Point ဖြင့် ရှင်းလင်းတင်ပြကြသည်။



ယင်းနောက် တိုင်းဒေသကြီး/ပြည်နယ်ညွှန်ကြားရေးမှူးများက မိမိတို့တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ဆောင်ရွက်နေသည့် လုပ်ငန်းစီမံချက်များ ၊ စီမံကိန်းများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာသူများက လက်ရှိဆောင်ရွက်နေသော လုပ်ငန်းများနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေတို့ကို သက်ဆိုင်ရာကဏ္ဍအလိုက် ဖြည့်စွက်ဆွေးနွေးတင်ပြကြသည်။


တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်ကချမှတ်ထားသည့် မူဝါဒများအတိုင်း လုပ်ငန်းများကို ရပ်တန့်ခြင်းမရှိဘဲ အရှိန်အဟုန်မပြတ် ဆက်လက်ဆောင်ရွက်ရန်၊ မိမိတို့တာဝန်ယူဆောင်ရွက်နေသည့် လုပ်ငန်းများနှင့်ပတ်သက်၍ ဆုံးဖြတ်ပေးရန်များရှိပါက အချိန်နှင့်တစ်ပြေးညီတင်ပြရန်နှင့် လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဂျပန်နိုင်ငံ TRC အဖွဲ့တို့ စာကြည့်တိုက်လုပ်ငန်းအတွေ့အကြုံများ မျှဝေခြင်း အွန်လိုင်းဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၄**
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဂျပန်နိုင်ငံ စာကြည့်တိုက်များအတွက် စာအုပ် စာစောင်များ ဖြန့်ချိမှုအဖွဲ့ (TRC) တို့ ပူးပေါင်း၍ ဂျပန်နိုင်ငံရှိ စာကြည့်တိုက်များ၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် စာကြည့်တိုက်တာဝန်ခံတစ်ဦး၏ လုပ်ငန်းအတွေ့အကြုံများအား မျှဝေခြင်း ဆွေးနွေးပွဲကို ယနေ့ မွန်းလွဲ ၁ နာရီတွင် အွန်လိုင်းစနစ်ဖြင့် ကျင်းပသည်။

အဆိုပါ ဆွေးနွေးပွဲတွင် Higashi Kasai Library နှင့် Shinozaki Children Library တို့တွင် စာကြည့်တိုက်တာဝန်ခံအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ Mr. Kashiwabara Hirokazu က ဂျပန်နိုင်ငံရှိ စာကြည့်တိုက်များအကြောင်း၊ မြို့နယ်အတွင်းရှိ စာကြည့်တိုက်များအချင်းချင်း ချိတ်ဆက်ဆောင်ရွက်မှု၊ စာကြည့်တိုက်မော်တော်ယာဉ်ဖြင့် စာကြည့်တိုက်တစ်တိုက်ချင်းစီသို့ နေ့စဉ်စာအုပ်များ လဲလှယ်ပေးမှု၊ စာကြည့်တိုက်တွင် စာအုပ်များ ထိန်းသိမ်းခြင်း၊ ထားသိုခြင်း၊ ပြုပြင်ခြင်း လုပ်ငန်းများဆောင်ရွက်မှု၊ စာကြည့်တိုက်ဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုများနှင့် အုပ်ချုပ်မှုဆိုင်ရာများကို အကျယ်တဝင့်ဆွေးနွေးမျှဝေသည်။



ယင်းနောက် ဆွေးနွေးပွဲတက်ရောက်သူများက သိလိုသည်များကိုမေးမြန်းရာ Mr. Kashiwabara Hirokazu က ပြန်လည်ဖြေကြားသည်။ အဆိုပါ ဆွေးနွေးပွဲသို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှ အရာထမ်း ၇၁ ဦးနှင့် ဂျပန်နိုင်ငံ စာကြည့်တိုက်များအတွက် စာအုပ်စာစောင်များ ဖြန့်ချိမှုအဖွဲ့(TRC)မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ ဂျပန်နိုင်ငံရှိ ကလေးစာကြည့်တိုက်များ၏ လုပ်ငန်းဆောင်ရွက်မှုများကိုလည်း ဖေဖော်ဝါရီလ ၁၈ ရက်တွင် ထပ်မံတွေ့ဆုံ၍ မျှဝေဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

**ဆန်းဝင်း(ပြန်/ဆက်)**

# ချင်းပြည်နယ် ပလက်ဝမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလမ်းများဖောက်လုပ်

**နေပြည်တော် ဖေဖော်ဝါရီ ၄**
နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပလက်ဝမြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုး တိုးတက်ရေး(ပြည်ထောင်စု) ရန်ပုံငွေဖြင့် ချင်းပြည်နယ် ပလက်ဝမြို့နယ်အတွင်း ငွေကျပ် ၁၁၈ ဒသမ ၄၀၈ သန်းဖြင့် ဆင်အိုးဝ-ကန့်လာဝလမ်း မိုင် ၂၀ တွင် သုံးမိုင်အား လမ်းမျက်နှာ ပြင်အကျယ် ၂၆ ပေ၊ လမ်းဘေးရေနုတ်မြောင်း သုံးပေအပါအဝင် စုစုပေါင်း ၂၉ ပေအကျယ် ဖောက်လုပ်ခြင်းလုပ်ငန်းမှာ ယခုအခါ ၆၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလမ်း ဖောက်လုပ်ပြီးစီးပါက ဒေသတစ်ခုမှ တစ်ခုသို့ လွယ်ကူစွာသွားလာနိုင်မည်ဖြစ်ပြီး ကျေးရွာအုပ်စု ၁၁ စု၏ လူမှုစီးပွားဘဝများစွာ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

နယ်စပ်ရေးရာဝန်ကြီးဌာနမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ( ပြည်ထောင်စု/ ပြည်နယ်) ခွင့်ပြုရန်ပုံငွေကျပ် ၂၈၆၈ ဒသမ ၅ သန်းဖြင့် ပလက်ဝမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း ချင်းပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး (ဟားခါး) မှ သိရသည်။

**ဟန်လင်းနိုင်**

# စည်းလုံးစေတာ မြန်မာ့အသံ

မနုဿကျော်ဝင်း
(အမျိုးသားစာပေဆုရ)



မြန်မာ့အသံနှင့် မိမိသည် မွေးသက္ကရာဇ်ချင်း တူညီကြ၏။ ထို့ကြောင့် အသက်ချင်းလည်း တူညီကြသည်။ မိမိအသက် ၇၅ နှစ်ရှိလာချိန်တွင် မြန်မာ့အသံကလည်း စိန်ရတုနှစ်သို့ ရောက်ပြီဖြစ်၏။ မိမိတို့ ငယ်ငယ်တုန်းက အိမ်တွင် နေ့စဉ်နားထောင်ခဲ့ရသည်ကတော့ ရေဒီယိုဖြစ်သည်။ အခြားဖျော်ဖြေမှုပစ္စည်းဟူ၍ ဓာတ်စက်တစ်လုံးရှိသော်လည်း တစ်ပတ်လျှင် တစ်ကြိမ်လောက်သာ နားထောင်ဖြစ်ကြ၏။ ရေဒီယိုသံကို နေ့စဉ်ကြားနေရသော်လည်း ထိုအသံ ဘယ်ကလာမှန်းမသိခဲ့ရ။ အလယ်တန်းကျောင်းသားဘဝဖြင့် ရန်ကုန်၌ ကျောင်းလာနေသည့်အခါတွင်မှ ရေဒီယိုအသံ၏ မူလဇာစ်မြစ်နေရာကို သိရှိရတော့၏။ အသံလွှင့်ရုံဆိုသော အဆောက်အအုံကြီးကိုလည်း အပြင်ဘက်မှ စတင်မြင်ဖူးခဲ့ရ၏။

ကျွန်တော်ပညာဆည်းပူးနေသော မြင့်မြန်မာအထက်တန်းကျောင်းမှ အလယ်တန်းကျောင်းသားတစ်ဦးဖြစ်သူ မောင်ကျော်လင်းဆိုသူကို ကျပန်းစကားပြောခြင်း၊ ဉာဏ်စမ်းပဟေဠိဖြေဆိုခြင်းတို့၌ မြန်မာ့အသံက မကြာခဏ ပွဲထုတ်လေ့ရှိခဲ့၏။ ထို့ကြောင့် မောင်ကျော်လင်းသည် မိမိတို့ကျောင်းတွင် အလွန်လူသိများ ထင်ရှားသော ကျောင်းသားတစ်ဦးဖြစ်၏။ သူနှင့် သိကျွမ်းခင်မင်လိုသည့် ကျောင်းသား ကျောင်းသူ အမြောက်အမြားရှိခဲ့ရာ မိမိသည်လည်း တစ်ဦးအပါအဝင်ဖြစ်၏။

**အလှည့်ကျတာဝန်ယူ**

မြန်မာ့အသံနှင့် မိမိ ထဲထဲဝင်ဝင်စတင်ရင်းနှီးခဲ့ရသည်ကတော့ ၁၉၇၂ ခုနှစ်တွင် ဖြစ်၏။ ထိုစဉ်က မြန်မာ့အသံအစီအစဉ်တွင် "ယဉ်ကျေးမှုအနုပညာ" ဟူသော ကဏ္ဍတစ်ခုပါရှိလာ၏။ ယင်းအစီအစဉ်အတွက် ယဉ်ကျေးမှုဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ အရာထမ်းများက ခွဲတမ်းဖြင့် အလှည့်ကျတာဝန်ယူ အသံလွှင့်ကြရမည်ဖြစ်၏။ အသံလွှင့်ရန် တာဝန်ကျသူ အရာရှိသည် မိမိဟောပြောအသံလွှင့်မည့် စာတမ်းကို ဦးစွာရေးသားရ၏။ ထို့နောက် အထက်အဆင့်ဆင့်သို့ တင်ပြပြီး သဘောတူညီခွင့်ပြုချက်ရလျှင် အသံလွှင့်ဦးစီးဌာနသို့ ထိုစာတမ်းကို ပေးပို့ရ၏။ မြန်မာ့အသံကလည်း ထိုစာတမ်းကို အထက်အဆင့်ဆင့်သို့ တင်ပြပြီးခွင့်ပြုချက်ရလျှင် အသံလွှင့်မည့်သူကို အကြောင်းကြားကာ ရက်ချိန်းပေး၏။

ထိုစဉ်က "သိပ္ပံပညာသိကောင်းစရာ" ဟူသော ကဏ္ဍတစ်ခုကိုလည်း မြန်မာ့အသံမှ တစ်လလျှင် နှစ်ကြိမ် ထုတ်လွှင့်လျက်ရှိ၏။ ထိုကဏ္ဍကို ပုံမှန်ဒိုင်ခံအသံလွှင့်နေသူမှာ နိုင်ငံကျော်သိပ္ပံစာရေးဆရာ သိပ္ပံမှူးတင် ဖြစ်၏။ ဆရာသည် စာရေးကောင်းသလို စကားပြောလည်း အလွန်ကောင်း၏။ စာသင်ကျောင်းများနှင့် မြို့နယ်ရပ်ကွက်များ၏ စာပေဟောပြောပွဲဖိတ်ကြားမှုကို မကြာခဏခံနေရသူဖြစ်၏။

မြန်မာ့အသံက အပတ်စဉ်ထုတ်လွှင့်လျက်ရှိသော သိပ္ပံပညာသိကောင်းစရာကဏ္ဍမှာလည်း လူကြိုက်များ၏။ ဆရာသိပ္ပံမှူးတင်သည် အသံသြဇာကောင်း၏။ သူ့စာတွေက ချောသဖြင့် သူ့အဟောအပြောကလည်း လှသည်။ ဟောပြောသည့်အကြောင်းအရာနှင့် ဦးတည်ရည်ရွယ်ချက်တို့ကလည်း ကောင်းမွန်သဖြင့် ဆရာသိပ္ပံမှူးတင်၏ ဟောပြောချက်တို့ အလွန်ပင်အောင်မြင်၍ လူကြိုက်များ၏။ မိမိသည် အလွန်အားကျခြင်း ဖြစ်မိရကား ဆရာ့လို ထင်ရှားကျော်ကြားအောင်မြင်ရန် ကြိုးပမ်းအားထုတ်မည်ဟု အားခဲထား၏။

မိမိအသံသွင်းရမည့်နေ့သို့ ရောက်လာသောအခါ ချိန်းဆိုထားသည့်အချိန်ထက် တစ်နာရီခန့်စော၍ ရောက်ရှိရန် သွားရောက်၏။ ပြည်လမ်းမကြီးပေါ်မှ ဖြတ်၍ မော်တော်ကားစီးသည့်အခါတိုင်း မြန်မာ့အသံအဆောက်အအုံကြီးကို မကြာခဏ တွေ့မြင်ခဲ့ရဖူးသော်လည်း ဝင်းခြံအတွင်းသို့ တစ်ကြိမ်တစ်ခါမျှ မရောက်ဖူးခဲ့ပါ။ ယခုတော့ ဝင်းခြံအတွင်းသို့သာမက အဆောက်အအုံအတွင်းသို့လည်း ရောက်ဖူးရတော့မည်။ ကိုယ်တိုင်အသံလွှင့်ရန်အတွက် အသံသွင်းရတော့မည်။ ဤအသိကြောင့် ပီတိဖြစ်နေသလို ရင်လည်းခုန်နေ၏။ လုံခြုံရေးတင်းကျပ်သောနေရာဌာနဖြစ်၍ အဆင့်ဆင့် အစစ်ဆေးခံပြီးမှ ဝင်ခွင့်လည်ဆွဲကတ်ပြားရရှိ၏။

**စတူဒီယိုတစ်ခန်းလုံးအေးစိမ့်နေ**

ရုံးခန်းသို့ရောက်ရှိသောအခါ တာဝန်ရှိသူတို့က နွေးနွေးထွေးထွေး ကြိုဆိုကြ၏။ အစီအစဉ်မှူးဆိုသူက လုပ်ဆောင်ရမည့်အစီအစဉ်များကို ပြောပြ၏။ ထို့နောက် အသံသွင်းရမည့် စတူဒီယိုသို့ ခေါ်ဆောင်သွားခဲ့သည်။ လေအေးစက်များဖွင့်ထားသဖြင့် စတူဒီယိုတစ်ခန်းလုံး အေးစိမ့်နေ၏။ ဟောပြောအသံလွှင့်မည့် မိမိနှင့် အစီအစဉ်မှူး အသံဖမ်းမည့်အခန်းတို့သည် မှန်ချပ်နံရံခြားထားသဖြင့် တိုးလျှိုပေါက်မြင်နေရ၏။

"ဒီမှန်ချပ်နံရံကြီးရဲ့ ထိပ်တည့်တည့်အလယ်ကွက်မှာ အွန်အဲယား (On Air) ဆိုတဲ့စာလုံး မီးလင်းလာရင် ဆရာဦးကျော်ဝင်း စပြီးပြောပေတော့။ တစ်ခုခုအမှားအယွင်းရှိလို့ ခဏရပ်ချင်ရင် လက်ထောင်ပြလိုက်ပါ"။

အစီအစဉ်မှူးက လိုအပ်သည်များကို ပြောပြပြီး အသံဖမ်းစက်ရှိရာအခန်းသို့ ပြန်ထွက်သွား၏။ မကြာမီပင် အွန်အဲယားဟူသောစာလုံးကြီး လင်းခနဲပေါ်လာ၏။ မိမိသည် ရင်တထိတ်ထိတ်ဖြင့် ဟောပြောချက်စာတမ်းကို စတင်ဖတ်ကြား၏။ စကားပြောဖြင့် ရေးသားထားသော စာတမ်းဖြစ်၍စကားပြောနေသလိုအသံထွက်ပေါ်လာသည်။ အဖြတ်အတောက် အမှတ်အသားများကို ကြိုတင်ပြုလုပ်ထားသဖြင့် အသံနေအသံထားကျကျ ဖတ်ကြားသွားနိုင်၏။ "ယခုမိမိသည် တိုက်ရိုက်အသံလွှင့်နေခြင်းမဟုတ်။ အသံသွင်းနေခြင်းသာဖြစ်သည်။ အပြောမှားလျှင် ချက်ချင်း ပြင်ဆင်နိုင်သည်" ဟူသော အသိတရားကြောင့် အလွန်အမင်း ထိတ်လန့်ခြင်းမဖြစ်တော့။ ရင်ခုန်နေသော်လည်း အသံမတုန်ပါ။ ၁၂ မိနစ်ခန့်အကြာ၌ အသံသွင်းခြင်းလုပ်ငန်းလုံးဝပြီးစီးသွား၏။ ရင်ထဲမှအလုံးကြီး ကျသွားရပါပြီ။ အစီအစဉ်မှူးက ခေါ်ဆောင်သဖြင့် သူ၏ရုံးခန်းသို့ လိုက်ပါသွားရ၏။ ထိုရုံးခန်းတွင်ရှိသော ရီကော်ဒါကြီးတစ်လုံးဖြင့် အသံသွင်းကြိုးခွေကို ပြန်ဖွင့်နားထောင်ကြ၏။ ပြီးစီးသောအခါ-

"ခင်ဗျားတော်တယ်ဗျာ၊ ပထမဆုံးအကြိမ် အတွေ့အကြုံဖြစ်ပေမယ့် လုံးဝအမှားအယွင်းမရှိဘူး၊ အချိန်ကလည်းကွက်တိပဲ၊ အသံသြဇာရှိတယ်၊ ပြောစကားတွေကလည်းရှင်းလင်းပြတ်သားတယ်။ လာမယ့် စနေနေ့ ညနေ ၆ နာရီ ၄၅ မိနစ်မှာ စောင့်ပြီးနားထောင်ပေတော့။ ဒုတိယအကြိမ်ကိုတော့ နောက်တစ်ပတ် အင်္ဂါနေ့ နေ့လယ် ၁၁ နာရီ ၁၅ မိနစ်မှာ ပြန်လွှင့်လိမ့်မယ်" . . . အစီအစဉ်မှူးက ပြောကြားလိုက်ခြင်းဖြစ်၏။

ဈေးဦးပေါက်ကောင်းခဲ့သော မိမိ၏ အသံလွှင့်လုပ်ငန်းသည် နောက်ပိုင်း အသံလွှင့်လုပ်ငန်းများအတွက်လည်း အဆင်ချောစေခဲ့၏။ နောက်ပိုင်းတွင် ယဉ်ကျေးမှုအနုပညာအစီအစဉ်များအတွက် ဌာနက မိမိကိုသာ စေလွှတ်ဆောင်ရွက်စေခဲ့သည်များ၏။ သို့ဖြင့် မြန်မာ့အသံသို့ မကြာခဏ ရောက်ရှိခဲ့ရလေတော့သည်။ ယခင်က အသံကိုသာကြားရပြီး လူကိုမမြင်ဖူးခဲ့သော မြန်မာ့အသံဝိုင်းတော်သားပညာရှင်ကြီးများကိုလည်း မြင်တွေ့သိကျွမ်းရင်းနှီးခဲ့ရ၏။ မိမိကိုယ်တိုင်လည်း မထင်မှတ်ဘဲ မြန်မာ့အသံ၏ ဝိုင်းတော်သားတစ်ဦး ဖြစ်လာခဲ့ရလေသည်။

**အံ့ချီးဖွယ်ရာပင်**

မြန်မာ့အသံတွင် တာဝန်ထမ်းဆောင်လျက်ရှိကြသော ပညာရှင်ဝန်ထမ်းအချို့၏ စွမ်းပကားသည်ကား အံ့ချီးဖွယ်ရာပင် ဖြစ်တော့သည်။ တစ်ကြိမ်တွင် မိမိအသံသွင်းနေစဉ် အပြောတစ်ချက် မှားယွင်းသွားခဲ့ရ၏။ ပြောဆိုနေသူ မိမိကိုယ်တိုင် သတိမထားလိုက်မိသလို တစ်ဖက်ခန်းတွင် အသံဖမ်းနေသူ အစီအစဉ်မှူးကလည်း သတိမမူမိခဲ့ချေ။ ရုံးခန်းတွင် ထိုတိတ်ခွေကို ပြန်လည်နားထောင်ကြည့်မိတော့မှ မျက်ဖြူဆိုက်ရလေတော့သည်။ တိုင်းရင်းသားလူမျိုးတစ်မျိုး၏ အသုဘဓလေ့အကြောင်း ဟောပြောခြင်းဖြစ်ရာ "တစ်နှစ်ခန့်ကြာလို့ အလောင်းကနေ အရိုးများကျတဲ့အခါ" ဟူသည့် စကားစုအစား "တစ်နှစ်ခန့်ကြာလို့ အရိုးကနေ အလောင်းများကျတဲ့အခါ" ဟု မှားယွင်းပြောကြားမိကြောင်း စစ်ဆေးတွေ့ရှိရ၏။ မိမိအလွန်ပင် စိတ်ပျက်စိတ်ညစ်သွားမိရ၏။ သို့ရာတွင် အစီအစဉ်မှူးက "ဘာမှစိတ်မညစ်ပါနဲ့ဗျာ၊ ဒါမျိုးဖြစ်တတ်ပါတယ်။ ကဲ-အေးအေးဆေးဆေးသာ ပြန်သွားပါ။ လာမယ့် စနေနေ့ ညနေ ၆ နာရီ ၄၅ မိနစ်မှာ ခါတိုင်းလိုပဲ နားထောင်ကြည့်လိုက်ရင် ဦးကျော်ဝင်း စိတ်ချမ်းသာသွားမှာပါ"။

ဟုတ်ပါ၏။ သူပြောလိုက်သည့်အတိုင်းပင် စိတ်ချမ်းသာသွားရပါ၏။ မှားယွင်းသွားခဲ့သော အပိုဒ်ကို နားထောင်ကြည့်သည့်အခါ "တစ်နှစ်ခန့်ကြာလို့ အရိုးများကျတဲ့အခါ" ဟု ပြင်ဆင်ပြီးသားဖြစ်နေကြောင်း ကြားနာသိရှိရ၏။ အစီအစဉ်မှူးနှင့် ပြန်တွေ့၍ ကျိုးကြောင်းမေးကြည့်သောအခါ "ဒါကမခက်ပါဘူးဗျာ၊ အရိုးများက အလောင်းများ ကျတဲ့အခါဆိုတဲ့စကားထဲမှာ အလောင်းဆိုတာကို ကတ်ကြေးနဲ့ ဖြတ်ထုတ်လိုက်တာပါပဲ"ဟု ခပ်အေးအေးပင် ရှင်းပြခဲ့၏။ ထိုအလုပ်သည် အလွန်လွယ်ကူသလို မှတ်ထင်ရသော်လည်း အလွန်ပညာသားပါလှကြောင်း မိမိအကဲခတ်နားလည်မိခဲ့ရပါ၏။ မြန်မာ့အသံသည် မြန်မာပြည်တွင် ရုပ်မြင်သံကြားမထုတ်လွှင့်နိုင်မီ နှစ်ပေါင်းများစွာကာလကတည်းက ပြည်သူတို့၏ သောတအာရုံတစ်ခုတည်းကိုသာအားပြုကာ ဖျော်ဖြေတင်ဆက်မှုများကို စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ပေရာ အလွန်ပင် အံ့သြချီးကျူးဖွယ်ရာကောင်းလှသည်ဟု ထောမနာပြုသင့်လှပါ၏။

**မျက်မြင်ကိုယ်တွေ့ လေ့လာမှတ်တမ်းတင်ရ**

မိမိသည် လုပ်ငန်းသဘာဝအရ ထိုစဉ်က နာဂတောင်တန်းဒေသသို့ ကွင်းဆင်းသုတေသနပြုခဲ့ရသည်။ ဒေသခံတိုင်းရင်းသားမျိုးနွယ်များ၏ မွေးဖွားချိန်မှ သေဆုံးချိန်အထိ နေထိုင်စားသောက်ပုံ၊ ဝတ်စားဆင်ယင်ထုံးဖွဲ့ပုံ၊ ရိုးရာဓလေ့ထုံးစံများ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ လက်မှုအနုပညာနှင့် အနုသုခုမပညာ စသည့်ကဏ္ဍများအကြောင်း မျက်မြင်ကိုယ်တွေ့ လေ့လာမှတ်တမ်းတင်ရသည်။ ထိုအချိန်၌ ခရီးဆောင်ကက်ဆက်ငယ်များပေါ်နေပြီဖြစ်ရာ ဒေသခံတိုင်းရင်းသားတို့၏ စကားပုံ စကားထာများ၊ ရိုးရာတေးသီချင်းများနှင့် ပုံပြင်များအကြောင်း အသံသွင်းမှတ်တမ်းတင်ခဲ့၏။ မြန်မာ့အသံနှင့် ထဲထဲဝင်ဝင် ဆက်ဆံမှုရှိနေပြီဖြစ်သော မိမိသည် တောင်ပေါ်ဒေသမှ အသံသွင်းယူလာခဲ့သည်များကို အလကားမထားဘဲ အသုံးချ၏။ ယဉ်ကျေးမှုအနုပညာအစီအစဉ်တွင် မိမိအလှည့်ကျသောအခါ ဒေသခံတိုင်းရင်းသားတို့၏ ရိုးရာတေးသီချင်းများကို မကြာခဏ အသံလွှင့်ပေးခဲ့၏။ သူတို့၏ လုပ်ငန်းခွင်တေးသီချင်း၊ ရိုးရာတေးသီချင်းများအကြောင်းကို သီချင်းစာသား၏အဓိပ္ပာယ်၊ မည်သည့်နေရာတွင် မည်သူတို့က သီဆိုထားခြင်းဖြစ်ကြောင်း မိမိက ပြောဆိုရှင်းပြပြီးမှ သီချင်းသံကို တင်ဆက်ခြင်းဖြစ်၏။ တန်ကွန်နာဂ၊ ပါရာနာဂ၊ မကူရီနာဂနှင့် ကူကီး (ခေါ်) ခေါင်ဆိုင်ချင်းတို့၏ တေးသီချင်းများကို အသံလွှင့်ပေးခဲ့ခြင်းဖြစ်၏။ အသံလွှင့်မည့်နေ့ရက်နှင့် အချိန်နာရီကိုလည်း သက်ဆိုင်ရာဒေသသို့ ကြိုတင်အကြောင်းကြား၏။ ယင်းလုပ်ဆောင်ချက်၏ ရလဒ်သည်ကား "သူတို့သိပ်ဝမ်းသာကြတယ်၊ တချို့ဆိုရင် သီချင်းသံကို နားထောင်နေရင်း ပျော်လွန်းလို့ ကခုန်နေကြတယ်။ သူတို့ကိုယ်တိုင်သီဆိုထားတဲ့ သီချင်းသံကို ရေဒီယိုထဲမှာ ပြန်ကြားကြရတော့ အံ့လည်းအံ့သြတယ်၊ ဝမ်းလည်းဝမ်းသာကြတယ်၊ သိပ်ပြီးတော့လည်း ဂုဏ်ယူကြပါတယ်ဆရာ"

ဟူသော ပြန်ကြားချက်မျိုးတွေကို မြောက်မြားစွာ လက်ခံရရှိခဲ့လေသည်။ မိမိ၏ စိတ်ထဲ၌မူ "ဒါဟာ မြန်မာ့အသံက တိုင်းရင်းသားတွေကို ညီညွတ်စည်းလုံးစေတာပဲ" ဟု မှတ်ချက်ချရင်း ကြည်နူးကျေနပ်နေမိလေသည်။

**မကြာမီပင် အွန်အဲယားဟူသောစာလုံးကြီး လင်းခနဲပေါ်လာ၏။ မိမိသည် ရင်တထိတ်ထိတ်ဖြင့် ဟောပြောချက်စာတမ်းကို စတင်ဖတ်ကြား၏။ စကားပြောဖြင့် ရေးသားထားသော စာတမ်း ဖြစ်၍ စကားပြောနေသလို အသံထွက်ပေါ်လာသည်။ အဖြတ် အတောက် အမှတ်အသားများကို ကြိုတင်ပြုလုပ်ထားသဖြင့် အသံနေအသံထားကျကျ ဖတ်ကြားသွားနိုင်၏။**

# နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို ဖူးမြော်ကြည်ညို



**နေပြည်တော်  ဖေဖော်ဝါရီ ၄**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုသည် ယနေ့ မွန်းလွဲ ၂ နာရီက အမြဲတမ်းအတွင်းဝန် ဦးထွန်းအုံ၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညို၍ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်သည်။

ထို့နောက် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ တည်ထားကိုးကွယ်မှုဆိုင်ရာ သမိုင်းကြောင်းများနှင့် စေတီတော်ကြီး ဘက်စုံပြုပြင်မွမ်းမံပြီးစီးမှုများကို ဂေါပကအဖွဲ့က ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်ပြောကြားပြီး ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား ရဟန်း၊ ရှင်၊ လူ ပြည်သူအများ ဖူးမြော်ကြည်ညိုခွင့်ရရှိနိုင်ရေး စေတီတော်ပြန်လည်ဖွင့်လှစ်ရာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်၊ တားဆီး၊ ကာကွယ်ရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်သွားရန် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့အား မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာကဏ္ဍနှင့် သတ္တုရေးရာကဏ္ဍဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**နေပြည်တော်  ဖေဖော်ဝါရီ ၄**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာကဏ္ဍနှင့် သတ္တုရေးရာကဏ္ဍဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ Virtual Online စနစ်ဖြင့် ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ အမြဲတမ်းအတွင်းဝန် ဦးမင်းမင်းဦး၊ ဌာန/လုပ်ငန်းဆိုင်ရာ အကြီးအကဲများ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အထွေထွေမန်နေဂျာများက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန COVID-19 ကာကွယ်ရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ တက်ရောက်ကြပြီး တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ ဌာန/ လုပ်ငန်းတာဝန်ခံများက Virtual Online စနစ်ဖြင့် တက်ရောက်ကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက အဖွင့်အမှာစကား ပြောကြားရာတွင် ပြီးခဲ့သည့် ဖေဖော်ဝါရီ ၁ ရက်တွင် နိုင်ငံတော်ကို အရေးပေါ်အခြေအနေကြေညာပြီး နိုင်ငံတော်၏ အာဏာအရပ်ရပ်ကို တပ်မတော်က တာဝန်ယူပြီးသည့်နောက် လုပ်ငန်းများဆောင်ရွက်ရာတွင် မိမိတို့ဦးစီးဌာန၊ လုပ်ငန်း၊ တက္ကသိုလ်တို့အလိုက် ရည်မှန်းချက်တာဝန်များကို လက်ရှိနိုင်ငံတော်အစိုးရ၏ ဦးဆောင်လမ်းညွှန်မှုနှင့်အညီ အောင်မြင်အောင် အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ကာလတို၊ ကာလလတ်၊ ကာလရှည်ကဏ္ဍအလိုက် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ COVID-19 ရောဂါ ဖြစ်ပွားမှုကြောင့် ဆောင်ရွက်မှုလုပ်ငန်းများ အရှိန်အဟုန် နှောင့်နှေးစေခဲ့ပါကြောင်း၊ ဒီအခြေအနေကြောင့်လည်း ပြည်သူများ ထိခိုက်ခံစားခဲ့ရပါကြောင်း၊ ထို့ကြောင့် COVID-19 ဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ အရှိန်အဟုန်ဖြင့် ပြန်လည်ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ ယခုကဲ့သို့ဆောင်ရွက်ခြင်းသည် နိုင်ငံတော်နှင့် ပြည်သူပြည်သားများအပေါ် ထိခိုက်ခံစားနေရမှုမှ အမြန်ဆုံး ပြန်လည်တိုးတက်ကောင်းမွန်စေရန် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့ပြင် သစ်တောကဏ္ဍနှင့်ပတ်သက်၍ မြန်မာ့သစ်တောမူဝါဒနှင့် နှစ်(၃၀)အမျိုးသား သစ်တောကဏ္ဍ ပင်မစီမံကိန်းနှင့်အညီ လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်ရန်၊ သစ်တောပြုစုထိန်းသိမ်းရေး၊ ဂေဟစနစ်နှင့် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးလုပ်ငန်းများကို အရှိန်ဟုန်ဖြင့် ဆက်လက်ဆောင်ရွက်ရန်တို့အတွက် ကြိုးဝိုင်း/ ကြိုးပြင်ကာကွယ်တောများနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ တိုးချဲ့ဖွဲ့စည်းခြင်း၊ မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ရေးစီမံကိန်းကို အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊ ခရိုင်သစ်တောအုပ်ချုပ်လုပ်ကိုင်မှု (၁၀)နှစ် စီမံကိန်းကို အကောင်အထည် ဖော်ဆောင်ရွက်ခြင်း၊ တောရိုင်းတိရစ္ဆာန်များအတွက် နေရင်းဒေသများ ပြန်လည်တည်ထောင်ခြင်းလုပ်ငန်းအစီအစဉ်တို့ကို ပိုမိုတိုးတက်အောင် ဆောင်ရွက်သွားကြရန်လည်း တိုက်တွန်းလိုပါကြောင်း၊ ထို့အပြင် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများဖြစ်သည့် စ.ထ.ထ.ရ လုပ်ငန်းစဉ် (၄) ရပ်ကိုလည်း အရှိန်အဟုန်ဖြင့် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ဆက်လက်ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ပတ်သက်၍ မြန်မာနိုင်ငံ အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ၊ မြန်မာနိုင်ငံ ရာသီဥတုပြောင်းလဲမှုဆိုင်ရာမူဝါဒ၊ မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်၊ အမျိုးသားအဆင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်တို့ကို ထုတ်ပြန်ထားရှိခဲ့ပြီးဖြစ်သည့်အတွက် အကောင်အထည်ဖော်ဆောင်ရွက်သွားရန် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာနကို နှစ်အလိုက်စီမံချက်ချမှတ်၍ မြို့နယ်အဆင့်ထိ ရုံးများတိုးချဲ့ ဖွဲ့စည်းသွားရန်၊ အစိမ်းရောင်စီးပွားရေးမူဝါဒ မူဘောင်ကိုလည်း ထုတ်ပြန်နိုင်ရေးအတွက် ဆောင်ရွက်သွားရန် တိုက်တွန်းလိုပါကြောင်း၊ လေအရည်အသွေး၊ ရေအရည်အသွေးများကိုလည်း နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်များရှိ မြို့ကြီးများတွင် စစ်ဆေးထုတ်ပြန်ပေးရန် လိုအပ်ပါကြောင်း၊ ထို့အပြင် Sustainable Natural Resources Management Strategy ကိုလည်း ထုတ်ပြန်နိုင်ရေးအတွက် အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းအစီရင်ခံစာ၊ ကနဦးပတ်ဝန်းကျင် ဆန်းစစ်မှုအစီရင်ခံစာ၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်များကိုလည်း မှန်ကန်တိကျမြန်ဆန်စွာ စိစစ်ဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုပါကြောင်း၊ အမျိုးသားပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာဗဟိုကော်မတီကိုလည်း ပြန်လည်ဖွဲ့စည်းနိုင်ရေး ဆောင်ရွက်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

**တိုက်တွန်း**

သစ်ထုတ်လုပ်ရာတွင်လည်း သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိအောင် ပြဋ္ဌာန်းထားသည့် လုပ်ထုံးလုပ်နည်း၊ နည်းစနစ်များနှင့်အညီ ဆောင်ရွက်ရန်နှင့် သတ်မှတ်ထားသည့် လျာထားဝင်ငွေရရှိရေး အရှိန်အဟုန်ဖြင့် ဆောင်ရွက်ရန် တိုက်တွန်းလိုပါကြောင်း၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်မှ ဘွဲ့ရရှိသူများကလည်း နိုင်ငံတကာတက္ကသိုလ်ကြီးများတွင် မဟာသိပ္ပံဘွဲ့၊ ပါရဂူဘွဲ့ရရှိခဲ့သူများစွာရှိခဲ့ခြင်းကြောင့် အရည်အသွေးမြင့်မားသည့် ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများ မွေးထုတ်နိုင်ခဲ့သည့်အစဉ်လာကောင်းကိုလည်း ဆက်လက်ထိန်းသိမ်းသွားကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားခဲ့သည်။

သတ္တုကဏ္ဍနှင့်ပတ်သက်၍ တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း၊ Responsible Mining ဖြစ်အောင် ဆောင်ရွက်ရန်နှင့် ယင်းသို့ ဖြစ်စေရန်အတွက် ပတ်ဝန်းကျင် ထိခိုက်ပျက်စီးစေမှု၊ လူမှုရေးဆိုင်ရာ ထိခိုက်ပျက်စီးစေမှုများ မရှိစေရေး၊ စီမံခန့်ခွဲမှု ကောင်းမွန်ခြင်းတို့ကို အလေးထား လိုက်နာဆောင်ရွက်စေရေး၊ ဈေးကွက်ရရှိရေး၊ လက်ရာအဆင့်အတန်းမြင့် အချောထည်များ ထုတ်လုပ်တင်ပို့နိုင်ရေး၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းကမ်းများ လိုက်နာစေရေး၊ Mining Closure Plan ကို စနစ်တကျရေးဆွဲပြီး အမှန်တကယ် လိုက်နာဆောင်ရွက်စေရေး၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း လုပ်ထုံးလုပ်နည်း သတ်မှတ်ချက်များ လိုက်နာစေရေး၊ COVID-19 ဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ကျောက်မျက်ရတနာပြပွဲများ စနစ်တကျဆောင်ရွက်နိုင်ရေး၊ ကျောက်မျက်/သတ္တုလုပ်ကွက်များအား သတ်မှတ်စည်းကမ်းလိုက်နာမှု ရှိ/မရှိ စစ်ဆေးကြပ်မတ်သည့်စနစ် ပီပြင်အားကောင်းအောင် ဆောင်ရွက်ရေးတို့ကို အလေးထား ဆောင်ရွက်ရန်ပြောကြားခဲ့သည်။

ဆက်လက်၍ ဌာန/လုပ်ငန်းဆိုင်ရာ အကြီးအကဲများက ကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိဂုံးချုပ်အနေဖြင့် ပြည်ထောင်စုဝန်ကြီးက မိမိတို့ ဌာန၊ လုပ်ငန်း၊ တက္ကသိုလ်တို့၏ လုပ်ငန်းစဉ်များကို အကောင်းဆုံး ကြိုးစားဆောင်ရွက်ပေးစေလိုပါကြောင်း၊ မိမိတို့ ဝန်ကြီးဌာနအနေဖြင့် သစ်တောသယံဇာတ ထိန်းသိမ်းကာကွယ်ရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးတို့သည် ကမ္ဘာကြီးနှင့် လူသားအားလုံးအတွက် အထူးအရေးကြီးပါကြောင်း၊ မိမိအနေဖြင့်လည်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာကဏ္ဍဆိုင်ရာ အမြဲတမ်းအတွင်းဝန်အဖြစ်မှ ပြည်ထောင်စုဝန်ကြီးအဖြစ် တာဝန်ပေးအပ်ခြင်းခံရသည့်အတွက် ယခုကဏ္ဍ၏ အရေးကြီးပုံကို သိရှိပါကြောင်း၊ ယခုကဏ္ဍတွင် တာဝန်ထမ်းဆောင်နေသူများသည် သစ်တောများ၏ တန်ဖိုးကို သိရှိပြီး ချစ်မြတ်နိုးသူများ၊ ပတ်ဝန်းကျင်ချစ်သူများဖြစ်သည်ကို ကိုယ်တွေ့သိရှိခဲ့ရသည့်အတွက် အောင်မြင်စွာ ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ မိမိအပိုင်းကလည်း ပြည်ထောင်စုဝန်ကြီး တစ်ဦးအနေဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာကဏ္ဍ၊ သတ္တုရေးရာကဏ္ဍတို့မှ ဌာနအကြီးအကဲများ၊ အရာထမ်း/အမှုထမ်းများ အားလုံးတို့နှင့် စုပေါင်း၍ Team Work ဖြင့် ယခု (၁) နှစ်တာအတွင်း အောင်မြင်အောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ညောင်ဦးမြို့နယ် ပနီတွင်းကျေးရွာ၌ သောက်သုံးရေ အခက်ကြုံနေသည့် ဒေသခံပြည်သူများအား သောက်သုံးရေဖူလုံစေရေး သွားရောက်လှူဒါန်း

**ညောင်ဦး  ဖေဖော်ဝါရီ ၄**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပနီတွင်းကျေးရွာ၌ ဒေသခံကျေးလက်နေပြည်သူများ သောက်သုံးရေ အခက်ကြုံတွေ့နေရကြောင်း သိရ၍ ယနေ့နံနက်ပိုင်းက ညောင်ဦးမြို့နယ် တောင်ဇင်းနယ်မြေ မီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များက ရေသယ်ယာဉ်တစ်စီးဖြင့် သောက်သုံးရေများ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ပွင့်လင်းရာသီရောက်ရှိလာချိန်တွင် ညောင်ဦးမြို့နယ်အတွင်းရှိ အညာကျေးလက်ဒေသများတွင် မြေသားမိုးရေလှောင်ကန်များတွင် မိုးရေဝင်ရောက်မှုလျော့နည်းခဲ့သည့်အတွက် ဒေသခံပြည်သူများ ဆောလျင်စွာ သောက်သုံးရေရှားပါးမှုနှင့် ရင်ဆိုင်ကြုံတွေ့နေရကြောင်း သိရသည်။ ယနေ့နံနက်ပိုင်းက သောက်သုံးရေအခက်ကြုံနေသည့် ညောင်ဦးမြို့နယ် ပနီတွင်းကျေးရွာရှိ ကျေးလက်နေပြည်သူများ သောက်သုံးရေဖူလုံစေရေးအတွက် ညောင်ဦးမြို့နယ် တောင်ဇင်းနယ်မြေမီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များက သောက်သုံးရေဂါလန် ၁၆၀၀ အား စနစ်တကျ ဖြန့်ဝေလှူဒါန်းပေးခဲ့ရာ သောက်သုံးရေ အခက်အခဲဖြစ်နေချိန်တွင် သောက်သုံးရေ လာရောက်လှူဒါန်းပေးသည့်အတွက် ဒေသခံပြည်သူများ ဝမ်းသာပျော်ရွှင်လျက်ရှိနေကြကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး )**

## ၂၀၂၁ ခုနှစ်၊ (၇၄)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ “(၂၁) ရာစုပင်လုံ”မှသည် ပြည်တွင်းငြိမ်းချမ်းရေး လုပ်ငန်းစဉ်များအောင်မြင်သည်အထိ အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(၂) တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး။

(၃) ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနှင့် လျော်ညီသည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ပေါက်ရေး။

(၄) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို တိုင်းရင်းသားအားလုံး ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

(၅) အရည်အချင်းမြင့်မား၍ ပြည်ထောင်စုစိတ်ဓာတ်ခိုင်မာသော မျိုးဆက်သစ်များ ပြုစုပျိုးထောင်ရေး။




# ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**နေပြည်တော် ဖေဖော်ဝါရီ ၄**

ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံး မြေညီထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**မှာကြား**

အစည်းအဝေးတွင် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးက ဖေဖော်ဝါရီ ၁ ရက်တွင် နိုင်ငံတော်ကို အရေးပေါ်အခြေအနေကြေညာကာ နိုင်ငံတော်၏အာဏာ အရပ်ရပ်ကို တပ်မတော်က တာဝန်ယူပြီးနောက် လုပ်ငန်းများ ဆောင်ရွက်ရာတွင် မိမိတို့ဌာန၏ ရည်မှန်းချက် တာဝန်များအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးဆောင်လမ်းညွှန်မှုနှင့်အညီ အရှိန်အဟုန်မပျက် ဆက်လက်ကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ တားဆီးကာကွယ်ရေးတွင်လည်း တည်ဆဲအမိန့်၊ ညွှန်ကြားချက်များအတိုင်း ဆက်လက်လိုက်နာကျင့်သုံးဆောင်ရွက်သွားကြရန်နှင့် လုပ်ငန်းများဆောင်ရွက်ရာတွင် ရဲရဲဝံ့ဝံ့တင်ပြ၍ ဆုံးဖြတ်ချက်များ မြန်မြန်ဆန်ဆန် ချမှတ်ဆောင်ရွက်ကြရန် လမ်းညွှန်ထားပါကြောင်း၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ချမှတ်ထားသော မဟာဗျူဟာနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကိုလည်း ဆက်လက်ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း မှာကြားသည်။

**ဆွေးနွေး**

ဆက်လက်၍ တက်ရောက်လာကြသော ညွှန်ကြားရေးမှူးချုပ်များက မိမိတို့ဌာနရှိ လုပ်ငန်းဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြဆွေးနွေးကြသည်။

အဆိုပါအစည်းအဝေးသို့ ပြည်ထောင်စုရှေ့နေချုပ်ရုံးရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# Extractive Industries, Sustainable Development and the 2030 Agenda in Asia and the Pacific စကားဝိုင်းဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၄**

ကုလသမဂ္ဂ အာရှပစိဖိတ်ဆိုင်ရာ စီးပွားရေးနှင့် လူမှုရေး ကော်မရှင်က ကြီးမှူး၍ ယနေ့တွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ Online မှတစ်ဆင့် ကျင်းပသည့် Extractive Industries, Sustainable Development and the 2030 Agenda in Asia and the Pacific (စကားဝိုင်းဆွေးနွေးပွဲ) သို့ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးသန်းဇော် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ပါဝင်တက်ရောက်သည်။

အဆိုပါ စကားဝိုင်းဆွေးနွေးပွဲတွင် အမြဲတမ်းအတွင်းဝန်က ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၁၂ ရက်တွင် ကျင်းပပြုလုပ်ခဲ့သော Climate Ambition Summit တွင် ကာဗွန်ထုတ်လုပ်မှုလျှော့ချရေးနှင့်ပတ်သက်၍ ရည်မှန်းဆောင်ရွက်နေမှုများကို ဆွေးနွေးတင်ပြခဲ့ပါကြောင်း၊ Expansion of Carbon Sink စပ်လျဉ်း၍ မြန်မာနိုင်ငံ၏ ရည်မှန်းချက်များမှာ နိုင်ငံ၏ စုစုပေါင်းဧရိယာ ၁၀ ရာခိုင်နှုန်းကို ကာကွယ်ထားသော Protected Area Systems အဖြစ် တိုးချဲ့သွားရန်၊ ထိန်းသိမ်းထားသော သစ်တောဟက်တာသန်းပေါင်း သုည ဒသမ ၂၅ သန်းကို အများပြည်သူစိုက်ပျိုးမြေအဖြစ် ဆက်လက်ထိန်းသိမ်းထားရန်နှင့် ၂၀၁၇ ခုနှစ်မှ ၂၀၂၇ ခုနှစ်အတွင်း ပုဂ္ဂလိကပိုင်မြေများအား Myanmar Reforestation and Rehabilitation Plan နှင့်အညီ ဆောင်ရွက်ထိန်းသိမ်းသွားရန်တို့ဖြစ်ပါကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံ၏ စွမ်းအင်ချွေတာမှု (Energy Efficiency) လုပ်ငန်းစဉ်များကိုလည်း ရည်မှန်းချက်များချမှတ်၍ ထိရောက်စွာ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၁၀-၂၀၃၀ နှစ်အတွင်း ကာဗွန်ဒိုင်အောက်ဆိုဒ်ထုတ်လွှတ်မှု လျှော့ချနိုင်ရန်အတွက် Fuel-Efficient Stoves များ ဖြန့်ဖြူးသွားရန်စီစဉ်ထားရှိပါကြောင်း။

လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍတွင် လက်ရှိ LNG အပါအဝင် သဘာဝဓာတ်ငွေ့ ၄၅ ရာခိုင်နှုန်းခန့်၊ ပြန်ပြည့်မြဲစွမ်းအင် ၅၄ ရာခိုင်နှုန်းခန့်နှင့် အခြားစွမ်းအင် တစ်ရာခိုင်နှုန်းတို့ကို အသုံးပြုနေပြီး အဓိကအားဖြင့် ပြန်ပြည့်မြဲစွမ်းအင်သုံးစွဲမှုကို အလေးထားဆောင်ရွက်နေပါကြောင်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် လာမည့် ၂၀၃၀ ပြည့်နှစ်တွင် တစ်နိုင်ငံလုံး ၁၀၀ ရာခိုင်နှုန်း လျှပ်စစ်ဓာတ်အားရရှိရေး ရည်မှန်းဆောင်ရွက်လျက်ရှိပါကြောင်း။

LNG၊ ပြည်တွင်းထုတ် သဘာဝဓာတ်ငွေ့၊ လေစွမ်းအင်နှင့် နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံများ တိုးချဲ့တည်ဆောက်ရန် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၃၀ ပြည့်နှစ်တွင် ပြန်ပြည့်မြဲစွမ်းအင်ကို မဂ္ဂါဝပ် ၂၀၀၀ အထိ တိုးချဲ့ထုတ်လုပ်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် မိမိတို့နိုင်ငံသည် International Solar Alliance (ISA) တွင် အဖွဲ့ဝင်အဖြစ် တက်ကြွစွာပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း ဆွေးနွေးပြောကြားသည်။



အဆိုပါ စကားဝိုင်းဆွေးနွေးပွဲသို့ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ချုပ်၊ အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင်နှင့် ကမ္ဘာ့နိုင်ငံအသီးသီးမှ ကိုယ်စားလှယ်များ တက်ရောက်ပြီး အာရှနှင့်ပစိဖိတ်ဒေသနိုင်ငံများ၏ လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍဆိုင်ရာ ဌာနအကြီးအကဲများမှ Green Growth and Green Economy ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ရုပ်ကြွင်းလောင်စာသုံးစွဲမှုလျှော့ချပြီး ပိုမိုသန့်ရှင်းသောစွမ်းအင်များနှင့် ပြန်ပြည့်မြဲစွမ်းအင်များ တိုးမြှင့်သုံးစွဲရေး၊ Extractive Industry ကဏ္ဍတွင် လူမှုစီးပွားရေးနှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်အခွင့်အလမ်း ပိုမိုရရှိရေး၊ လက်ရှိချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော မူဝါဒများ၊ မဟာဗျူဟာများနှင့် နည်းပညာများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ကိုရိုနာဗိုင်းရပ်စ် (COVID- 19) ကာကွယ်ဖို့ စနစ်တကျ လက်ဆေးစို့

# တနင်္သာရီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု

**ထားဝယ် ဖေဖော်ဝါရီ ၄**

တနင်္သာရီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးတင်အောင်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် ထားဝယ်မြို့၏ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ရှေးဦးစွာ ထားဝယ်မြို့ ဇေယျဝတီကျောင်းတိုက် ဂဏဝိမုတ်ကူးတို့ ဂိုဏ်းချုပ်ဆရာတော်အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တအရိန္ဒမအား တနင်္သာရီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးတင်အောင်နှင့် တာဝန်ရှိသူများက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ထားဝယ်မြို့ ရွှေဝယ်သီရိအားကစားကွင်းသို့ သွားရောက်၍ အားကစားကွင်းတည်ဆောက်ပြုပြင်နေမှုကို ကြည့်ရှုစစ်ဆေးရာ တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးမှူး ဦးစိုးမိုးနိုင်က အားကစားကွင်းအဆောက်အအုံအကွက်ချမြေပုံပုံစံ၊ အထူးတန်းပွဲကြည့်စင်နှင့် ရိုးရိုးတန်းပွဲကြည့်စင်အဆိုပြုပုံစံ၊ အထူးတန်းပွဲကြည့်စင်ပြုပြင်ဆဲအခြေအနေ၊ မီတာ ၄၀၀ ရော်ဘာပြေးလမ်းရှစ်လမ်းပါ ဘောလုံးကွင်းပုံစံ၊ မီတာ ၄၀၀ ပြေးလမ်းပုံစံ၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း အသစ်ဆောက်လုပ်မည့် ရွှေဝယ်သီရိအားကစားကွင်း ပွဲကြည့်စင်ပုံစံစသည့်တို့ကို ရှင်းလင်းတင်ပြရာ တနင်္သာရီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးတင်အောင်က လိုအပ်သည်များကို မှာကြားခဲ့သည်။

ဆက်လက်၍ တနင်္သာရီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးတင်အောင်နှင့် တာဝန်ရှိသူများက မီတာ ၄၀၀ ရော်ဘာပြေးလမ်း ရှစ်လမ်းပါ ဘောလုံးကွင်းပြုလုပ်နေမှုအခြေအနေနှင့် အထူးတန်းပွဲကြည့်စင်ပြုပြင်ဆဲအခြေအနေကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ကျော်ကျော်လတ် (ပြန်/ဆက်)**





# ကယားပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများ တွေ့ဆုံ

**လွိုင်ကော် ဖေဖော်ဝါရီ ၄**

ကယားပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် ပြည်နယ်အဆင့်ဌာနဆိုင်များ တွေ့ဆုံမိတ်ဆက်ခြင်းကို ယနေ့မွန်းလွဲပိုင်းက ကယားပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီရုံးအစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

တွေ့ဆုံပွဲတွင် ကယားပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်မောင်ဦး (ခ) ဘူးရယ်က ဌာနဆိုင်ရာများအနေဖြင့် မိမိတို့သက်ဆိုင်ရာဌာနအသီးသီးတွင် ဌာနဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်ကြရန်၊ ထုတ်ပြန်ထားသည့်ညွှန်ကြားချက်များကို တိကျစွာလိုက်နာဆောင်ရွက်သွားကြရန်နှင့် မိမိအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကိုလည်း အဓိကထားမည်ဖြစ်ကြောင်း၊ လက်ရှိဆောင်ရွက်နေသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း အကောင်းဆုံး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲဖြစ်လာစေရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်ပြီး ကယားပြည်နယ်ဒေသကွပ်ကဲမှုစစ်ဌာနချုပ်လွိုင်ကော် ဒေသကွပ်ကဲရေးမှူးက ဌာနဆိုင်ရာများအနေဖြင့် လိုအပ်ချက်များ၊ အခက်အခဲများ ရှိပါက ပွင့်လင်းစွာဆွေးနွေးပြောကြားရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် ဌာနဆိုင်ရာအကြီးအကဲများက မိမိတို့ဌာနအလိုက် ဆောင်ရွက်နေသည့်လုပ်ငန်းအခြေအနေများအား ရှင်းလင်းတင်ပြ မိတ်ဆက်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

တွေ့ဆုံပွဲတွင် ကယားပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ဒေသကွပ်ကဲမှုစစ်ဌာနချုပ်လွိုင်ကော် ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ကယားပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူတို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# ချင်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၂၁)ကျင်းပ

**ဟားခါး ဖေဖော်ဝါရီ ၄**

ချင်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၁)ကို ဖေဖော်ဝါရီ ၄ ရက် နံနက် ၁၁ နာရီက ဟားခါးမြို့ ချင်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။



အစည်းအဝေးတွင် ချင်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးတဲရင့်စ်စမ္ဘိုင်းနီခွဲက ဌာနဆိုင်ရာများအနေဖြင့် လုပ်ငန်းများ ရပ်တန့်ခြင်းမပြုဘဲ ဌာနဆိုင်ရာ ဥပဒေ လုပ်ထုံး၊ လုပ်နည်းနှင့်အညီ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ကြရန် လိုကြောင်း၊ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မိမိပြည်နယ်အတွင်း မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ အလေးထားဆောင်ရွက်ရန်နှင့် မြို့ဝင်/မြို့ထွက် လုံခြုံရေး အထူးဂရုစိုက်ဆောင်ရွက်ရန် လိုအပ်ကြောင်း အမှာစကား ပြောကြားသည်။

ထို့နောက် အစည်းအဝေး တက်ရောက်လာကြသည့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများက မိမိဌာနအလိုက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို တင်ပြကြရာ တင်ပြချက်များအပေါ် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကာ နိဂုံးချုပ် အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**










လူသားတို့၏ ကျန်းမာရေး အိုဇုန်းလွှာကို ထိန်းသိမ်းပေး

# ဂျပန်နှင့် ရိုးရှင်းမှု

အောင်အောင် IR

ဂျပန်နှင့် ပတ်သက်ပြီး အားကျစရာများ၊ အတုယူရန် ရှိသည်များကို ဖော်ထုတ်ရေးသားလျှင် ရိုးရှင်းမှု ဆိုသည်မှာ မဖြစ်မနေ ပါဝင်ရပါလိမ့်မည်။ ဂျပန်နိုင်ငံသို့ ရောက်ရှိပြီး အနေကြာလျှင် နိုင်ငံခြားသားများ သတိပြုမိကြသည့်အချက်မှာ ဂျပန်တို့ နေထိုင်မှုရိုးရှင်းသည်၊ ဝတ်စားဆင်ယင်မှု ရိုးရှင်းသည်၊ စားသောက်ပုံ ရိုးရှင်းသည် စသည်ဖြင့် သတိပြုမိလာကြသည်။ ယေဘုယျ အခြေအနေကို ဆိုလိုခြင်းဖြစ်သည်။ ဘဝတွင် ရိုးရှင်းစွာ နေထိုင်တတ်ခြင်းဆိုသည်မှာ အရေးကြီးကြောင်း၊ လွယ်မယောင်နှင့် ခက်ကြောင်း၊ လေ့ကျင့်တည်ဆောက်ပြောင်းလဲရန်လိုကြောင်း ဆွေးနွေးမှုများ ရှိပါသည်။ ရိုးရှင်းစွာနေထိုင်ခြင်းသည် ရင့်ကျက်မှုနှင့်လည်း သက်ဆိုင်ပြီး လူသားတို့အနေဖြင့် မည်မျှပင် ပြည့်စုံသည် ဖြစ်ပါစေ၊ ရိုးရှင်းမှုဆိုသည်ကို ဘဝတစ်ကွေ့ တစ်ချိန် မဟုတ်တစ်ချိန်တွင် သတိပြုတောင့်တတတ်ကြပါသည်။ ဤနေရာတွင်ပင် မေးခွန်းအချို့ ထွက်ပေါ်လာသည်။ ဘဝတွင် နေထိုင်ရာ၌ ရိုးရှင်းမှုဆိုသည်မှာ အဘယ်နည်း။ ရိုးရှင်းမှုဆိုသည်ကို မည်သို့ အဓိပ္ပာယ်ဖွင့်မည်နည်း။ ရိုးရှင်းမှု၏ ဆန့်ကျင်ဘက်များဖြစ်သော တီထွင်ဆန်းသစ်မှု၊ လိုအင်လောဘ၊စည်းစိမ်ခံစားမှုဆိုသည်တို့မှာ ခေတ်မီတိုးတက်သော လူ့အဖွဲ့အစည်းတစ်ရပ်၏ သဘောသဘာဝများဖြစ်လေရာ ရိုးရှင်းမှုဆိုသည်မှာ ခေတ်နောက်ပြန်ဆွဲခြင်းလော စသည်ဖြင့် အမေးတချို့ ရှိလာပါသည်။

အမှန်တော့ အနောက်နိုင်ငံများ အထူးသဖြင့် အမေရိကန်နိုင်ငံတွင် လူအများသည် အသုံးအဖြုန်းကြီးမားကြပြီး ဝင်ငွေထက် ထွက်ငွေက ပိုများနေလေ့ရှိသည်ဖြစ်လေရာ ၂၀၀၀ ပြည့်လွန်နှစ်များတွင် ကမ္ဘာတစ်လွှား စီးပွားရေးကျဆင်းမှုနှင့်အတူ ရိုးရှင်းစွာ နေထိုင်ခြင်းဆိုသည်မှာ ခေတ်စားလာပုံရပါသည်။ ဥရောပတွင်လည်း ထိုနည်းလည်းကောင်း ဖြစ်သည်။ ဥရောပအခြားနေရာများထက်စာလျှင် ဆွီဒင်နိုင်ငံကဲ့သို့ စကင်ဒီနေဗီးယားနိုင်ငံများသည် အနေအထိုင် ရိုးရှင်းမှုအတွက် အခြားသော ဥရောပနိုင်ငံများတွင် ဆွီဒင်ပုံစံဆိုတာမျိုး ဆွေးနွေးပြောဆိုစရာ ဖြစ်လာသည်။ စာရေးသူ ငယ်စဉ်က အောင်မြင်ရေးသင်တန်းများ၊ ဆွေးနွေးပွဲများ တက်ရောက်နားထောင်လျှင် ဟောပြောသူများထံမှ မကြာခဏ ကြားသိရသော အကြံပြုချက်တစ်ခုမှာ လူတစ်ဦးသည် ဝတ်စုံ လေး၊ ငါးစုံ ဆိုလျှင် လုံလောက်သည်၊ အဝတ်အစားများစွာ ထားရှိရန် မလိုအပ်ပါဟူ၍ ဖြစ်သည်။ ဘဝတွင် မလိုအပ်ဘဲ အဝတ်အစားမျိုးစုံ ဝယ်ယူကာ မဖြုန်းတီးရန်၊ အဝတ်အစားများစွာ စုပုံသိမ်းဆည်းခြင်းအား အလုပ်တစ်ခုအနေဖြင့် စိတ်ရှုပ်မခံရန်၊ ဖြစ်နိုင်လျှင် နေ့စဉ်ဘဝအား ရိုးရှင်းစွာ နေထိုင်ရန် ဖြစ်သည်။ သို့သော် ဟောပြောသူများကိုယ်တိုင် သူတို့ ထိုသို့ ပြောဟောနေသော်လည်း အမှန်တကယ်တွင်မူ လုံလောက်သော အဝတ်အစား အနည်းငယ်ဖြင့် နေကျင့်မရှိသေးပါဟု ဝန်ခံကြပါသည်။ စာရေးသူတို့သည် လူသားများ ဖြစ်ကြလေရာ မည်မျှကောင်းမွန်မှန်ကန်သည့် အကြောင်းအရာများ ဖြစ်ပါစေ၊ အမှန် နေ့စဉ်ဘဝတွင် လက်တွေ့ ရေရှည်လိုက်နာကျင့်ကြံသည့်အခါ အားနည်းချက်များ ရှိကြပါသည်။

### သဘာဝအသွင် ဖန်တီးရယူ

ဂျပန်တို့၏ ရိုးရှင်းမှုဆိုသည်ကို လေ့လာပါက ဂျပန်ရိုးရာအိမ်များကို ကြည့်လျှင် ထိုအချက်ကို ကောင်းစွာ သိမြင်ကြမည် ဖြစ်သည်။ ပြတင်းပေါက်၊ တံခါး၊ အခန်းဖွဲ့စည်းပုံများမှာ စက္ကူ၊ သစ်သားစသည်တို့ဖြင့် အဓိကပြုလုပ်ထားပြီး အထူးပင် ရိုးရှင်းလှသည်။ အခန်းများတွင် သစ်၊ စက္ကူ စသည်တို့ဖြင့် ပြုလုပ်ထားသော အလွယ်တကူ ရွှေ့ပြောင်း ဖြုတ်သိမ်းနိုင်သည့် ဆွဲတံခါးများရှိပြီး အခန်းများအား အကျဉ်းအကျယ်၊ အတိုးအလျှော့ ပေါင်းစပ်အသုံးပြုနိုင်သည်။ ဆိုလိုသည်မှာ ဂျပန်ရိုးရာ အိမ်များရှိ အခန်းများကို အချိန်မရွေး ဧည့်ခန်း၊ အိပ်ခန်း၊ ထမင်းစားခန်း စသည်ဖြင့် ပြောင်းလဲ အသုံးပြုနိုင်သည်။ အခန်းများတွင် လေဝင်လေထွက်၊ သဘာဝအလင်းရောင်ရရှိမှုကို ဦးစားပေးပြီး အခန်းအတွင်းမှ အိမ်အပြင်သို့ ပြတင်းပေါက်မှတစ်ဆင့် လှမ်းကြည့်လျှင် အပြင်ဘက်ရှိ ရှုခင်းသည် ပန်းချီကားတစ်ချပ်ကို အခန်းနံရံအတွင်း ချိတ်ဆွဲထားသကဲ့သို့ စိတ်ခံစားမှုကို ဖြစ်ပေါ်စေလေသည်။ ပြတင်းပေါက်ဆိုသည့်အာရုံသည် ပျောက်ကွယ်သွားလေသည်။ ရသည့်နေရာ ကျဉ်းကျဉ်းလေးကို သဘာဝအသွင် ဖန်တီးရယူသည့် အလေ့အထတွင်မူ ဂျပန်ကို မည်သူမျှ ယှဉ်နိုင်လိမ့်မည် မဟုတ်ပါချေ။

စာရေးသူ ဂျပန်ရှေးဟောင်းမြို့တော် နာရာ (Nara) သို့ရောက်ရှိခဲ့စဉ် ခေတ်သစ်ဂျပန်စာပေသမိုင်းတွင် ထင်ရှားသော ဝတ္ထုရေးဆရာ နာအိုယာရှီဂါ (၁၈၈၃–၁၉၇၁)၏ ဂျပန်ရိုးရာအိမ်တော် (Former Residence of Shiga Naoya) သို့ ဝင်ရောက်လည်ပတ်ခဲ့ရာ သာမန် ခြံဝင်းငယ်လေးနှင့် နှစ်ထပ်သစ်သားအိမ်တစ်လုံးဖြစ်သည့်တိုင် အခန်းများမှာ များစွာရိုးရှင်းပြီး ဂျပန်မြက်ဖျာများ၊ သစ်သားစက္ကူတံခါးများ၊ အိမ်တွင်း၊ အိမ်ပြင် ပန်းဥယျာဉ်ငယ်လေးများဖြင့် များစွာ စွဲမက်ဖွယ်ဖြစ်ပါသည်။ အိမ်ရှေ့တွင် ပန်းခြံရှိသည်။ အိမ်နောက်ဘက်တွင် ပန်းခြံရှိသည်။ အိမ်အတွင်းမှာပင် သစ်ပင်ပန်းမန်များ ထည့်သွင်းဆောက်လုပ်ထားသည်။ သဘာဝဆိုသည်ကို တတ်နိုင်သမျှ အိမ်ဝန်းကျင်နှင့် အတွင်းသို့ ယူငင်ထည့်သွင်း အသုံးပြုထားသည်။ အခန်းများသို့အဝင် တံခါးပေါက်မှတစ်ဆင့် ခပ်လှမ်းလှမ်းရှိ ပြတင်းပေါက်များမှ အပြင်သို့ လှမ်းကြည့်လျှင် မြင်ကွင်းမှာ သဘာဝသစ်ပင်၊ အလှဆင်သစ်ပင်များနှင့် အမှန်ပင် အိမ်ခန်းအတွင်း ရောင်စုံပန်းချီကားချပ်ကြီးများ ချိတ်ထားသကဲ့သို့ ဖြစ်လေသည်။ စာရေးသူ ကျိုတိုမြို့တွင်နေသည့် အဆောင်အခန်းမှာ သိသာစွာ သေးငယ်သော်လည်း မီးဖို၊ ရေချိုးခန်း၊ ရေခဲသေတ္တာ၊ ခုတင်၊ စာရေးစားပွဲ၊ အိမ်သာ၊ ရေချိုးခန်း အပြည့်အစုံပါဝင်ပြီး သူ့နေရာနှင့်သူ ကွက်တိဖြစ်လေသည်။ အံဆွဲများ၊ နံရံကပ်စင်ငယ်လေးများမှာလည်း နေရာအနှံ့ဖြစ်ပြီး ကိုယ့်တွင်ပါလာသမျှ ပစ္စည်းများမှာ သူ့နေရာနှင့်သူ အားလုံးကွက်တိဆိုသလို ဝင်ရောက်သွားလေသည်။ နေရာတိုင်းကို အကျိုးရှိအောင် အသုံးချတတ်သော ဂျပန်အခန်းဖွဲ့စည်းပုံကို ကောင်းစွာ သတိပြုမိခဲ့သည်။

**ဂျပန်တို့၏ ရိုးရှင်းမှုဆိုသည်ကို လေ့လာပါက ဂျပန်ရိုးရာအိမ်များကို ကြည့်လျှင် ထိုအချက်ကို ကောင်းစွာ သိမြင်ကြမည်ဖြစ်သည်။ ပြတင်းပေါက်၊ တံခါး၊ အခန်းဖွဲ့စည်းပုံများမှာ စက္ကူ၊ သစ်သားစသည်တို့ဖြင့် အဓိကပြုလုပ်ထားပြီး အထူးပင် ရိုးရှင်းလှသည်။ အခန်းများတွင် သစ်၊ စက္ကူ စသည်တို့ဖြင့် ပြုလုပ်ထားသော အလွယ်တကူ ရွှေ့ပြောင်း ဖြုတ်သိမ်းနိုင်သည့် ဆွဲတံခါးများရှိပြီး အခန်းများကို အကျဉ်းအကျယ်၊ အတိုးအလျှော့ ပေါင်းစပ်အသုံးပြုနိုင်။ ဂျပန်ရိုးရာအိမ်များရှိ အခန်းများကို အချိန်မရွေး ဧည့်ခန်း၊ အိပ်ခန်း၊ ထမင်းစားခန်း စသည်ဖြင့် ပြောင်းလဲအသုံးပြုနိုင်။**

### ဂျပန်တို့၏ ဝတ်စားဆင်ယင်မှု

ဂျပန်တို့၏ ဝတ်စားဆင်ယင်မှုကို ကြည့်မည်ဆိုလျှင်လည်း အရောင်အသွေး စုံလင်ခေတ်မီသည့်တိုင် ဟောင်ကောင်၊ စင်ကာပူ၊ ကိုရီးယားတို့ကဲ့သို့ များစွာ ကွဲပြားလှသော ပုံစံအမျိုးမျိုးနှင့်မဟုတ်ဘဲ များသောအားဖြင့် တူညီမှု ရှိကြသည်။ ဆိုလိုသည်မှာ ဂျပန်ကျောင်းသားများဆိုလျှင် တူညီဝတ်စုံ ဘောင်းဘီ၊ စကတ်များ ရှိကြပြီး ဂျပန်လမ်းများတွင် မူလတန်းကျောင်းသားငယ်များ ဦးထုပ်အဝါရောင် ကိုယ်စီဖြင့် အုပ်စုဖွဲ့ စီတန်းလမ်းလျှောက်နေကြသည်ကို မကြာခဏ တွေ့မြင်ရလေ့ရှိသည်။ ဂျပန်အမျိုးသား ကုမ္ပဏီဝန်ထမ်းများ၊ ရုံးဝန်ထမ်းများမှာလည်း အနောက်တိုင်းဝတ်စုံကို သေသပ်စွာ ဝတ်ဆင်ထားလေ့ရှိပြီး ဂျပန်အမျိုးသမီးများ၏ ဝတ်စားဆင်ယင်မှုမှာလည်း ပုံစံတူသည်က များပါသည်။ ထိုသို့ဆိုသဖြင့် ဂျပန်အမျိုးသမီးများ အလှအပ စိတ်မဝင်စား၊ ဖက်ရှင်မကျဟု မဆိုလိုပါ။ လူ့အဖွဲ့အစည်းတစ်ခုအတွင်း တစ်ပြေးညီ မြင်တွေ့ရမှု အနည်း၊ အများကို ဆိုလိုခြင်း ဖြစ်သည်။ စာရေးသူသည် စင်ကာပူ၊ ကိုရီးယား၊ တရုတ်တို့တွင်လည်း ကြာမြင့်စွာ နေခဲ့ဖူးလေရာ အဆိုပါနိုင်ငံများမှ အမျိုးသမီးများနှင့်စာလျှင် ဂျပန်တွင် အမျိုးသမီးများ၏ ဝတ်စားဆင်ယင်မှုမှာ ပိုမိုဂရုတစိုက်ရှိပြီး ဆိုလိုသည်မှာ အများမြင်ကွင်းတွင် လုံလုံခြုံခြုံ ဝတ်စားကြသည်ကို သတိပြုမိသည်။ ဂျပန်ကျောင်းသူလေးများ ကျောင်းဝတ်စုံ စကတ်အတိုလေးများ ဆင်တူဝတ်သည်မှာတော့ ခြွင်းချက်ဖြစ်သည်။ စာရေးသူ ဆိုးလ်တွင် ညဘက် မကြာခဏ ဆိုသလို အရက်၊ ဘီယာသောက်စားကာ လမ်းများပေါ်တွင်၊ ဘူတာရုံ ထိုင်ခုံများတွင် ငိုက်မြည်းနေသော၊ လဲလျောင်းနေသော ကိုရီးယား မိန်းကလေးအချို့ကို သတိပြုမိသော်လည်း ဂျပန်တွင်မူ စာရေးသူသတိပြုမိသလောက် ထိုသို့သော မြင်ကွင်းမျိုးကို မတွေ့မိခဲ့ပါပေ။

ဂျပန်တို့၏ နာမည်ကျော် ရိုးရှင်းမှုမှာ အစားအသောက်များတွင် အထူးပင်သိသာလှပါသည်။ ဂျပန်အစားအစာများမှာ ပုံစံအမျိုးမျိုးရှိနိုင်သည့်တိုင် အစားအစာအများစုသည် လှပရိုးရှင်းကာ ကျန်းမာရေးကို အထူးပင် ဦးစားပေးကြောင်း အလွယ်ပင် သိနိုင်ကြလေသည်။ ဂျပန်စတိုးဆိုင်များတွင် နေ့ရော ညပါ ဝယ်ယူရရှိနိုင်သည့် ထမင်းဘူးများ (Bento) မှာ သေးငယ်သည်၊ နည်းသည်ဟု ထင်ရသော်လည်း အမှန်စားသောအခါ အသင့်အတင့် ဗိုက်ဝစေပါသည်။ ဂျပန်ထမင်းဘူးများ သေးငယ်သော်လည်း အာဟာရဖြစ်သည့် ကိစ္စ၊ ရိုးရှင်းသည့်ကိစ္စများကို နိုင်ငံခြားသားများ တညီတည်း အသိအမှတ် ပြုကြပါသည်။ စာရေးသူသည် မကြာခဏ ဆိုသလို ဂျပန်ထမင်းဘူးများ စားလေ့ရှိရာ ဆီ၊ အငန်၊ ညစ်ပေစရာများ ပါဝင်မှု နည်းပါးလှသည်ဖြစ်သဖြင့် စားပြီးပလတ်စတစ်ဘူးခွံများ လွှင့်ပစ်သည့်အခါ ညစ်ပတ်မနေဘဲ ဝန်းကျင်သန့်ရှင်းရေး၊ အနံ့အသက် နည်းပါးခြင်းအတွက်လည်း များစွာအထောက်အကူ ဖြစ်စေပါသည်။ သို့ဖြစ်ရာ ဂျပန် လူ့အဖွဲ့အစည်းတွင် အခြားလူ့အဖွဲ့အစည်းများနှင့် စာလျှင် ကိုယ်ခန္ဓာအချိုးအစား မညီမျှသည့် အဝလွန်သူများ၊ အပိန်လွန်သူများကို အတွေ့ရနည်းမည် ဖြစ်သည်။ ဂျပန်အလံသည်ပင် အဖြူရောင်နောက်ခံနှင့် နေမင်းကြီးအား ကိုယ်စားပြုသည့် အနီရောင်စက်ဝိုင်းကြီး တစ်ခုတည်းဖြင့် အထူးပင် ရိုးရှင်းလှသည် မဟုတ်ပါလော။

အနောက်နိုင်ငံများတွင် လေ့လာသူအချို့က ဂျပန်၏ ရိုးရှင်းမှုကိုအတုယူကာ ဘဝတွင် မည်သို့ရိုးရှင်းစွာ နေထိုင်ကြရမည်ကို ဥပမာအချို့ဖြင့် သုံးသပ်အကြံပြုကြသည်။ တစ်နည်း ဘဝတွင် အနည်းဆုံးဖြင့် နေထိုင်တတ်ခြင်း အနုပညာ ဖြစ်သည်။ ပထမအကြံပြုချက်မှာ ကိုယ်နေ့စဉ်ပြုလုပ်နေတတ်သည့် အကျင့်များကို စာရင်းနှင့်တကွ ပြုစုရေးသားပြီး အကျိုးမရှိသည့် အကျင့်ဆိုးများကို ဖယ်ရှားပစ်ရန်ဖြစ်သည်။ ဥပမာ ဆေးလိပ်သောက်ခြင်း၊ အရက်ဘီယာသုံးစွဲခြင်း၊ အင်တာနက် အလွန်အကျွံ အသုံးပြုခြင်း၊ အပျော်အပါးလိုက်စားခြင်း၊ အတွေးအာရုံလွန်ကဲခြင်း စသည်ဖြင့် ကိုယ့်ဘဝတိုးတက်မှုအား အနှောင့်အယှက် ဖြစ်စေနိုင်မည့် အကျင့်ဆိုးများကို သုံးသပ်ကာ အနည်းဆုံး စာရင်းထိပ်ဆုံးမှ နှစ်ခု၊ သုံးခုခန့်အား ဖယ်ရှားပစ်ရန် ဖြစ်သည်။ ဒုတိယအကြံပြုချက်မှာ မိမိတွင် ရှိနေသည့် အရာများ၏ တစ်ဝက်မကကို ဖယ်ရှားစွန့်ပစ်ရန် ဖြစ်သည်။ ဆိုလိုသည်မှာ မလိုအပ်သည်များနှင့် စိတ်ရှုပ်မခံရန် ဖြစ်သည်။ ယေဘုယျ မီးဖိုခန်းများ၊ အိမ်အခန်းများတွင် မလိုအပ်သည့် ပစ္စည်းများ ရှိနေတတ်သည်၊ နောင်တစ်ချိန်အသုံးပြုရန် ဟူသော အတွေးဖြင့် သိမ်းဆည်းထားတတ်သည်။ အမှန်တကယ်များစွာမလိုအပ်သော အဆိုပါပစ္စည်းများကို စွန့်ပစ်လိုက်ခြင်းဖြင့် အခန်းနေရာ ပိုမိုကျယ်ဝန်းလာမည်ဖြစ်သည်။ တတိယအကြံပြုချက်မှာ နေ့စဉ်ဘဝတွင် အိမ်တွင်းသို့ စတိုးဆိုင် လက်ခံပြေစာမှအစ ပစ္စည်းမျိုးစုံသည် တစ်နည်းမဟုတ်တစ်နည်း ဝင်ရောက်နေလျက်ရှိသည်ဖြစ်ရာ ကိုယ်ကလည်း နေ့စဉ်အိမ်အပြင်ထွက်သည့်အခါ အသေးအဖွဲပင်ဖြစ်ပါစေ၊ အရာတစ်ခုခုကို အိမ်တွင်းမှ အိမ်ပြင်သို့ ယူဆောင်ထုတ်ပစ်ရန် ဖြစ်သည်။ မဟုတ်လျှင် မလိုအပ်သည့် အရာများ အိမ်တွင်း များသည်ထက် များလာမည်ဖြစ်ပြီး ရိုးရှင်းမှုသည် ဖြည်းဖြည်းမှန်မှန် ဖုံးကွယ်ခြင်းခံရမည် ဖြစ်သည်။

စတုတ္ထအကြံပြုချက်မှာ လိုအပ်သလောက်သာ အာဟာရဖြစ်စေရန် စားသုံးရန် ဖြစ်သည်။ ငယ်သည်ဖြစ်စေ၊ ကြီးသည်ဖြစ်စေ၊ ဗိုက်ကို ချောင်ချောင်ထားရန် အထူးသဖြင့် ညစာကို လျှော့စားရန် ဖြစ်သည်။ တန်သင့်ရုံသာစားပြီး ဆာလောင်မှုကို လေ့ကျင့်ရန် ဖြစ်သည်။ ဆိုလိုသည်မှာ အစာဝင်တိုင်း အားဖြစ်စေသည်မဟုတ်ဘဲ ဝင်သောအစာတိုင်းအားဖြစ် စေရန်ဖြစ်သည်။ ဆာသည်ဆိုတိုင်း ထစားနေရန်မဟုတ်ဘဲ သတိဖြင့် ဆင်ခြင်ရန်ဖြစ်သည်။ ပဉ္စမအကြံပြုချက်မှာ အရေအတွက်ထက် အရည်အသွေးကို ဦးစားပေးရန် ဖြစ်သည်။ ဆိုလိုသည်မှာ အစားအသောက်၊ ပစ္စည်းများ ဝယ်ယူသုံးစွဲရာတွင် အရည်အသွေးကို ဦးစားပေးရန် ဖြစ်သည်။ ဆဋ္ဌမအချက်မှာ သာမန်ကျန်းမာရေး ပြဿနာရှိပါက၊ ဝမ်းချုပ်ပါက၊ အိပ်မပျော်ပါက သဘာဝကုထုံးနည်းများဖြင့် ကုသရန် ဖြစ်သည်။ သာမန် အခြေအနေတွင် လူနာသည် မိမိ (ကိုယ်တိုင်) ဖြစ်ပြီး ဆရာဝန်သည်လည်း မိမိ (ကိုယ်တိုင်) သာ ဖြစ်သည်။ ကျန်းမာရေး ပြဿနာတစ်စုံတစ်ရာဖြစ်သည်နှင့် ဆေးဝါးများကို အားမကိုးဘဲ အစားအသောက် ပုံစံပြောင်းလဲခြင်း၊ အနေအထိုင်ပုံစံပြောင်းလဲခြင်း၊ ရေများများသောက်ခြင်း၊ သက်ဆိုင်ရာ ဘာသာအလိုက် စိတ်တည်ငြိမ်မှုရှာဖွေခြင်း (တရားထိုင်ခြင်း)၊ စိတ်ပိုင်းဆိုင်ရာ အပြုသဘော လေ့ကျင့်ခြင်းများ လုပ်ဆောင်ကြရန်တို့ ဖြစ်သည်။

### ဂျပန်အဖွဲ့အစည်းများ တည်ရှိပုံ

နောက်ထပ် သတိပြုမိသော ကိုယ်တွေ့ ဂျပန်တို့၏ ရိုးရှင်းမှုတစ်ခုမှာ ဂျပန်အဖွဲ့အစည်းများ တည်ရှိပုံ ဖြစ်သည်။ ဂျပန်တွင် အခြားနိုင်ငံများကဲ့သို့ အဖွဲ့အစည်းများ တည်ရှိမှုမှာ ရောယှက်ရှုပ်ထွေးမနေဘဲ အကြောင်းအရာတစ်ခုအား အဖွဲ့အစည်းတစ်ခုမှသာ တာဝန်ယူ၊ တာဝန်ခံ ဆောင်ရွက်သည်။ ယေဘုယျ အခြေအနေကို ပြောခြင်း ဖြစ်သည်။ မည်သည့်အဖွဲ့အစည်းသည် မည်သည့်အကြောင်းအရာကို တာဝန်ယူ၊ တာဝန်ခံ ဆောင်ရွက်သည်ကို ထင်သာမြင်သာရှိစေသည်။ ဂျပန်အဖွဲ့အစည်းများမှာ အချိတ်အဆက်လည်းကောင်းကြပြီး အချင်းချင်း သတင်းမျှဝေမှုတွင် များစွာ အတုယူဖွယ် ဖြစ်သည်။ သူတို့ ဆက်ဆံခဲ့သည့်လူတစ်ယောက်၏ ကောင်းသတင်း၊ ဆိုးသတင်းမှအစ သူတို့ဆီတွင် ရှိနေတတ်ပါသည်။ စာရေးသူ၏ မြန်မာမိတ်ဆွေအချို့က ဂျပန်မသိတာ ဘာမှမရှိဟု ပြောကြပါသည်။ ချဲ့ကားပြီး ပြောဆိုခြင်း ဖြစ်သည်။ သို့သော် မှန်သင့်သလောက် မှန်ပါသည်။ စာရေးသူ ဂျပန်တွင် နေထိုင်စဉ် ဂျပန်အတွေ့အကြုံ စာမူဆောင်းပါးများအား မြန်မာနိုင်ငံရှိ သတင်းစာ၊ ဂျာနယ်များတွင် ရေးသားနေသည်ကို ရန်ကုန်ရှိ ဂျပန်အသိုက်အဝန်းက သိရှိနေပြီး စာရေးသူ ကျိုတိုမြို့ရှိ အရှေ့တောင်အာရှသုတေသနစင်တာတွင် အမှန်လုပ်ကိုင်နေခြင်း ရှိ၊ မရှိ မေးမြန်းသည်ကို ကြုံဖူးပါသည်။ စာရေးသူ ဂျပန်နိုင်ငံတွင် ခြောက်လကြာ သုတေသနလုပ်ငန်းတာဝန်များ ပြီးဆုံးပြီး အင်္ဂလိပ်ဘာသာဖြင့် ရေးသားခဲ့သော နောက်ဆုံး နိုင်ငံရေးစာတမ်း ထွက်ရှိလာချိန်တွင် စာရေးသူပင် မပေးပို့ရသေးမီ စာရေးသူ၏ စာတမ်းသည် မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံရှိ မြန်မာ့အရေး စိတ်ဝင်စားကြသော ဂျပန်တာဝန်ရှိသူအချို့ လက်ဝယ်သို့ ရောက်ရှိနေနှင့်ပြီး ဖြစ်လေသည်။

စာရေးသူတို့ ယခု ဂျပန်အတွေ့အကြုံ ရိုးရှင်းမှု ဆောင်းပါးမှ မည်သည့်အကြောင်းအရာများ အတုယူနိုင်ပါသနည်း။ စာရေးသူတို့ မြန်မာလူ့အဖွဲ့အစည်း၏ နေထိုင်မှု အလေ့အထများ၊ ဓလေ့စရိုက်များပါ ရိုးရှင်းပါ၏လော။ စာရေးသူတို့ လူ့အဖွဲ့အစည်းတွင် လိုအပ်သည်ထက် ပိုမိုသုံးစွဲကြသူများ၊ နည်းနည်းလေးရှိပြီး များများရှိဟန်ဆောင်ကြသူများ၊ ရှိသမျှ ထုတ်ဝတ်ပြီး ကြွားဝါကြသူများ၊ ပစ္စည်းနှင့် အိမ်ရှုပ်ထွေး ပြည့်ကျပ်နေသူများ၊ လက်ဖက်ရည်ဆိုင်၊ ဘီယာဆိုင်၊ ဖေ့စ်ဘွတ် အတင်းအဖျင်းများတွင် အချိန်ကုန်နေကြသူများ၊ သင်တန်းမှန်သမျှ လိုက်တက်ပြီး အသိအမှတ်ပြု လက်မှတ်တစ်ပုံတစ်ပင်ဖြင့် ဟိုမရောက်၊ ဒီမရောက် ဖြစ်နေကြသူများ၊ အစားအစာများကို သတိနှင့် မစားဘဲ ဗိုက်အပြည့်အအင့် စားကြသူများ၊ အရည်အသွေး ညံ့ဖျင်းသော လမ်းဘေးအစားအစာများကို အမြဲမှီဝဲနေကြသူများ၊ ထစ်ခနဲရှိ ဆေးဝါးများ၊ အိပ်ဆေးများသောက်ကာ ဆေးအကူအညီဖြင့် ဘဝကို ဖြတ်သန်းနေကြသူများ များစွာ ရှိနေပါသည်။ ရိုးရှင်းမှုဆိုသည်၏ အကျိုးကျေးဇူးကို မေ့လျော့နေသူ များစွာရှိနေပါသည်။ ရိုးရှင်းမှုကို မတုပြိုင်ဘဲ ဆန်းပြားမှုကို တုပြိုင်ရင်း အကြွေးနွံနစ်နေသူ များစွာရှိပါသည်။ မြန်မာတို့ အနေဖြင့် အဓိပ္ပာယ်ရှိသော၊ အရည်အသွေးရှိသော၊ ကျန်းမာသော လူနေမှုဘဝများကို မိမိနှင့် လိုက်လျောညီထွေကိုက်ညီမည့် ရိုးရှင်းမှု အလေ့အထများမှတစ်ဆင့် တည်ဆောက်ရယူနိုင်ကြပါစေကြောင်း ဆန္ဒပြုရင်း ယခုဆောင်းပါးအား နိဂုံးချုပ်အပ်ပါသည်။ ။

# အမေရိကန်နှင့် ရုရှားနိုင်ငံတို့က နျူကလီးယားလက်နက်ထိန်းချုပ်ရေးသဘောတူစာချုပ်ကို ငါးနှစ်သက်တမ်းထပ်မံတိုးမြှင့်

**ဝါရှင်တန် ဖေဖော်ဝါရီ ၄**
အမေရိကန်နှင့် ရုရှားနှစ်နိုင်ငံက နှစ်နိုင်ငံချုပ်ဆိုထားသည့် နျူကလီးယားလက်နက်ထိန်းချုပ်ရေးဆိုင်ရာ သဘောတူညီချက်စာချုပ်ကို နောက်ထပ် ငါးနှစ် ထပ်မံသက်တမ်းတိုးခဲ့ကြောင်း ယမန်နေ့သတင်းများအရ သိရသည်။

နှစ်နိုင်ငံအစိုးရများက နျူကလီးယားလက်နက်ထိန်းချုပ်ရေး သဘောတူစာချုပ်ကို ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၅ ရက် အထိ သက်တမ်းတိုးမြှင့်ရန် သဘောတူညီခဲ့ကြသည်။


အဆိုပါသဘောတူစာချုပ်တွင် နှစ်နိုင်ငံအနေဖြင့် နျူကလီးယားလက်နက်ဒုံးကျည် အစင်း ၁၅၅၀ ထက်ကျော်လွန်ဖြန့်ကြက်ထားရှိခြင်းမရှိစေရန်နှင့် တိုက်ချင်းပစ်ဒုံးကျည်နှင့် အခြားသောဒုံးလက်နက်များကို အစင်း ၈၀၀ ထက်ကျော်လွန်ဖြန့်ကြက်ထားရှိမှုမရှိစေရန် ပိတ်ပင်တားမြစ်ထားသည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အန်ထော်နီဘလင်ကန်က နျူကလီးယားသဘောတူစာချုပ်သက်တမ်း ထပ်မံတိုးမြှင့်ခဲ့သည့်အတွက် အမေရိကန်နိုင်ငံနှင့် ၎င်း၏ မဟာမိတ်နိုင်ငံများအပါအဝင် ကမ္ဘာ့နိုင်ငံများအတွက်ပါ ပိုမိုလုံခြုံမှုရရှိစေကြောင်း ထုတ်ပြန်ချက်တစ်ရပ်တွင် ပြောကြားခဲ့သည်။

ထို့ပြင် နေတိုးအဖွဲ့ကလည်း အမေရိကန်-ရုရှား နျူကလီးယားလက်နက်ထိန်းချုပ်ရေးဆိုင်ရာ သဘောတူညီမှုစာချုပ်ကို သက်တမ်းတိုးမြှင့်ခြင်းအပေါ် ကြိုဆိုပါကြောင်းနှင့် အခြားသော နျူကလီးယားအင်အားကြီးနိုင်ငံများလည်း နျူကလီးယားလက်နက်ထိန်းချုပ်ရေးစာချုပ်တွင် ပါဝင်ရန်လိုအပ်ကြောင်း ပြောကြားခဲ့သည်။

အလားတူ ဥရောပနိုင်ငံခြားရေးမူဝါဒအကြီးအကဲ ဂျိုးဆက်ပ်ဘော်ရီက အမေရိကန်နှင့် ရုရှားနိုင်ငံတို့သည် နျူကလီးယားလက်နက်ဖျက်သိမ်းရေးနှင့် လက်နက်ထိန်းချုပ်ရေးနယ်ပယ်တွင် အဓိကတာဝန်ရှိသည့်နိုင်ငံများဖြစ်ကြောင်း ထုတ်ပြန်ချက်တစ်ရပ်တွင် ဖော်ပြခဲ့သည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်





# ဂျပန်နှင့် ဗြိတိန်နိုင်ငံတို့ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန် သဘောတူညီ

**တိုကျို ဖေဖော်ဝါရီ ၄**
ဂျပန်နိုင်ငံနှင့် ဗြိတိန်နိုင်ငံတို့သည် လွတ်လပ်ပွင့်လင်းသော အင်ဒို-ပစိဖိတ်ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်ရန် သဘောတူညီခဲ့ကြောင်း သိရသည်။

နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ ဂျပန်နိုင်ငံခြားရေးဝန်ကြီး မိုတီဂီ၊ ဂျပန်ကာကွယ်ရေးဝန်ကြီး ကီရှီနိုဘူအိုတို့သည် ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး ဒိုမီနစ်ရက်၊ ဗြိတိန်ကာကွယ်ရေးဝန်ကြီး ဘင်ဝေါလေ့စ်တို့နှင့်အတူ ဖေဖော်ဝါရီ ၃ ရက်တွင် နှစ်နာရီကြာညှိနှိုင်းဆွေးနွေးခဲ့ကြောင်းလည်း သိရသည်။

ဗြိတိန်နိုင်ငံအနေဖြင့် ယခုနှစ်နှောင်းပိုင်းတွင် အရှေ့အာရှဒေသသို့ လေယာဉ်တင်သင်္ဘော HMS Queen Elizabeth ကို စေလွှတ်ရန် ရည်ရွယ်ထားကြောင်းလည်း ပြောကြားခဲ့သည်။ အဆိုပါ လေယာဉ်တင်သင်္ဘောစေလွှတ်မှုကို ဂျပန်နိုင်ငံအနေဖြင့် ကြိုဆိုမည်ဖြစ်ကြောင်းနှင့် အင်ဒို-ပစိဖိတ်ဒေသတွင် လုံခြုံရေးဆောင်ရွက်ရန်အတွက် အထောက်အကူပြုလိမ့်မည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့နှင့် ဗြိတိန်တပ်ဖွဲ့တို့အကြား ပူးတွဲစစ်ရေးလေ့ကျင့်မှုများကို ပြုလုပ်ခြင်းအားဖြင့် နှစ်နိုင်ငံလုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်ရန် နှစ်နိုင်ငံဝန်ကြီးများက အတည်ပြုပြောကြားခဲ့သည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - အလင်းသစ်

# သီရိလင်္ကာနိုင်ငံက Covishield ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဝယ်ယူ

**ကိုလံဘို ဖေဖော်ဝါရီ ၄**
သီရိလင်္ကာနိုင်ငံ ဆေးဝါးလုပ်ငန်းကော်ပိုရေးရှင်းက အစိုးရ၏ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးလုပ်ငန်းများကို အထောက်အပံ့ပေးသည့်အနေဖြင့် Covishield ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အလုံးရေ ၁၈ သန်းကို ဝယ်ယူရန် အိန္ဒိယအစိုးရထံ အမှာစာပို့ခဲ့ကြောင်း ဒေသဆိုင်ရာမီဒီယာများက သတင်းဖော်ပြသည်။

၎င်းကာကွယ်ဆေးများရရှိပါက အသက် ၃၀ မှ ၆၀ အရွယ်အတွင်းရှိ နိုင်ငံသားများအား ထိုးနှံပေးသွားမည်ဖြစ်ကြောင်းနှင့် အသက် ၆၀ နှစ်အထက်ရှိသူများကိုလည်း ကာကွယ်ဆေးထိုးနှံပေးမည်ဖြစ်ကြောင်း သီရိလင်္ကာနိုင်ငံ ဆေးဝါးထုတ်လုပ်ရေးနှင့် ထောက်ပံ့ရေးဝန်ကြီး ချန်နာ ဂျေရာဆူမာနာက ပြောကြားသည်။

အဆိုပါ ကာကွယ်ဆေးထိုးလုပ်ငန်းများအား ဖေဖော်ဝါရီလနှောင်းပိုင်းတွင် ဆောင်ရွက်သွားမည်ဖြစ်ပြီး ကန်ဒေါ်လာ ၅၅ သန်းခန့် ကုန်ကျမည်ဖြစ်ကြောင်း သီရိလင်္ကာနိုင်ငံကျန်းမာရေးစောင့်ရှောက်ရေး၊ ကပ်ရောဂါနှင့် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးဝန်ကြီး ဆူဒါ ရှာနီ ဖာနန်ဒိုပူလီက ပြောကြားသည်။

၎င်းအပြင် ယခုလနှောင်းပိုင်းတွင် နိုင်ငံအတွင်းသို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ဆေးဝါးထောက်ပံ့ရေးအစီအစဉ် COVAX မှ ထောက်ပံ့မည့် ကိုဗစ်-၁၉ ကာကွယ်ဆေးအလုံးရေ ၁ ဒသမ ၈ သန်း ရောက်ရှိလာမည်ဖြစ်ကြောင်း ကမ္ဘာလုံးဆိုင်ရာ ကိုဗစ်-၁၉ ရောဂါ တုံ့ပြန်ရေးဆောင်ရွက်ပေးလျက်ရှိသည့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အကြီးအကဲ၏ အထူးကိုယ်စားလှယ် ပါလီသာ အဗေကွန်က ပြောကြားသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - စိုးသူရ

# မလေးရှားနိုင်ငံ၌ စီးပွားရေးလုပ်ငန်းများ ကိုဗစ်-၁၉ စည်းမျဉ်းနှင့်အညီ ဆက်လက်လည်ပတ်မည်

**ကွာလာလမ်ပူ ဖေဖော်ဝါရီ ၄**
မလေးရှားနိုင်ငံအနေဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ဆိုင်ရာကန့်သတ်ချက်များကို ဆက်လက်ချမှတ်ထားဆဲဖြစ်သော်လည်း ယင်းစည်းမျဉ်းများနှင့်အညီ စီးပွားရေးလုပ်ငန်းများ လည်ပတ်ခွင့်ရရှိစေရန် ဖန်တီးပေးထားကြောင်း ဝန်ကြီးချုပ်ယက်ဆင်က ယနေ့ ရုပ်သံမိန့်ခွန်းတွင် ထည့်သွင်းပြောကြားသည်။

အစိုးရအနေဖြင့် ပြည်သူ့အသံကို အမြဲနားစွင့်ထားပြီး စီးပွားရေးနာလန်ထူမှု အလိုရှိနေသည့် စီးပွားရေးလုပ်ငန်းရှင်များနှင့် လုပ်သားများ ပုံမှန်အလုပ်အကိုင်များရရှိစေရန် လက်ရှိချမှတ်ထားသည့် စည်းမျဉ်းများနှင့်အညီ ဆောင်ရွက်နိုင်ရေး ဖန်တီးပေးထားပြီးဖြစ်ကြောင်း ဝန်ကြီးချုပ်က ပြောကြားသည်။

မလေးရှားနိုင်ငံတွင် ဖြစ်ပွားသည့် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု၏ ၅၉ ရာခိုင်နှုန်းသည် လုပ်ငန်းခွင်များမှ ကူးစက်ခြင်းဖြစ်သော်လည်း လုပ်ငန်းရှင်များအနေဖြင့် လုပ်ငန်းလည်ပတ်ရေးစည်းမျဉ်းများကို အတိအကျလိုက်နာကာ လုပ်ငန်းလည်ပတ်ရေး ဆောင်ရွက်နိုင်မည်ဖြစ်သည်။ အရေးပေါ်စီမံခန့်ခွဲမှုကော်မတီသည် လုပ်ငန်းခွင်အတွင်း ကူးစက်ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစည်းမျဉ်းများကို ပိုမိုတင်းကျပ်ရန် သုံးသပ်မှုများ ဆောင်ရွက်လျက်ရှိသည်။

မလေးရှားနိုင်ငံသည် ၂၀၂၁ ခုနှစ်အတွင်း စီးပွားရေးတိုးတက်မှုနှုန်း ၆ ဒသမ ၅ ရာခိုင်နှုန်းမှ ၇ ဒသမ ၅ ရာခိုင်နှုန်း ပြန်လည်တိုးတက်ရန် မျှော်မှန်းဆောင်ရွက်လျက်ရှိသည့်အတွက် အစီအမံသစ်များဖြင့် လုပ်ငန်းများ လည်ပတ်ရေး ဖော်ဆောင်လာခြင်းဖြစ်သည်။

ကိုးကား - စီအင်န်အေ
ဘာသာပြန် - မေလှဲ့သင်း

# COVAX အစီအစဉ်အရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ၂ ဒသမ ၃ ဘီလီယံကို ယခုနှစ်အတွင်း ဖြန့်ဖြူးပေးမည်

**ဂျီနီဗာ ဖေဖော်ဝါရီ ၄**
ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ကာကွယ်ဆေးဖြန့်ဖြူးပေးရေး COVAX အစီအစဉ်အရ ဝင်ငွေနည်းပါးသောနိုင်ငံများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး သန်း ၃၄၀ နီးပါးကို ယခုနှစ်၏ ပထမနှစ်ဝက်တွင် ကနဦး ဖြန့်ဖြူးပေးမည်ဖြစ်ကြောင်းနှင့် ကာကွယ်ဆေး ၂ ဒသမ ၃ ဘီလီယံကို ယခုနှစ်ကုန်ပိုင်းတွင် ထပ်မံဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း ယမန်နေ့သတင်းများအရ သိရ သည်။




**လုံလောက်မှုရှိ**

COVAX အစီအစဉ်၏ ကာကွယ်ဆေး ကနဦး ဖြန့်ဖြူးပေးမှုပမာဏ(သန်း ၃၄၀ နီးပါး)သည် ကာကွယ်ဆေး လက်ခံရရှိခဲ့သည့် နိုင်ငံပေါင်း ၁၄၅ နိုင်ငံ၏ ပြည်သူ ၃ ဒသမ ၃ ရာခိုင်နှုန်းအတွက် လုံလောက်မှုရှိမည်ဖြစ်ကြောင်း သိရသည်။

ကနဦးဖြန့်ဖြူးပေးမည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အမျိုးအစားများမှာ အိန္ဒိယနိုင်ငံ ဆီရမ်အင်စတီကျုနှင့် AstraZeneca-Oxford တက္ကသိုလ်တို့ ပူးပေါင်းထုတ်လုပ်သည့် Covishield ကာကွယ်ဆေး အလုံးရေ သန်း ၂၄၀၊ AstraZeneca ကာကွယ်ဆေး ၉၆ သန်းနှင့် Pfizer-BioNTech ဆေးဝါးကုမ္ပဏီတို့မှ ထုတ်လုပ်သည့် Pfizer ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ၁ ဒသမ ၂ သန်း တို့ဖြစ်သည်။

COVAX အစီအစဉ်ကို ပြီးခဲ့သည့်နှစ် ဧပြီလတွင် စတင်ခဲ့ပြီး နိုင်ငံပေါင်း ၁၉၀ ပါဝင်ကြောင်း သိရသည်။ အဆိုပါ အစီအစဉ်၏ ရည်ရွယ်ချက်မှာ အဖွဲ့ဝင်နိုင်ငံတိုင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ တန်းတူညီမျှစွာရရှိရန် ဖြစ်သည်။

ယင်းအစီအစဉ်ကို ဝင်ငွေနည်းပါးသော နိုင်ငံများအား ကာကွယ်ဆေးထောက်ပံ့ပေးရန် တည်ထောင်ထားသည့် GAVI ဆေးဝါးဖြန့်ဖြူးရေး မဟာမိတ်အဖွဲ့၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ကပ်ရောဂါကြိုတင်ပြင်ဆင်မှုအတွက် ညွန့်ပေါင်းအဖွဲ့နှင့် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့တို့က ပူးတွဲဆောင်ရွက်လျက်ရှိသည်။

အဆိုပါအစီအစဉ်အနေဖြင့် ကာကွယ်ဆေးဖြန့်ဖြူးပေးရာတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ကာကွယ်ဆေးအပေါ် သုံးစွဲခွင့် အတည်ပြုထောက်ခံမှုပေးခြင်း ရှိ၊ မရှိနှင့် ကာကွယ်ဆေးလက်ခံမည့် နိုင်ငံများ၏ ဆေးဝါးသိမ်းဆည်းထားရှိမှု အခြေအနေနှင့်ပတ်သက်ပြီး အဆင်သင့်ဖြစ်မှု ရှိ၊ မရှိ တို့အပေါ်မူတည်ပြီး ကာကွယ်ဆေးများကို ဖြန့်ဖြူးပေးခြင်းဖြစ်ကြောင်း သိရသည်။

**ဖြန့်ဖြူးပေးမည်**

အဆိုပါအစီအစဉ်အတွက် ကာကွယ်ဆေးရရှိမှုတွင် နှောင့်နှေးကြန့်ကြာမှုများရှိသည့်အတွက် ပြန်လည်ဖြန့်ဖြူးပေးရာတွင်လည်း အချိန်အနည်းငယ် စောင့်ဆိုင်းရခြင်းဖြစ်ကြောင်းနှင့် ယခုလနှောင်းပိုင်းတွင် ကာကွယ်ဆေး ၂ ဒသမ ၃ ဘီလီယံဖြန့်ဖြူးပေးမည်ဖြစ်ပြီး ယင်းတို့အနက် ၁ ဒသမ ၈ ဘီလီယံကို ဝင်ငွေနည်းပါးသောနိုင်ငံများအား ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း GAVI ဆေးဝါးဖြန့်ဖြူးရေးမဟာမိတ်အဖွဲ့အကြီးအကဲ ဘာခ်ကလေက ပြောကြားခဲ့သည်။

COVAX အစီအစဉ်အနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများရရှိရန် အိန္ဒိယနိုင်ငံ ဆီရမ်အင်စတီကျုနှင့် ကာလရှည်သဘောတူညီမှုတစ်ရပ် ရရှိထားပြီးဖြစ်ကြောင်းနှင့် Covishield ကာကွယ်ဆေးနှင့် Novavax ကာကွယ်ဆေး အလုံးရေပေါင်း ၁ ဒသမ ၁ ဘီလီယံ ထပ်မံရရှိမည်ဖြစ်ကြောင်း ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့အကြီးအကဲ ဟန်ရီယက်တာဖောက ပြောကြားခဲ့သည်။

ကိုးကား - စီအင်န်အေ
ဘာသာပြန် - အောင်ကျော်ကျော်

# နှစ်နိုင်ငံဆက်ဆံရေးခိုင်မာစေရေးပူးပေါင်းဆောင်ရွက်ရန် အမေရိကန်နှင့် တောင်ကိုရီးယားတို့ သဘောတူညီ

**ဝါရှင်တန် ဖေဖော်ဝါရီ ၄**

အမေရိကန်နိုင်ငံ သမ္မတ ဂျိုးဘိုင်ဒင်နှင့် တောင်ကိုရီးယားနိုင်ငံ သမ္မတမွန်ဂျေအင်းတို့သည် နှစ်နိုင်ငံ ဆက်ဆံရေးခိုင်မာစေရေး ပူးပေါင်းဆောင်ရွက်ရန်သဘောတူညီခဲ့ပြီး ဂျပန်နိုင်ငံ အပါအဝင် သုံးနိုင်ငံပူးပေါင်းဆောင်ရွက်မှု၏ အရေးပါမှုနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြောင်းသိရသည်။

ယခုဆွေးနွေးမှုသည် ပြီးခဲ့သည့်လအတွင်းက အမေရိကန်သမ္မတအဖြစ် ဂျိုးဘိုင်ဒင်စတင်တာဝန်ထမ်းဆောင်ပြီးနောက် အမေရိကန်နိုင်ငံ သမ္မတ ဂျိုးဘိုင်ဒင်နှင့် တောင်ကိုရီးယားနိုင်ငံ သမ္မတ မွန်ဂျေအင်းတို့၏ ပထမဆုံးအကြိမ် ဖုန်းဖြင့်ဆက်သွယ်ဆွေးနွေးခဲ့ခြင်းဖြစ်ကြောင်းလည်း သိရသည်။

နှစ်နိုင်ငံခေါင်းဆောင်နှစ်ဦးသည် မြောက်ကိုရီးယားအရေးနှင့် စပ်လျဉ်း၍ ပူးပေါင်းဆောင်ရွက်ရန်လည်း သဘောတူညီခဲ့ကြောင်း အိမ်ဖြူတော်က ပြောကြားခဲ့သည်။

ကိုရီးယားကျွန်းဆွယ်တွင် နျူးကလီးယားလက်နက်အပြီးတိုင်ဖျက်သိမ်းရေး ပူးပေါင်းကြိုးပမ်းမှုများနှင့် ကိုရီးယားကျွန်းဆွယ်ငြိမ်းချမ်းရေးတို့ကို ပူးပေါင်းဆောင်ရွက်သွားရန် တောင်ကိုရီးယားသမ္မတ မွန်ဂျေအင်းက အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်အား အဆိုပြုခဲ့ကြောင်းလည်း တောင်ကိုရီးယားသမ္မတရုံးက ထုတ်ပြန်ခဲ့သည်။

ထို့ကြောင့် ကိုရီးယားကျွန်းဆွယ်အရေးနှင့် ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရန် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က ကတိပြုခဲ့ကြောင်းလည်း သိရသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-အလင်းသစ်**







# ရေချို၊ ရေငန် နှစ်မျိုးလုံး သန့်စင်ပေးနိုင်မည့် အကြီးစားရေသန့်စင်စက်ရုံကို စင်ကာပူ၌ ဖွင့်လှစ်

**စင်ကာပူ ဖေဖော်ဝါရီ ၄**

စင်ကာပူနိုင်ငံသည် ရေချိုနှင့် ရေငန်နှစ်မျိုးလုံးကို သန့်စင်ပေးနိုင်မည့် အကြီးစားရေသန့်စင်စက်ရုံကို ယနေ့တွင် ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ယင်းစက်ရုံသည် စင်ကာပူတွင် ရေချိုနှင့်ရေငန် နှစ်မျိုးစလုံးကို သန့်စင်ပေးနိုင်မည့် ပထမဆုံး စက်ရုံလည်းဖြစ်ပြီး စင်ကာပူနိုင်ငံ၏ စတုတ္ထမြောက်ဖွင့်လှစ်ခဲ့သည့် အကြီးစားရေသန့်စင်စက်ရုံလည်း ဖြစ်သည်။ ကပ်ပါမာရီနာ ရေသန့်စင်စက်ရုံဟု အမည်ပေးထားသည့် အဆိုပါစက်ရုံသည် မာရီနာအရှေ့ပိုင်းအရပ်တွင် တည်ရှိသည်။

ရေလှောင်ကန်တွင်း သိုလှောင်ထားပြီးဖြစ်သည့် ရေချိုနှင့် ပင်လယ်ရေနှစ်မျိုးစလုံးကို ရေစုပ်စနစ်မှ ဆွဲယူပြီး ရေအမျိုးအစားပေါ်မူတည်၍ အလိုအလျောက်သန့်စင်ပေးနိုင်မည့် စနစ်ပါရှိသည်။ သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်မည့် အဆင့်မြင့်နည်းပညာရပ်ကို အသုံးပြုထားသည့်အပြင် ကုန်ကျစရိတ်နှင့် နေရာယူမှု နည်းပါးစေရန်လည်း ဖန်တီးထားသည်။ ယင်းစက်ရုံ၏ ရေသန့်စင်မှုနှင့် ရေဆွဲယူစနစ်အားလုံးကို မြေအောက်တွင် အဆောက်အအုံ တည်ဆောက်ကာ ဆောင်ရွက်ထားပြီး စက်ရုံ၏ အပေါ်ထပ်ကို အမိုးဖွင့်ပုံစံတည်ဆောက်ထားကာ ပြည်သူများ အပန်းဖြေဧရိယာဖြစ်စေရေး ဖန်တီးပေးထားသည်။ ဧရိယာအတွင်း စက်ဘီးအပ်နှံရန်နေရာ၊ စားသောက်ဆိုင်နှင့် အိမ်သာများ ပါဝင်သည်။

"ဒီစက်ရုံက အရင်စက်ရုံသုံးခုနဲ့ မတူပါဘူး။ မိုးရေကိုသန့်စင်ပေးမှာဖြစ်သလို ပင်လယ်ရေငန်ကိုလည်း သန့်စင်ပေးမှာဖြစ်ပါတယ်။ ရေအရင်းအမြစ်က ဘာဆိုတာနဲ့ပတ်သက်ပြီး ကန့်သတ်ချက်မရှိတဲ့ သန့်စင်ရေးစနစ်ဖြစ်ပါတယ်"ဟု အမျိုးသားရေအရင်းအမြစ်အေဂျင်စီ အမှုဆောင်ချုပ် ဂျိုဟီက ပြောသည်။

ယခုစက်ရုံသည် တစ်နေ့လျှင်ရေချိုဂါလန်သန်း ၃၀ ထုတ်လုပ်ပေးမည်ဖြစ်ပြီး ယင်းပမာဏသည် စင်ကာပူပြည်တွင်း ရေချိုလိုအပ်မှု၏ ခုနစ်ရာခိုင်နှုန်းကို ထုတ်လုပ်ပေးနိုင်ခြင်းနှင့် ညီမျှသည်။ လက်ရှိတပ်ဆင်ထားသည့် ရေသန့်စနစ်စက်များ၏ သက်တမ်းကို ၂၀၂၀ ပြည့်နှစ်မှ ၂၀၄၅ ခုနှစ်အထိ ၂၅ နှစ်သက်တမ်း သတ်မှတ်ထားသည်။

**ကိုးကား- စီအင်န်အေ၊ ဘာသာပြန်-မေလှဲ့သင်း**

# ကိုလံဘီယာနိုင်ငံက Sinovac ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အရေးပေါ်အသုံးပြုရန် ကြေညာ

**ဘိုဂိုတာ ဖေဖော်ဝါရီ ၄**

ကိုလံဘီယာနိုင်ငံ၏ အမျိုးသားအစားအသောက်နှင့် ဆေးဝါးဆိုင်ရာစောင့်ကြည့်လေ့လာရေးဌာနက တရုတ်ဆေးဝါးကုမ္ပဏီ Sinovac Biotech မှ ထုတ်လုပ်သည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အရေးပေါ်အသုံးပြုရန် အတည်ပြုခဲ့ကြောင်း ကိုလံဘီယာသမ္မတ အီဗန်ဒူကေးက ဖေဖော်ဝါရီ ၃ ရက်တွင် ကြေညာခဲ့သည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအား ကိုလံဘီယာနိုင်ငံ၏ ကျွမ်းကျင်သူများအဖွဲ့က အကဲဖြတ်ဆန်းစစ်မှုများပြုလုပ်ခဲ့ပြီးနောက် အတည်ပြုပေးခဲ့ခြင်းဖြစ်ကြောင်းလည်း ကိုလံဘီယာသမ္မတ အီဗန်ဒူကေးက ကိုဗစ်-၁၉ ရောဂါနှင့်စပ်လျဉ်း၍ ရုပ်မြင်သံကြားမှတစ်ဆင့် နေ့စဉ်ပြုလုပ်သည့် သတင်းထုတ်ပြန်ခြင်းအခမ်းအနားတစ်ရပ်တွင် ပြောကြားခဲ့သည်။

ကိုလံဘီယာအစိုးရ၏ ထုတ်ပြန်ချက်အရ ကိုလံဘီယာနိုင်ငံအနေဖြင့် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ဖေဖော်ဝါရီ ၂၀ ရက်တွင် စတင်မည်ဖြစ်ကြောင်းလည်း သိရသည်။

လက်ရှိတွင် ကိုလံဘီယာနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၂၁၂၅၆၂၂ ဦးနှင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၅၄၈၇၇ ဦးအထိရှိခဲ့ကြောင်းလည်း ကိုလံဘီယာကျန်းမာရေးနှင့် လူမှုကာကွယ်ရေးဝန်ကြီးဌာန၏ ပြောကြားချက်အရသိရသည်။

ကိုလံဘီယာအစိုးရသည် ကိုဗစ်-၁၉ ရောဂါကူးစက်မှုကို ထိန်းချုပ်ရန်အတွက် လူစုလူဝေးပြုလုပ်ခြင်းများကို ရှောင်ရှားရန် တောင်းဆိုထားသည့်အပြင် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အရေးပေါ်အခြေအနေကိုလည်း ဖေဖော်ဝါရီ ၂၈ ရက်အထိ သက်တမ်းထပ်မံတိုးမြှင့်ခဲ့ကြောင်းလည်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**







ကမ္ဘာ့စီးပွားရေးဖိုရမ် ပုံမှန်ကျင်းပလေ့ရှိသည့် ဆွစ်ဇာလန်နိုင်ငံ ဒါဗို့စ်မြို့။

# ကမ္ဘာ့စီးပွားရေးဖိုရမ်ကို ဩဂုတ်လတွင် ကျင်းပရန် ထပ်မံရွှေ့ဆိုင်း

**စင်ကာပူ ဖေဖော်ဝါရီ ၄**

ကမ္ဘာ့စီးပွားရေးဖိုရမ် မျက်နှာချင်းဆိုင် ထိပ်သီးအစည်းအဝေးကို ၂၀၂၁ ခုနှစ် ဩဂုတ်လရောက်မှသာ ကျင်းပရန် ထပ်မံရွှေ့ဆိုင်းခဲ့ကြောင်း သိရသည်။ အစီအစဉ်သစ်အရ ကမ္ဘာ့စီးပွားရေးဖိုရမ်ကို စင်ကာပူနိုင်ငံ၌ ဩဂုတ် ၁၇ ရက်မှ ၂၀ ရက်အထိ ကျင်းပမည်ဖြစ်သည်။

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ဇန်နဝါရီလတွင် နှစ်စဉ်ကျင်းပလေ့ရှိသည့် ကမ္ဘာ့စီးပွားရေးဖိုရမ်ကို ၂၀၂၁ ခုနှစ် မေလတွင် ကျင်းပရန် အစောပိုင်းက တစ်ကြိမ်ပြောင်းလဲသတ်မှတ်ခဲ့သည်။ သို့ရာတွင် ကပ်ရောဂါပြန့်ပွားမှုကို ထိန်းချုပ်ရန် ခက်ခဲနေဆဲဖြစ်သည့်အပြင် ကိုဗစ်-၁၉ စည်းမျဉ်းဆိုင်ရာ ခရီးသွားလာရေး ကန့်သတ်ချက်များလည်း ရှိနေဆဲဖြစ်သောကြောင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု ကျဆင်းနိုင်ဖွယ်ရှိမည့် ဩဂုတ်လရောက်မှသာ ကျင်းပရန် ပြောင်းလဲသတ်မှတ်ခဲ့ခြင်းဖြစ်ကြောင်း ပွဲစီစဉ်သူများ၏ အဆိုအရ သိရသည်။

**နေရာပြောင်းလဲသတ်မှတ်**

ကမ္ဘာ့စီးပွားရေးဖိုရမ်သည် ယေဘုယျအားဖြင့် ဆွစ်ဇာလန်နိုင်ငံ နှင်းလျှောစီးအပန်းဖြေစခန်းတည်ရှိရာ ဒါဗို့စ်မြို့တွင် ကျင်းပလေ့ရှိသော်လည်း ဥရောပဒေသတွင်း ကိုဗစ်-၁၉ ကူးစက်မှုအရှိန် မြင့်တက်ဆဲအနေအထားကြောင့် ကိုဗစ်-၁၉ ကူးစက်မှု လျော့ကျနေပြီဖြစ်သည့် စင်ကာပူနိုင်ငံတွင် ကျင်းပရန် ပြောင်းလဲသတ်မှတ်ခဲ့ခြင်းဖြစ်သည်။

ယခုလို ဩဂုတ်လအတွင်း ကျင်းပရန် ပြောင်းလဲသတ်မှတ်ချက်သည် တရုတ်သမ္မတ ရှီကျင့်ဖျင်၊ ဂျပန်ဝန်ကြီးချုပ် ဆူဂါတို့အပါအဝင် ဖိုရမ်သို့ တက်ရောက်မည့်ကမ္ဘာ့ခေါင်းဆောင်များအားလုံး ကပ်ရောဂါတိုက်ဖျက်ရေး၊ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်နှင့် အခြားကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုကိစ္စရပ်များကို အွန်လိုင်းမှတစ်ဆင့် ဆွေးနွေးအပြီး တစ်ပတ်အကြာမှာပင် ပေါ်ထွက်လာခြင်းဖြစ်သည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-မေလှဲ့သင်း**




## အီးယူ၏ ပို့ကုန်ထိန်းချုပ်မှုကြောင့် အာရှထုတ် ကိုဗစ်-၁၉ ကာကွယ်ဆေးကို ထိုင်းနိုင်ငံ ပြောင်းလဲမှာယူ

ဗန်ကောက် ဖေဖော်ဝါရီ ၄

ဥရောပသမဂ္ဂ(အီးယူ)၏ ပို့ကုန်ထိန်းချုပ်မှု ဥပဒေကြောင့် ထိုင်းနိုင်ငံအနေဖြင့် ၎င်းတို့မှာယူထားသည့် AstraZeneca ကာကွယ်ဆေးကို အာရှဒေသတွင်း ထုတ်လုပ်သည့်ဆေးကိုသာ ပြောင်းလဲမှာယူထားကြောင်း ထိုင်းကျန်းမာရေးဝန်ကြီးက ယနေ့တွင် အတည်ပြုခဲ့သည်။

AstraZenecaဆေးကုမ္ပဏီအနေဖြင့် အီးယူသို့ ပေးပို့ရန်ရှိသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထောက်ပံ့မှုတွင် နှောင့်နှေးမှုများဖြစ်ပေါ်ခဲ့ပြီးနောက် ပြီးခဲ့သည့် သီတင်းပတ်အတွင်းမှာပင် အီးယူက ကာကွယ်ဆေးဆိုင်ရာ ပို့ကုန်ထိန်းချုပ်ရေးကန့်သတ်ချက်များကို ချမှတ်ခဲ့ခြင်းဖြစ်သည်။ AstraZeneca ကုမ္ပဏီက ဘယ်လ်ဂျီယံနှင့် နယ်သာလန်စက်ရုံများတွင် နည်းပညာဆိုင်ရာ ပြဿနာများကြောင့် ကာကွယ်ဆေး ထုတ်လုပ်မှုပမာဏ ကျဆင်းခဲ့ခြင်းအပြင် စက်ရုံနှစ်ရုံမှ ထွက်ရှိသည့် ဆေးဝါးများကို အခြားနိုင်ငံများသို့ တင်ပို့ခဲ့ရခြင်းကြောင့် ဆေးဝါးထောက်ပံ့မှုတွင် ကြန့်ကြာခဲ့ရခြင်းဖြစ်ကြောင်း အီးယူသို့ ဖြေရှင်းချက်ပေးခဲ့သည်။

ထိုင်းနိုင်ငံသည် ယခုလအတွင်း ရောက်ရှိလာမည့် AstraZeneca ဆေးပထမအသုတ်အဖြစ် ဥရောပထုတ် ကာကွယ်ဆေးကို မှာယူထားခြင်းဖြစ်သည်။ သို့ရာတွင် အီးယူ၏ ကာကွယ်ဆေးဆိုင်ရာ ပို့ကုန်ကန့်သတ်ချက်အပြီး ထိုင်းနိုင်ငံအနေဖြင့် AstraZeneca၏ အာရှစက်ရုံထုတ်ဆေးဝါးကိုသာ ပြောင်းလဲမှာယူခဲ့ခြင်းဖြစ်သည်။ အိန္ဒိယနှင့် တောင်ကိုရီးယားနိုင်ငံတို့သည် လတ်တလောတွင် AstraZenecaဆေးဝါးထုတ်လုပ်ပေးလျက်ရှိသည့် အာရှနိုင်ငံများဖြစ်သည်။

ထိုင်းနိုင်ငံသည် AstraZenecaဆေး ၁၅၀၀၀၀ အပြင် တရုတ်နိုင်ငံထုတ်Sinovacဆေး အလုံးရေ နှစ်သန်းကိုလည်း မှာယူထားပြီးဖြစ်သည်။ ယင်းနောက် AstraZeneca ဆေးအလုံးရေ ၂၆ သန်းကို ပြည်တွင်းမှာပင် ထုတ်လုပ်ရန် စီစဉ်ထားပြီး ယင်းစက်ရုံမှ တစ်လလျှင် ဆေးအလုံးရေ ငါးသန်း ပုံမှန်ထုတ်လုပ်ပေးမည်ဖြစ်သည်။ **ကိုးကား-စီအင်န်အေ၊ ဘာသာပြန်-မေလွဲ့သင်း**

## ကမ္ဘာပေါ်တွင် ဗီဇပြောင်းဗိုင်းရပ်စ်အမျိုးအစား ၄၀၀၀ ကျော် ရှိလာသဖြင့် ကာကွယ်ဆေးများ အရည်အသွေးမြှင့်တင်ရန် ဗြိတိန်ကျန်းမာရေးဝန်ကြီး တိုက်တွန်း

လန်ဒန် ဖေဖော်ဝါရီ ၄

ကမ္ဘာပေါ်တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားစေနိုင်သည့် ဗီဇပြောင်းဗိုင်းရပ်စ်အမျိုးအစား ၄၀၀၀ ကျော် ပြန့်ပွားလျက်ရှိပြီဖြစ်သောကြောင့် လက်ရှိထုတ်လုပ်ထားပြီးဖြစ်သည့် Pfizer၊ Moderna နှင့် AstraZeneca တို့ကဲ့သို့သော ဆေးများအနေဖြင့် ယင်းဗီဇပြောင်းဗိုင်းရပ်စ်များကို ပိုမိုထိရောက်စွာကာကွယ်နိုင်ရေး အရည်အသွေးမြှင့်တင်ရန် လိုအပ်နေပြီဖြစ်ကြောင်း ဗြိတိန်ကာကွယ်ဆေး ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး ဇာဟာဝီက ယနေ့ ပြောကြားသည်။

ကိုရိုနာဗိုင်းရပ်စ်မှ ဗီဇပြောင်းဗိုင်းရပ်စ်အမျိုးအစားပေါင်းထောင်နှင့်ချီ၍ ကမ္ဘာပေါ်တွင် ပျံ့နှံ့နေပြီးဖြစ်သော်လည်း ကမ္ဘာ့နိုင်ငံများအနေဖြင့် အဆိုပါဗီဇပြောင်းဗိုင်းရပ်စ်များအနက် ဖြစ်ပွားမှုအများဆုံး ဗြိတိန်ဗီဇပြောင်းဗိုင်းရပ်စ်၊ တောင်အာဖရိကဗီဇပြောင်း ဗိုင်းရပ်စ်နှင့် ဘရာဇီးဗီဇပြောင်းဗိုင်းရပ်စ်တို့ကိုသာ သတိပြုမိခြင်းဖြစ်သည်။

"ဗီဇပြောင်းဗိုင်းရပ်စ်တွေ အများကြီးပြန့်ပွားနေခဲ့ပြီးသားဖြစ်ပေမယ့် ဆေးရုံတက်ရောက်ကုသရတဲ့အထိ ရောဂါပြင်းထန်တာမျိုး၊ ကူးစက်မှုလျင်မြန်လွန်းတဲ့ ဗီဇပြောင်း ဗိုင်းရပ်စ်တွေလောက်ကိုပဲ သတိပြုမိကြတာ ဖြစ်ပါတယ်" ဟု ဝန်ကြီး ဇာဟာဝီက စကိုင်းစ်နယူးစ်ရုပ်သံနှင့် တွေ့ဆုံမေးမြန်းခန်းတွင် ပြောသည်။

ဗိုင်းရပ်စ်၏ ဗီဇပြောင်းလဲမှုဖြစ်စဉ်သည် ဗိုင်းရပ်စ်များက ယင်းတို့၏စိတ်ကြိုက်နည်းလမ်းဖြင့် ဗီဇပြောင်းလဲခြင်းကို သဘာဝအတိုင်း ပုံတူပွားဆောင်ရွက်ခြင်းမှ ဖြစ်ပေါ်လာခြင်းဖြစ်ကာ လက်ရှိကာလအထိ ကမ္ဘာပေါ်တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားစေသည့် ဗီဇပြောင်းဗိုင်းရပ်စ်အမျိုးအစားပေါင်း ၄၀၀၀ ကျော် ပြန့်ပွားခဲ့ပြီးဖြစ်သည်ဟု ဗြိတိန်ကျန်းမာရေးဂျာနယ်တွင် ဖော်ပြခဲ့ပြီးဖြစ်သည်။ ဥပမာအားဖြင့် ဗြိတိန်ဗီဇပြောင်းဗိုင်းရပ်စ်ဟု အလွယ်ခေါ်နေသည့် VUI 202012/01 ဗိုင်းရပ်စ်သည် ပရိုတိန်းပြောင်းလဲမှုပြုပြီး ဗီဇပြောင်းလာခြင်းကြောင့် လူ့ခန္ဓာကိုယ်ရှိ ကိုယ်တွင်းအစိတ်အပိုင်းများနှင့် ဆဲလ်များတွင် တွယ်ကပ်မှု ပိုမိုအားကောင်းသည်ဖြစ်ရာ သာမန်ကိုရိုနာဗိုင်းရပ်စ်ထက် ကူးစက်မှုနှုန်း ၇၀ ရာခိုင်နှုန်း ပိုမိုလျင်မြန်ခြင်းဖြစ်သည်။

"ကျွန်တော်တို့ဆီမှာ ကမ္ဘာ့အကြီးဆုံး မျိုးဗီဇဆင့်ပွားပြောင်းလဲခြင်းကို လေ့လာတဲ့ လုပ်ငန်းကြီး ရှိပါတယ်။ ကမ္ဘာပေါ်မှာရှိတဲ့ ဗီဇပြောင်းလဲမှုကို လေ့လာခြင်းလုပ်ငန်းရဲ့ ၅၀ ရာခိုင်နှုန်းက ဒီနေရာမှာပဲ ဆောင်ရွက်နိုင်တာကြောင့် ကျွန်တော်တို့အနေနဲ့ ဗီဇပြောင်းဗိုင်းရပ်စ်ကို ထိထိရောက်ရောက် ကာကွယ်နိုင်မယ့် ကာကွယ်ဆေးကို လာမယ့်ဆောင်းဦးပေါက်မှာ ရရှိနိုင်ဖို့ မျှော်လင့်ထားပါတယ်" ဟု ပြောကြားသည်။ **ကိုးကား-စီအင်န်အေ**
**ဘာသာပြန်-မေလွဲ့သင်း**



## အိန္ဒိယနိုင်ငံက COVAX အစီအစဉ်သို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အလုံးရေ ၁ ဒသမ ၁ ဘီလီယံ ထောက်ပံ့ပေးမည်

နယူးဒေလီ ဖေဖော်ဝါရီ ၄

အိန္ဒိယနိုင်ငံက COVAX အစီအစဉ်သို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၁ ဒသမ ၁ ဘီလီယံ ထောက်ပံ့ပေးမည်ဖြစ်ကြောင်းနှင့် လက်ရှိတွင် အိန္ဒိယနိုင်ငံက ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထောက်ပံ့ပေးမည့် အစီအစဉ်နှင့် စပ်လျဉ်း၍ အိန္ဒိယနိုင်ငံ၏ ဆီရမ်အင်စတီကျုနှင့် သဘောတူညီချက်တစ်ရပ် ရရှိထားပြီးဖြစ်ကြောင်း ကုလသမဂ္ဂဦးဆောင်သည့် COVAX အစီအစဉ်က ပြောကြားခဲ့သည်။

COVAX အစီအစဉ်တွင် နိုင်ငံနှင့် ဒေသပေါင်း ၁၉၀ က ပူးပေါင်းပါဝင်လျက်ရှိပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်း၊ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့နှင့် အခြားသော နိုင်ငံတကာအဖွဲ့အစည်းများက ကမ္ဘာတစ်ဝန်းသို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထောက်ပံ့ပေးနိုင်ရန် ရည်ရွယ်ထားသည့် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ လုပ်ငန်းမူဘောင်တို့တွင် ပါဝင်ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

လက်ရှိတွင် AstraZeneca နှင့် Novavax တို့က ပူးပေါင်းထုတ်လုပ်သည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အလုံးရေ ၁ ဒသမ ၁ ဘီလီယံအတွက် အိန္ဒိယနိုင်ငံ ဆီရမ်အင်စတီကျုနှင့် ကာလရှည်အထောက်အပံ့ပေးရေး စာချုပ်တစ်ရပ်ကို ချုပ်ဆိုထားပြီးဖြစ်ကြောင်းလည်း ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့မှ အမှုဆောင်ညွှန်ကြားရေးမှူး ဟန်ရီယက်တာဖောက ဖေဖော်ဝါရီ ၃ ရက်တွင် ပြောကြားခဲ့သည်။

COVAX အစီအစဉ်သည် ယခုနှစ်ကုန်ပိုင်းတွင် ကမ္ဘာတစ်ဝန်းသို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ နှစ်ဘီလီယံခန့် ပံ့ပိုးပေးရန် ရည်ရွယ်ထားပြီး အဆိုပါအစီအစဉ်အရ ကျန်းမာရေးဝန်ထမ်းများနှင့် အသက်အရွယ်ကြီးရင့်သူများကို ဦးစားပေးမည်ဖြစ်ကြောင်းလည်း သိရသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-အလင်းသစ်**

## တရုတ်နိုင်ငံက ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ COVAX အစီအစဉ်သို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ၁၀ သန်း ထောက်ပံ့ပေးမည်

ပေကျင်း ဖေဖော်ဝါရီ ၄

တရုတ်အစိုးရက ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ COVAX အစီအစဉ်သို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ၁၀ သန်း ထောက်ပံ့ပေးရန် စီစဉ်ထားကြောင်း ယမန်နေ့သတင်းများအရ သိရသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ COVAX အစီအစဉ်သည် ကမ္ဘာ့ဝင်ငွေနည်းပါးသောနိုင်ငံများအပါအဝင် နိုင်ငံအားလုံး ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ညီမျှစွာရရှိရန် ဖြန့်ဖြူးပေးမည့် အစီအစဉ်ဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထောက်ပံ့ပေးရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ကမ်းလှမ်းမှုအပေါ် တရုတ်အစိုးရက လိုက်နာဆောင်ရွက်လျက်ရှိကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဝမ်ဝင်ဘင်က ယမန်နေ့တွင် ကျင်းပပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။



တရုတ်အစိုးရက ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး လိုအပ်မှုအပေါ် ဖြည့်ဆည်းဆောင်ရွက်လျက်ရှိကြောင်းနှင့် တရုတ်နိုင်ငံထုတ်ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အရေးပေါ်သုံးစွဲခွင့်ပြုရန် ပြန်လည်သုံးသပ်လျက်ရှိကြောင်း ဝမ်ဝင်ဘင်က ဆိုသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ COVAX အစီအစဉ်သို့ တရုတ်အစိုးရ၏ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ယခုထောက်ပံ့ပေးမှုသည် တရုတ်နိုင်ငံက COVAX အစီအစဉ်၏ အဖွဲ့ဝင်အဖြစ် အောက်တိုဘာလအတွင်း ဝင်ရောက်ခဲ့ပြီးနောက် ပထမဆုံးအကြိမ်ဖြစ်သည်။

COVAX အစီအစဉ်သို့ ကာကွယ်ဆေးများ ယခုထောက်ပံ့ပေးမှုအပြင် ဖွံ့ဖြိုးဆဲနိုင်ငံများအပါအဝင် နိုင်ငံပေါင်း ၅၀ ကျော်အား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထပ်မံထောက်ပံ့ပေးသွားရန် စီစဉ်ထားကြောင်း သိရသည်။ **ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- အောင်ကျော်ကျော်**

| ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ | | |
| --- | --- | --- |
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၁၀၄၉၉၄၄၈၈ | ဦး |
| သေဆုံးသူ | ၂၂၈၀၆၇၅ | ဦး |
| ပြန်လည်ကျန်းမာလာသူ | ၇၆၇၄၂၉၅၂ | ဦး |








ထွန်းထွန်း၊ ကျော်မင်းဦး၊ ဇင်ဖြိုးလေး(ခ)နဂါးလေး၊ ထက်ရှိုင်းလင်း(ခ)ခွန်ထိုင်း၊ ဇော်သက်(ခ)လူပျိုကြီး တို့အား သိမ်းဆည်းရမိသည့် အမိုနီယမ်နိုက်ထရိတ်များနှင့်အတူ တွေ့ရစဉ်။

## မြဝတီနှင့် ကွတ်ခိုင်မြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၄**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ဇန်နဝါရီ ၂၃ ရက် ညနေ ၆ နာရီခွဲက မြဝတီမြို့ အမှတ်(၅)ရပ်ကွက် ဦးလေးကြီးလမ်းတွင် ထွန်းထွန်း မောင်းနှင်လာသည့်ယာဉ်နှင့် ကျော်မင်းဦး မောင်းနှင်ပြီး ဇင်ဖြိုးလေး(ခ)နဂါးလေး၊ ထက်ရှိုင်းလင်း(ခ)ခွန်ထိုင်းနှင့် ဇော်သက်(ခ)လူပျိုကြီးတို့ လိုက်ပါလာသည့် ယာဉ်တို့အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်မှ အမိုနီယမ်နိုက်ထရိတ် ကီလို ၂၈၅၀ တို့ကိုလည်းကောင်း၊ အလားတူ ဖေဖော်ဝါရီ ၂ ရက် ည ၉ နာရီခွဲတွင် ထွန်းထွန်း ငှားရမ်းထားသည့် မြဝတီမြို့နယ် မဲထော်သလေးကျေးရွာအုပ်စု ကျောက်ဂူဘုရားသွားလမ်းဘေးရှိ ဂိုဒေါင်သို့ သွားရောက်ရှာဖွေရာ အမိုနီယမ်နိုက်ထရိတ် ကီလို ၆၈၆၀ ကိုလည်းကောင်း။

ယင်းနောက် ယမန်နေ့ မွန်းလွဲ ၂ နာရီတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ကွတ်ခိုင်မြို့နယ် နမ့်ဖတ်ကာကျေးရွာရှိ ဖုန်းမြတ် (ခ)ရန်အိန်းစင်း၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေ ရာ ဘိန်းဖြူ သုညဒသမ ၁၇ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၂၈၅၀တို့ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

## ရေကြည်မြို့နယ်၌ အမျိုးသားတစ်ဦး ဆိုင်ကယ်တိမ်းမှောက် သေဆုံး

**ရေကြည် ဖေဖော်ဝါရီ ၄**

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် ခိုတောင်ကျေးရွာအနီး ပုသိမ်-မုံရွာ သွားကားလမ်းပေါ်တွင် ယမန်နေ့ ည ၉ နာရီက အမျိုးသားတစ်ဦး ဆိုင်ကယ် တိမ်းမှောက်ပြီး အခင်းဖြစ်နေရာတွင် သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မင်းပိုင်သည် ငါးသိုင်းချောင်းမြို့မှ ရေကြည်မြို့သို့ ပုသိမ်-မုံရွာ ကားလမ်းအတိုင်း ဆိုင်ကယ်အား တစ်ဦးတည်း အရှိန်ပြင်းစွာ မောင်းနှင်လာစဉ် မိုင်တိုင်(၂၂/၁) နှင့် (၂၂/၀) ကြားအရောက်တွင် အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်ခဲ့သဖြင့် အခင်းဖြစ်နေရာတွင် သေဆုံးခဲ့သည်။

**ဆန်းတင့်(ရေကြည်)**

## ကျောက်ပန်းတောင်းမြို့နယ်၌ ခြောက်ဘီးယာဉ်တစ်စီး ဂက်စ်အိုးပေါက်၍ မီးလောင်၊ ယာဉ်မောင်း သေဆုံး

**ကျောက်ပန်းတောင်း ဖေဖော်ဝါရီ ၄**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ကျောက်ပန်းတောင်း-မိတ္ထီလာကားလမ်း မိုင်တိုင် (၅၂/၀) မကျီးတိုင်းကျေးရွာအုပ်စု စည်ပင်သာကျေးရွာအနီးတွင် ယနေ့ နံနက် ၆ နာရီခန့်က ခြောက်ဘီးယာဉ် တစ်စီး မီးလောင်ကျွမ်းခဲ့ရာ ယာဉ်မောင်းသူမှာ နေရာတွင် မီးလောင်သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မိတ္ထီလာမြို့မှ ကျောက်ပန်းတောင်းမြို့သို့ ဝင်းသူဇင် မောင်းနှင်လာသော ခြောက်ဘီးယာဉ်သည် ရှေ့ဘီးပေါက်ပြီး ကားလမ်းဘေးရှိ ဒီပါရုံဆုတောင်းပြည့်စေတီမုခ်ဦးအား ဝင်ရောက်တိုက်မိ၍ ဂက်စ်အိုးပေါက်ကာ မီးလောင်ခဲ့သည်။

ထိုသို့ မီးလောင်သဖြင့် ယဉ်နောက် လိုက်မောင်းကျော်ကျော်သည် ကားရှေ့မှန်ကို တွန်းကန်ကာ ကားအတွင်းမှ ထွက်နိုင်ခဲ့သော်လည်း ယာဉ်မောင်း ဝင်းသူဇင်မှာ ကားအတွင်းမှ မထွက်နိုင်ဖြစ်ကာ မီးကူးစက်လောင်ခဲ့ပြီး နေရာတွင် သေဆုံးခဲ့သည်။

အဆိုပါ ကားမီးလောင်ရာသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်မီးသတ်ဦးစီးဌာနနှင့် မြို့မရဲစခန်းတို့မှ တာဝန်ရှိသူများ စစ်ဆေးခဲ့ကြပြီး ယာဉ်အား ပေါ့ဆစွာမောင်းနှင်သူ ဝင်းသူဇင်ကို ကျောက်ပန်းတောင်း မြို့မရဲစခန်းက အမှုဖွင့်ဆောင်ရွက်ထားကြောင်း သိရသည်။

**နေအောင်(ပြန်/ဆက်)**

## ပဲခူးယ်ကုန်းမြို့၌ ၂၂ ဘီး တွဲယာဉ်နှင့် ဆိုင်ကယ် တိုက်မိ၊ တစ်ဦး သေဆုံး

**ကျောက်တံခါး ဖေဖော်ဝါရီ ၄**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ပဲနွယ်ကုန်းမြို့ ကမ္ဘောဇရပ်ကွက်တွင် ယမန်နေ့ မွန်းလွဲ ၃ နာရီခန့်က ၂၂ ဘီးတွဲယာဉ်နှင့် ဆိုင်ကယ် မျက်နှာချင်းဆိုင်တိုက်မိ၍ ဆိုင်ကယ်မောင်းနှင်သူ သေဆုံးခဲ့သည်။

ဖြစ်စဉ်မှာ ရန်ကုန်-မန္တလေး ကားလမ်း(လမ်းဟောင်း) မိုင်တိုင် (၁၀၅/၆)နှင့် (၁၀၅/၇) ကြား ပဲနွယ်ကုန်းမြို့ ကမ္ဘောဇရပ်ကွက် တံတားအမှတ် (၁၀၅/၂)၌ မန္တလေးမြို့မှ ရန်ကုန်မြို့သို့ ထွန်းကျော်မောင်းနှင်ပြီး ရာဇာဖြိုး လိုက်ပါလာသော ၂၂ ဘီးတွဲယာဉ်သည် ရန်ကုန်မြို့မှ မန္တလေးမြို့သို့ ရခိုင်(ခ)မင်းနိုင် မောင်းနှင်လာသော ဆိုင်ကယ်နှင့် မျက်နှာချင်းဆိုင် တိုက်မိရာ ဆိုင်ကယ်မောင်းနှင်သူမှာ အခင်းဖြစ်ရာနေရာတွင် သေဆုံးခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ထွန်းကျော်နှင့် ရခိုင်(ခ)မင်းနိုင်တို့အား ပဲနွယ်ကုန်းနယ်မြေရဲစခန်းက အရေးယူထားကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**

■

## ဗဟန်းမြို့နယ် ရွှေတောင်ကြား(၂)ရပ်ကွက်၌ မီးလောင်

**ရန်ကုန် ဖေဖော်ဝါရီ ၄**

ဗဟန်းမြို့နယ် ရွှေတောင်ကြား(၂)ရပ်ကွက်၌ ယနေ့နံနက်အစောပိုင်းက မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့နံနက် ၈ နာရီခန့်က ဗဟန်းမြို့နယ် ရွှေတောင်ကြား (၂)ရပ်ကွက် အင်းယားမြိုင်လမ်းရှိ ဦးရဲမင်းဆွေ၏ နှစ်ထပ်တိုက်အပေါ်ထပ်အိပ်ခန်းအတွင်းရှိ လေအေးပေးစက်မော်တာ အပူလွန်ကဲရာမှ မွေ့ရာပေါ်သို့ မီးပွားကျ၍ မီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

မီးလောင်မှုကြောင့် RC နှစ်ထပ်တိုက်အပေါ်ထပ်ရှိ အခန်း သုံးခန်းနှင့် အတွင်းပစ္စည်းများ မီးလောင်ခဲ့ပြီး ဦးရဲမင်းဆွေ၏ ဖခင် ဦးမြင့်ဆွေမှာ ညာဘက်လက် မီးဟပ်ခံရ (မစိုးရိမ်ရ) ရရှိခဲ့ကြောင်း သိရသည်။

အခင်းဖြစ်ပွားရာသို့ ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး၊ ညွှန်ကြားရေးမှူး ဦးမင်းစမ်းအေး ဦးဆောင်၍ မြို့နယ် မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ် ခြောက်စီးတို့ဖြင့် မီးငြိမ်းသတ်ခဲ့ကြရာ နံနက် ၈ နာရီခွဲခန့်တွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

မီးလောင်မှုဖြစ်စဉ်နှင့်စပ်လျဉ်း၍ ဦးရဲမင်းဆွေအား ဗဟန်းမြို့မရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**စိုးမြင့်အောင်**

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ**

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၄-၂-၂၀၂၁) ရက်နေ့၊ ညနေ (၆)နာရီ

၁။ (၂၃-၃-၂၀၂၀)ရက်နေ့မှ (၃-၂-၂၀၂၁) ရက်နေ့အထိ တွေ့ရှိရသော **ဓာတ်ခွဲအတည်ပြုလူနာ (၁၄၀,၈၂၇) ဦး၏** မြို့နယ်အလိုက် တွေ့ရှိရမှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | မြို့နယ် | (၂၃-၃-၂၀) မှ (၃-၂-၂၁) အထိ | (၂၁-၁-၂၀၂၁) ရက်နေ့မှ (၃-၂-၂၀၂၁) ရက်နေ့အထိ | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | ၂၁-၀၁-၂၁ | ၂၂-၀၁-၂၁ | ၂၃-၀၁-၂၁ | ၂၄-၀၁-၂၁ | ၂၅-၀၁-၂၁ | ၂၆-၀၁-၂၁ | ၂၇-၀၁-၂၁ | ၂၈-၀၁-၂၁ | ၂၉-၀၁-၂၁ | ၃၀-၀၁-၂၁ | ၃၁-၀၁-၂၁ | ၁-၀၂-၂၁ | ၂-၀၂-၂၁ | ၃-၀၂-၂၁ |
| ၁။ | ရန်ကုန်တိုင်းဒေသကြီး | | | | | | | | | | | | | | | |
| ၁ | [illegible] | ၆၈၀၃ | ၁ | ၂ | ၀ | ၁ | ၁ | ၂ | ၁ | ၀ | ၀ | ၂ | ၀ | ၀ | ၆ | ၅ |
| ၂ | [illegible] | ၆,၀၁၇ | ၇ | ၆ | ၆ | ၁၀ | ၀ | ၃ | ၈ | ၃ | ၂ | ၀ | ၄ | ၃ | ၀ | ၃ |
| ၃ | [illegible] | ၄၃၂ | ၂ | ၀ | ၁ | ၀ | ၂ | ၁ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၃ |
| ၄ | [illegible] | ၇,၉၁၀ | ၃ | ၉ | ၃ | ၁ | ၄ | ၄ | ၂ | ၅ | ၅ | ၆ | ၅ | ၀ | ၁ | ၂ |
| ၅ | [illegible] | ၄,၆၆၂ | ၁၀ | ၁ | ၃ | ၁ | ၃ | ၂ | ၃ | ၂ | ၅ | ၂ | ၁ | ၀ | ၂ | ၂ |
| ၆ | [illegible] | ၂,၈၆၃ | ၃ | ၁ | ၃ | ၃ | ၃ | ၁ | ၅ | ၀ | ၁ | ၂ | ၁ | ၁ | ၃ | ၂ |
| ၇ | သာကေတ | ၂,၄၁၀ | ၁ | ၂ | ၂ | ၁ | ၀ | ၁ | ၀ | ၂ | ၁ | ၀ | ၂ | ၁ | ၀ | ၂ |
| ၈ | [illegible] | ၁,၈၈၆ | ၂ | ၀ | ၀ | ၄ | ၁ | ၁ | ၁ | ၃ | ၀ | ၀ | ၁ | ၀ | ၂ | ၂ |
| ၉ | [illegible] | ၉၇၅ | ၂ | ၂ | ၀ | ၀ | ၀ | ၃ | ၁ | ၀ | ၂ | ၁ | ၁ | ၁ | ၂ | ၂ |
| ၁၀ | [illegible] | ၄,၈၇၉ | ၂ | ၅ | ၂ | ၁ | ၁ | ၅ | ၄ | ၈ | ၄ | ၃ | ၁ | ၁ | ၀ | ၁ |
| ၁၁ | [illegible] | ၄,၆၈၂ | ၅ | ၄ | ၄ | ၁ | ၂ | ၀ | ၃ | ၂ | ၁ | ၂ | ၀ | ၃ | ၁ | ၁ |
| ၁၂ | [illegible] | ၃,၂၆၈ | ၄ | ၅ | ၁ | ၃ | ၈ | ၆ | ၁ | ၃ | ၄ | ၂ | ၂ | ၁ | ၁ | ၁ |
| ၁၃ | [illegible] | ၂,၈၈၈ | ၆ | ၅ | ၂ | ၂ | ၃ | ၁ | ၁ | ၁ | ၁ | ၀ | ၅ | ၁ | ၀ | ၁ |
| ၁၄ | [illegible] | ၂,၀၆၈ | ၄ | ၄ | ၀ | ၆ | ၁ | ၁ | ၁ | ၃ | ၂ | ၅ | ၀ | ၀ | ၀ | ၁ |
| ၁၅ | [illegible] | ၁,၃၀၅ | ၂ | ၁ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၁ |
| ၁၆ | [illegible] | ၁,၅၂၆ | ၁ | ၃ | ၀ | ၂ | ၀ | ၁ | ၁ | ၃ | ၂ | ၀ | ၀ | ၁ | ၆ | ၁ |
| ၁၇ | [illegible] | ၁,၂၇၁ | ၁ | ၁ | ၂ | ၀ | ၀ | ၀ | ၁ | ၀ | ၃ | ၀ | ၁ | ၀ | ၁ | ၀ |
| ၁၈ | [illegible] | ၁,၁၈၆ | ၀ | ၀ | ၀ | ၁ | ၀ | ၁ | ၀ | ၀ | ၁ | ၂ | ၁ | ၂ | ၁ | ၀ |
| ၁၉ | [illegible] | ၁,၅၄၃ | ၁ | ၀ | ၀ | ၀ | ၁ | ၁ | ၃ | ၂ | ၃ | ၁ | ၃ | ၂ | ၁ | ၁ |
| ၂၀ | [illegible] | ၁,၁၂၀ | ၁ | ၁ | ၁ | ၀ | ၁ | ၂ | ၁ | ၀ | ၀ | ၂ | ၀ | ၂ | ၀ | ၀ |
| ၂၁ | [illegible] | ၃,၉၈၄ | ၁၁ | ၃ | ၃ | ၃ | ၄ | ၃ | ၁ | ၃ | ၆ | ၀ | ၁ | ၄ | ၀ | ၀ |
| ၂၂ | [illegible] | ၃,၈၂၆ | ၂ | ၁ | ၅ | ၃ | ၁ | ၁ | ၃ | ၀ | ၁ | ၀ | ၄ | ၁ | ၀ | ၀ |
| ၂၃ | [illegible] | ၃,၈၅၆ | ၃ | ၄ | ၃ | ၁ | ၃ | ၀ | ၁ | ၃ | ၁ | ၅ | ၀ | ၁ | ၃ | ၀ |
| ၂၄ | [illegible] | ၃,၇၈၉ | ၆ | ၅ | ၆ | ၂ | ၂ | ၆ | ၃ | ၁ | ၈ | ၁ | ၆ | ၀ | ၁ | ၀ |
| ၂၅ | [illegible] | ၂,၅၀၈ | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |

စာမျက်နှာ ၁၇ သို့

# မင်းတုန်းချောင်းတံတား(ရေနံ့သာ) တည်ဆောက်ရေးစီမံကိန်းရှိ ဘိုးပိုင်တူးခြင်းလုပ်ငန်းများဆောင်ရွက်

**သရက် ဖေဖော်ဝါရီ ၄**
မကွေးတိုင်းဒေသကြီး ကံမမြို့၌ သရက်မြို့နှင့် ကံမမြို့ရှိ ရေနံ့သာရွာအား ဆက်သွယ်တည်ဆောက်နေသော မင်းတုန်းချောင်းတံတား(ရေနံ့သာ) တည်ဆောက်ရေးစီမံကိန်းအား ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၃)က အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုအခါ ဘိုးပိုင်တူးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ သိရသည်။

အဆိုပါတံတားသစ်၏ ပင်မတံတားမှာ RC သံကူကွန်ကရစ်တံတားအမျိုးအစားဖြစ်ပြီး ရေလည်တိုင်အုတ်မြစ်များအား အချင်း ၁ ဒသမ ၅ မီတာရှိသော သံကူကွန်ကရစ်ဘိုးပိုင်ဖြင့် တည်ဆောက်မည်ဖြစ်ကာ တံတားခန်းဖွင့်အတွက် ပေ ၃၀ ဒသမ ၅ မီတာစီပါဝင်သောခန်းဖွင့် ၉ ခန်း၊ ၁၈ ဒသမ ၃ မီတာစီပါဝင်သော ခန်းဖွင့် ငါးခန်းနှင့် ၁၅ ဒသမ ၂၄ မီတာစီပါဝင်သောခန်းဖွင့် နှစ်ခန်းတို့ဖြင့် တံတားခန်းဖွင့် ၁၆ ခန်းပါဝင်တည်ဆောက်မည်ဖြစ်ကြောင်း၊ တံတားအရှည် စုစုပေါင်း ၃၉၆ ဒသမ ၂၂ မီတာ(ပေ ၁၃၀၀)ရှိမည်ဖြစ်ပြီး တံတားအောက်ထည်မှာ သံကူကွန်ကရစ်ဖြစ်ကာ တံတားအပေါ်ထည်မှာ P.C Girders & Reinforced Concrete ဖြစ်၍ ယာဉ်သွားလမ်းအကျယ် ၇ ဒသမ ၂ မီတာရှိမည်ဖြစ်ကာ တံတားခံနိုင်ဝန်မှာ တန် ၆၀ ဖြစ်ပြီး ချဉ်းကပ်လမ်းအပါအဝင် ခန့်မှန်းတန်ဖိုးငွေကျပ်သန်းပေါင်း ၄၅၀၀ အကုန်ကျခံတည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သည့် ၂၀၁၈ ခုနှစ် ဇွန်လက ထူးကဲမိုးရေချိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး ယခင်မူလရှိနေသည့် ပေ ၇၀၀ အရှည်ရှိသော RC ကွန်ကရစ်တံတားမှာ ချောင်းရေတိုက်စားမှုဒဏ်သင့်၍ ရေလမ်းကြောင်းကျယ်သွားသဖြင့် ပေ ၁၀၂၀ အရှည်ရှိသော Steel Deck ဘေလီတံတားကို အစားထိုးတည်ဆောက်ခဲ့ရာ ယခုအခါ အဆိုပါဘေလီတံတားနှင့် ၁၅ ပေအကွာကပ်လျက် အရှည် ပေ ၁၃၀၀ ရှိသော RC သံကူကွန်ကရစ်တံတားသစ်ကို တည်ဆောက်နေခြင်းဖြစ်ပြီး လက်ရှိတံတားတစ်စင်းလုံးတည်ဆောက်ပြီးစီးနေမှု ၁၆ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

သရက်မြို့မှ ယခုတံတားကိုဖြတ်၍ ရန်ကုန် - ပြည် - တောင်ကုတ် လမ်းမှတစ်ဆင့် သံတွဲမြို့အထိ သွားရောက်နိုင်မည်ဖြစ်ရာ ဒေသခံများအတွက် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ တံတားသစ်တည်ဆောက်ရန်အတွက် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၁ ရက်က စီမံကိန်းလုပ်ငန်းများ စတင်ခဲ့ခြင်းဖြစ်ပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ တံတားသစ်အား ယခုနှစ်ကုန်ပိုင်း၌ တည်ဆောက်ပြီးစီးရန်လျာထားကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ သိရသည်။

**သတင်း(ပွင့်သစ္စာ)၊ ဓာတ်ပုံ(စိုးမြင့်အောင်)**



# မလေးရှားနိုင်ငံ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်

**နေပြည်တော် ဖေဖော်ဝါရီ ၄**
နိုင်ငံတကာခရီးသည်တင်လေယာဉ်များ ပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် မလေးရှားနိုင်ငံ၌ အကြောင်းအမျိုးမျိုးကြောင့် ပြစ်ဒဏ်ကျခံခဲ့ပြီးဖြစ်သည့် မြန်မာနိုင်ငံသား ၄၀ အပါအဝင်အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၁၃၆ ဦးကို ကွာလာလမ်ပူမြို့ မြန်မာသံရုံးမှ စီစဉ်သည့် မြန်မာအပြည်ပြည်ဆိုင်ရာ လေကြောင်း(MAI) ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ ညနေပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိခဲ့ကြသည်။



၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစစ်ဆေးရေး၊ သီးသန့်စီစဉ်ပေးသည့် နေရာ/သတ်မှတ်ဟိုတယ်များ၌ အသွားအလာကန့်သတ်မှု (၁၄)ရက်နှင့် နေအိမ်တွင် အသွားအလာကန့်သတ်မှု ခုနစ်ရက် နေထိုင်စေရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့က သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့ကြသည်။

ဆက်လက်၍လည်း မလေးရှားနိုင်ငံရောက် အထောက်ထားမဲ့ မြန်မာနိုင်ငံသားများနှင့် အကြောင်းအမျိုးမျိုးကြောင့် မလေးရှားနိုင်ငံရှိ ထိန်းသိမ်းရေးစခန်းများတွင် ဖမ်းဆီးထိန်းသိမ်းခံခဲ့ရသည့် မြန်မာနိုင်ငံသားများအား နိုင်ငံသားဖြစ်တည်မှုမှန်ကန်ကြောင်း အထောက်အထားများ စိစစ်လျက် မြန်မာနိုင်ငံသို့ ကယ်ဆယ်ရေးလေယာဉ်များဖြင့် ဆောလျင်စွာ ပြန်လည်ခေါ်ဆောင်နိုင်ရေးအတွက် နိုင်ငံခြားရေးဝန်ကြီးဌာန၏ လမ်းညွှန်မှုများနှင့်အညီ ကွာလာလမ်ပူမြို့ မြန်မာသံရုံးအနေဖြင့် မလေးရှားနိုင်ငံရှိ သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် နီးကပ်စွာ ပူးပေါင်းညှိနှိုင်းဆောင်ရွက်လျက်ရှိရာ မလေးရှားနိုင်ငံမှ ယနေ့ထိ ကယ်ဆယ်ရေးလေယာဉ် (၄၇) ကြိမ်တိုင် ပျံသန်းပြေးဆွဲခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ရွှေသွေးဂျာနယ်ထွက်ရှိ

**ရန်ကုန် ဖေဖော်ဝါရီ ၄**
ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။




ဖေဖော်ဝါရီလ ၆ ရက် (စနေနေ့)တွင် ထုတ်ဝေမည့် ရွှေသွေးဂျာနယ်တွင် လူရိုးလူအတစ်ယောက်ဖြစ်သူ မောင်နနှင့် အလွန်လည်သော ဖိုးဂျင်တို့အကြောင်းကို သရုပ်ဖော်တင်ဆက်ထားသည့် “မောင်န”မျက်နှာဖုံးကာတွန်း၊ နှစ်စဉ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ကျရောက်သည့် ပြည်ထောင်စုနေ့ကို ကလေးတို့မမေ့သင့်ကြောင်း ရေးဖွဲ့ထားသည့် “ပြည်ထောင်စုနေ့ တို့မမေ့” သုတဆောင်းပါးကဏ္ဍ၊ ကိုဗစ်ကာလအတွင်း အပြင်ထွက်မကစားဘဲ အိမ်ထဲတွင်သာ နေထိုင်သင့်ကြောင်းနှင့် မိမိကိုယ်ကိုကာကွယ်ခြင်းသည် အများကိုကူညီရာရောက်ကြောင်းကို ရေးဖွဲ့ထားသည့် “ဂျိုကာ စတေးဟုမ်း” နှစ်မျက်နှာကာတွန်း၊ ကိုဗစ်ကာလ ကျောင်းပိတ်ချိန်တွင် ဖုန်းကို အကျိုးရှိရှိအသုံးပြုရမည်ဖြစ်ကြောင်းနှင့် ဖုန်းအသုံးပြုခြင်း၏ ကောင်းကျိုးနှင့် ဆိုးကျိုးများကိုနှိုင်းယှဉ်၍ ပညာပေးရေးဖွဲ့ထားသည့် “ဖုန်းကြည့်ခြင်းရဲ့အကျိုး”ကလေးဝတ္ထုကဏ္ဍ၊ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်း၊ ကာကွယ် စောင့်ရှောက်ရာတွင် ဆောင်ရန်၊ ရှောင်ရန်အချက်များကို ကလေးတို့လိုက်နာနိုင်ရန် တိုက်တွန်းရေးဖွဲ့သည့် “ကမ္ဘာမြေကြီးကျန်းမာဖို့ ပတ်ဝန်းကျင်ကိုထိန်းသိမ်းစို့” သုတဆောင်းပါး၊ လုပ်ငန်းတစ်ခု လုပ်ဆောင်ရာတွင် အချင်းချင်းစည်းလုံးညီညွတ်စွာ စုပေါင်းဆောင်ရွက်ပါက ပျော်စရာကောင်းပုံကို ရေးဖွဲ့တင်ဆက်ထားသည့် ကာတွန်းကိုသန့်၏ “ပေါ်တောလေး” တစ်မျက်နှာကာတွန်း၊ ကလေးတို့ပေးပို့သော ကာတွန်းလက်ရာများကို ဖော်ပြပေးထားသည့် “ရွှေသွေးတို့လက်ရာ” ကဏ္ဍ၊ အင်္ဂလိပ်စာကဏ္ဍ၊ ကဗျာကဏ္ဍ စုံလင်စွာဖြင့် ဖတ်စရာ မှတ်စရာများပါရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ပေါက်အင်းကြီးဒေသ သခွားမွေးစိုက်ခင်းများအား စိုက်ပျိုးရေးကိုအခြေခံသည့် ခရီးသွားလုပ်ငန်း ဖော်ဆောင်ရန်နှင့် သခွားမွေးဇုန်အဖြစ်ဖော်ဆောင်ရန် စီစဉ်လျက်ရှိ

**ချောင်းဦး ဖေဖော်ဝါရီ ၄**
စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ်နှင့် မြောင်မြို့နယ်တို့အတွင်းရှိ သခွားမွေးပင်လယ်ဟု တင်စားခေါ်ဝေါ်သည့်ပေါက်အင်းကြီးဒေသ သခွားမွေးစိုက်ခင်းများအား စိုက်ပျိုးရေးကိုအခြေခံသည့် ခရီးသွားလုပ်ငန်းဖော်ဆောင်ရန်နှင့် သခွားမွေးဇုန်အဖြစ် ဖော်ဆောင်ရန် စီစဉ်လျက်ရှိကြောင်း တိုင်းဒေသကြီးဖရဲ၊ သခွားမွေး စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးစိုးလွင်က ပြောသည်။

ပေါက်အင်းကြီးဒေသ သခွားမွေးစိုက်ခင်း ဧက ၁၀၀၀၀ ကျော်ကို တစ်ကွင်းတစ်ဆက်တည်း စိုက်ပျိုးထားသောကြောင့် သခွားမွေးဇုန်အဖြစ် အသိအမှတ်ပြုရန်နှင့် စိုက်ပျိုးရေးကိုအခြေခံသည့် ခရီးသွားလေ့လာစရာနေရာတစ်ခုအဖြစ် ဖော်ဆောင်နိုင်ရန် ဆောင်ရွက်နေကြောင်း၊ သခွားမွေးစိုက်ဧကအနေဖြင့် ၁၀၀၀၀ ကျော်ရှိပြီး၊ မန္တလေး-ပခုက္ကူ ကားလမ်းဘေးတွင် သခွားမွေးဆိုင်ခန်းပေါင်း ၃၀ ရှိသည့်အတွက် ပြည်တွင်း၌သာမက နိုင်ငံတကာကို ရောင်းချနိုင်ရန် စီစဉ်ဆောင်ရွက်နေပါကြောင်း၊ ထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံ၊ ဂျပန် နိုင်ငံနှင့် အမေရိကန်နိုင်ငံတို့မှ စိုက်ပျိုးရေးပညာရှင်များလည်း လာရောက်လေ့လာမှုများရှိကြောင်း ၎င်းက ပြောသည်။

သခွားမွေးစိုက်ခင်းအတွင်း အပန်းဖြေလာရောက်လေ့လာသူများအနေဖြင့် အလှဓာတ်ပုံရိုက်ခြင်း၊ အသီးများကိုယ်တိုင်ခူးခြင်း၊ အမြည်းကျွေးခြင်း၊ စိုက်ခင်းထဲလည်ပတ်ရာတွင် ကားကိုအသုံးမပြုဘဲ လယ်ယာသုံးထွန်စက်များဖြင့်သာ လှည့်ပတ်ကြည့်ရှုနိုင်ရန်စီစဉ်ထားပါကြောင်း၊ ဒေသအတွင်း အလုပ်အကိုင်ရရှိစေရန်အတွက် တစ်ဧကလျှင် ငါးဦးနှုန်းဖြင့် ဧက ၁၀၀၀၀ ကျော်အတွက် လူ ၅၀၀၀၀ ကျော်ကို အလုပ်အကိုင်အခွင့်အလမ်းများပေးနိုင်သည့် နေရာတစ်ခုဖြစ်ကြောင်း ၎င်းက ဆက်လက် ပြောပြသည်။

**မွေးကြူဇင်**

❖ **ရန်ကုန်မှ**
မြိတ်ဌာနခွဲရုံးနှင့် လက်မှတ်အရောင်းကိုယ်စားလှယ်များထံတွင် ဝယ်ယူနိုင်ပါကြောင်း၊ ခရီးသွားပြည်သူများ လေကြောင်းခရီးသွားလာရာတွင် ကိုဗစ်-၁၉ ကင်းစင်ကြောင်း ၃၆ နာရီအတွင်း စစ်ဆေးမှု ထောက်ခံချက် ယူဆောင်လာရမည်ဖြစ်ကြောင်း၊ မြိတ်မြို့ရှိ ခရီးသွားပြည်သူများအား ရန်ကုန်-မြိတ်-ရန်ကုန် လေကြောင်းခရီးစဉ်ကို မြန်မာအမျိုးသားလေကြောင်းအပြင် Air KBZ လည်း ပြေးဆွဲလျက်ရှိကြောင်း သိရသည်။

**ခိုင်ထူး(ပြန်/ဆက်)**

## မဟာအောင်မြေမြို့နယ် မန်းရတနာဈေးသမဝါယမအသင်းလီမိတက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်သစ်ရွေးချယ်ပွဲကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၄**
မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် မန်းရတနာဈေး သမဝါယမအသင်းလီမိတက်၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ခဲ့သော လုပ်ငန်းများအား နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်သစ်ရွေးချယ်ခြင်း အခမ်းအနားကို ယမန်နေ့ နံနက် ၁၀ နာရီက အဆိုပါဈေးရုံးခန်း၌ ကျန်းမာရေးလမ်းညွှန်မှုများနှင့်အညီ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ အသင်းက အသင်းသားများအတွက် အစုပေါ်အမြတ်နှင့် စုဆောင်းငွေပေါ် အတိုးများထုတ်ပေးပြီး ရွေးချယ်ခံရသည့် အသင်းအမှုဆောင်အဖွဲ့၏ အသင်းဥက္ကဋ္ဌသစ်က မိတ်ဆက်အမှာစကား ပြောကြားခဲ့သည်။

အခမ်းအနားသို့ မြို့နယ်သမဝါယမဦးစီးဌာနမှ မြို့နယ်အဆင့် ဖွဲ့စည်းရေးကော်မတီဥက္ကဋ္ဌ ဦးစီးအရာရှိ ဒေါ်နှင်းယုဆွေနှင့် တာဝန်ကျစာရင်းစစ်ဆေးရေးအဖွဲ့များ၊ မန်းရတနာဈေး သမဝါယမလီမိတက် ဥက္ကဋ္ဌ ဦးသိန်းမြင့်နှင့် အမှုဆောင်အဖွဲ့များ၊ မြို့နယ်သမဝါယမအသင်းစု ကိုယ်စားလှယ် ဦးဝင်းလှိုင်နှင့် အသင်းသားများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## စေတုတ္တရာမြို့နယ် ငမကျေးရွာ၌ ကျေးရွာလျှပ်စစ်မီးလင်းရေးဆောင်ရွက်မှု ရာနှုန်းပြည့်ပြီးစီး

**စေတုတ္တရာ ဖေဖော်ဝါရီ ၄**
မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ် လျှပ်စစ်ရုံးမှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေများဖြင့် ကျေးရွာ ၂၂ ရွာတွင် လျှပ်စစ်မီးလင်းရေး ဆောင်ရွက်လျက်ရှိရာ ငမကျေးရွာတွင် တိုင်းဒေသကြီးငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေကျပ် ၉၉ သန်းဖြင့် ဆောင်ရွက်လျက်ရှိသော ကျေးရွာလျှပ်စစ်မီးလင်းရေးလုပ်ငန်းမှာ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ငမကျေးရွာ လျှပ်စစ်မီးလင်းရေးလုပ်ငန်းအား တိုင်းဒေသကြီး ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေကျပ် ၉၉ သန်းဖြင့် အရှည် ၃ ဒသမ ၂၆၉ မိုင်ရှိသော 11 ကေဗွီ ဓာတ်အားလိုင်းနှင့် 11/0.4 ကေဗွီ 200 ကေဗွီအေ ထရန်စဖော်မာ တစ်လုံးတပ်ဆင်ခြင်း လုပ်ငန်းအား မြို့နယ်လျှပ်စစ်ရုံးမှ ၂၀၂၀ ပြည့်နှစ် မတ် ၂၁ ရက်မှစတင်၍ တာဝန်ယူဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း၊ မကြာမီ လျှပ်စစ်ဓာတ်အား စတင်ပေးပို့နိုင်တော့မည်ဖြစ်ကြောင်း မြို့နယ်လျှပ်စစ်ရုံးမန်နေဂျာ ဦးညိုဝင်းသန့်ထံမှ သိရသည်။ **စည်သူလွင်(ပြန်/ဆက်)**

**○ ကျောဖုံးမှ**
ရထားပေါ်သို့ တက်ရောက်စေခြင်း၊ Social Distancing အတွက် နှစ်ယောက်ထိုင်နိုင်သော ထိုင်ခုံတစ်ခုံ၌ ခရီးသည်တစ်ဦးသာထိုင်စေခြင်း စသော အစီအစဉ်များနှင့်အညီ ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ယခင် ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားမှု မဖြစ်ပွားစဉ် ရထားလမ်း ကွန်ရက်တစ်လျှောက်တွင် လူစီးအမြန်ရထား အစင်း ၄၀၊ လူစီးစာပို့ရထား ၅၂ စင်း၊ လူစီးကုန်တင်ရထား ၄၈ စင်း၊ ခရီးတိုရထား ၁၆ စင်းတို့ဖြင့် ခရီးဝေးရထား စုစုပေါင်း ၁၅၆ စင်းနှင့် မြို့ပတ်နှင့် ဆင်ခြေဖုံးရထားများကို တွဲဆိုင်း ၂၁ ဆိုင်းဖြင့် ၁၆၈ ခေါက် ပြေးဆွဲပေးခဲ့ကြောင်း သိရသည် ။

သို့ရာတွင်ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရန်အတွက် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီနှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတို့၏ လမ်းညွှန်ချက်များနှင့်အညီ ခရီးသွားလာမှုကန့်သတ်ချက်များအရ ရထားနှင့်ခရီးသည် စီးနင်းမှု လျော့နည်းသွားသဖြင့် ခရီးဝေးရထားများတွင် စာပို့ရထား ခြောက်စင်း၊ ပါဆယ်ရထား လေးစင်းနှင့် ကုန်ရထားများပြေးဆွဲပေးလျက်ရှိပြီး မြို့ပတ်နှင့်ဆင်ခြေဖုံးလမ်းပိုင်းများတွင် တွဲဆိုင်းသုံးဆိုင်းဖြင့် ခေါက်ရေ ၁၂ ခေါက်သာ ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။ **မြင့်မောင်**



## မန္တလေး-မြစ်ကြီးနား၊ မန္တလေး-ကောလင်း-မန္တလေးရထားများ ပြန်လည်ပြေးဆွဲမည်

**ကန့်ဘလူ ဖေဖော်ဝါရီ ၄**
ကိုဗစ်-၁၉ ရောဂါကာလ မြန်မာ့မီးရထားများယာယီရပ်နားခဲ့ရာမှ ယခုအခါ ကိုဗစ်-၁၉ရောဂါကူးစက်ပျံ့နှံ့မှု လျော့နည်းလာခြင်းကြောင့်မီးရထားဖြင့်ခရီးသွားလာကြမည့်ခရီးသည်များသွားလာမှုလွယ်ကူအဆင်ပြေစေရေးအတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ထားသော စည်းကမ်းချက်များနှင့်အညီ ဖေဖော်ဝါရီ ၄ ရက်မှစတင်၍ ပြန်လည်ပြေးဆွဲခဲ့ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့ရှိ မီးရထားဘူတာရုံမှသိရသည်။

ပြန်လည်ပြေးဆွဲသည့်မီးရထားများမှာ အမှတ် (၃၁) အဆန်/(၃၂) အစုန်မန္တလေး- မြစ်ကြီးနားလေအိတ်ရထား၊ အမှတ်(၅၅) အဆန် /(၅၆) အစုန် အထူးအမြန်ရထားနှင့် အမှတ်(၅၃) အဆန်/(၅၄) အစုန်မန္တလေး- ကောလင်း RBE ရထားတို့ဖြစ်ပြီး ဆက်လက်၍ ဖေဖော်ဝါရီ ၅ ရက်တွင် အမှတ်(၄၇) အဆန်/(၄၈) အစုန်မန္တလေး- နဘား ရထားနှင့် အမှတ်( ၅၇)/(၅၈)အစုန်မန္တလေး- မြစ်ကြီးနား- မန္တလေး ရထားများ ထပ်မံပြေးဆွဲမည်ဖြစ်ကြောင်း ကန့်ဘလူ ဘူတာရုံပိုင်ကြီး ဦးဝင်းမြင့်၏ ပြောကြားချက်အရ သိရသည်။

ရထားလက်မှတ်များကို ခရီးသည်တစ်ဦးလျှင် နှစ်ခုံနှုန်းဖြင့် လက်မှတ်ခတစ်စောင်အတွက်သာ ပေးရမည်ဖြစ်ပြီး ရထားလက်မှတ်ဝယ်ယူရာတွင် လည်းကောင်း၊ ရထားစီးနင်းရာတွင်လည်းကောင်း ကိုဗစ်စည်းကမ်းချက်များနှင့်အညီ ဝယ်ယူစီးနင်းကြရမည်ဖြစ်ကာ ရထားအချိန်များမှာလည်း ယခင်ဆိုက်ရောက်ချိန်များအတိုင်းဖြစ်ကြောင်းသိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

## မိတ္ထီလာမြို့နယ်အတွင်း အန္တရာယ်ရှိ ကျောင်းဆောင်များ ဖျက်သိမ်းပြီး အသစ်စတင်ဆောက်လုပ်

**မိတ္ထီလာ ဖေဖော်ဝါရီ ၄**
မိတ္ထီလာမြို့နယ်အတွင်းရှိ အခြေခံပညာစာသင်ကျောင်း ၂၃ ကျောင်းတို့မှ အန္တရာယ်ရှိသောကျောင်းဆောင်များ ဖျက်သိမ်းပြီး ကျောင်းဆောင်သစ်များ စတင်ဆောက်လုပ်လျက်ရှိကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

မိတ္ထီလာမြို့နယ်အတွင်းရှိ အခြေခံပညာစာသင်ကျောင်းများတွင် ကျောင်းသားကျောင်းသူများ ပညာသင်ယူရာတွင် ကျောင်းဆောင်လိုအပ်ချက်မရှိစေရေးအတွက် နှစ်စဉ်ဘဏ္ဍာရေးနှစ်အလိုက် ကျောင်းဆောင်သစ်များကို တိုးချဲ့ဆောက်လုပ်ပေးလျက်ရှိရာ ၂၀၂၀-၂၀၂၁ခု ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုရန်ပုံငွေဖြင့် ၁၈ ကျောင်းနှင့် တိုင်းဒေသကြီးရန်ပုံငွေဖြင့် ငါးကျောင်းတို့ကို ဆောက်လုပ်သွားမည်ဖြစ်သည်။

အဆိုပါ ကျောင်းများကို တင်ဒါအောင်မြင်သည့် ခိုင်မြဲခြင်း၊ တော်ဝင်ရွှေမန်း၊ မောမြေ၊ ရှမ်းရွှေမြေ ၊ ချမ်းမြေ့ထွန်း၊ မန်တလာတက် ကုမ္ပဏီများက တာဝန်ယူ၍ ဇန်နဝါရီ ၁၉ ရက်မှ စတင်၍ ဆောက်လုပ်လျက်ရှိကြောင်းသိရသည်။

ထိုသို့ အန္တရာယ်ရှိသောကျောင်းဆောင်များဖျက်သိမ်းပြီး ကျောင်းဆောင်သစ်များဆောက်လုပ်ရာတွင် နှစ်ထပ်ကျောင်းဆောင်အဖြစ် အခြေခံပညာမူလတန်းကျောင်းများဖြစ်သည့် အမှတ်(၆)မင်းရပ်၊ ရဲပေါက်ချောင်းကျောင်းများနှင့် အခြေခံပညာမူလတန်းလွန်ကျောင်းဖြစ်သည့် ဈေးအရှေ့ပြင်တို့တွင် ဆောက်လုပ်သွားမည်ဖြစ်သည်။

၎င်းအပြင် အခြေခံပညာအလယ်တန်းကျောင်းခွဲဖြစ်သည့် စစ်ရဲကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်းဖြစ်သည့် ရှမ္မယ်ကျောင်းနှင့် အခြေခံပညာအထက်တန်းကျောင်းခွဲဖြစ်သည့် လေတပ်ကျောင်းတို့တွင် ကျောင်းဆောင်သစ် ဆောက်လုပ်သွားမည်ဖြစ်သည်။

ယင်းအပြင် တစ်ထပ်ကျောင်းဆောင်အဖြစ် အခြေခံပညာ မူလတန်းကျောင်းများဖြစ်သည့် ရှင်မြို့၊ ကချင်လေး၊ အင်းကုန်း၊ ဆက်သွယ်ရေး၊ အမှတ်(၇၀)ငွေးကုန်း၊ လူးခင်းကြီး၊ စက်ပစ်တောင်၊ မြောင်းပေါက်၊ ကြာအင်း၊ ကျိတ်ပုလဲ၊ ဖလံကျင်း၊ ကန်နီတောင်ရွာသာ၊ ဆေတ္တန်၊ သက္ကယ်ကျင်း၊ ဝက်ကျောက်တို့နှင့် အခြေခံပညာ အလယ်တန်း ကျောင်းခွဲဖြစ်သည့် သပြေကန်ကျောင်းတို့တွင် ကျောင်းဆောင်သစ်များ ဆောက်လုပ်သွားမည်ဖြစ်ရာ အဆိုပါ လုပ်ငန်းများကို ဩဂုတ်လအတွင်းအပြီး တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**





## ပုလဲမြို့တွင် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံအုတ်ရိုက်သင်တန်းဖွင့်

**ပုလဲ ဖေဖော်ဝါရီ ၄**
အသက်မွေးဝမ်းကျောင်း အထောက်အကူပြုအခြေခံအုတ်ရိုက်သင်တန်းကို စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ယနေ့နံနက် ၁၀ နာရီက ဖွင့်လှစ်သည်။ သင်တန်းဖွင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းနိုင်က အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံအုတ်ရိုက်သင်တန်းသို့ တက်ရောက်လာကြသော သင်တန်းသား သင်တန်းသူများအနေဖြင့် သင်တန်းမှပို့ချသည့် ပညာရပ်များကို အမှန်တကယ်ကျွမ်းကျင်တတ်မြောက်အောင် သင်ယူကြပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုတိုးတက်ရရှိလာစေရန်၊ တစ်ဦးချင်း ဝင်ငွေတိုးတက်ရရှိပြီး ဆင်းရဲမှုလျော့ကျစေရန်နှင့် ကျေးလက်ဒေသလူမှုစီးပွားဘဝမြင့်မားလာစေရန် ရည်ရွယ်ချက်များဖြင့် အုတ်ရိုက်သင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ သင်တန်းသို့ ပုလဲမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့်ကျေးရွာများမှ သင်တန်းသား သင်တန်းသူ ၁၅ ဦးတက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ၁၀ ရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**မင်းခန့်စိုး(ဇေယျာမြေ)**

## မြစိမ်းရောင်ကျေးရွာ စီမံကိန်းဖြင့် အလယ်မြောင်ကျေးရွာ လျှပ်စစ်မီးလင်းပြီ

**ရေတာရှည် ဖေဖော်ဝါရီ ၄**
ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် အလယ်မြောင်ကျေးရွာသည် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ကျေးရွာလည်ပတ်ရန်ပုံငွေ ကျပ်သိန်း ၃၀၀ ဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် တစ်ပိုင်တစ်နိုင် စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ပြည်သူထည့်ဝင်ငွေကျပ် ၁၇၄ သိန်းကျော်၊ မြစိမ်းရောင်စီမံကိန်းမှ အတိုးရရှိသည့် ရန်ပုံငွေကျပ်သိန်း ၇၀ စုစုပေါင်း ကျပ် ၃၄၄ သိန်းကျော်ဖြင့် အိမ်ခြေ ၁၃၀ ၊ လူဦးရေ ၄၉၄ ဦးရှိ အလယ်မြောင်ကျေးရွာအား ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ၁၁ ကေဗီ ၄၀၀ ဗို့အားလိုင်းကြိုး ကျေးရွာတွင်း အရှည်ပေ ၆၂၃၀ နှင့် ထရန်စဖော်မာတပ်ဆင်ခြင်း လုပ်ငန်းများဆောင်ရွက်ခဲ့ပြီးနောက် ဇန်နဝါရီ ၃၁ ရက်တွင် လျှပ်စစ်မီးများရရှိကြပြီဖြစ်သည်။ **ကိုလွင်(ဆွာ)**

# တနင်္သာရီတိုင်းဒေသကြီးအတွင်းမှ ပင်လယ်အစားအစာခုံးကောင်



**ကော့သောင်း ဖေဖော်ဝါရီ ၄**

ရှည်လျားကျယ်ပြန့်သည့် ပင်လယ်ကမ်းရိုးတန်းများဖြင့် ဖွဲ့စည်းတည်ရှိသည့် တနင်္သာရီတိုင်းဒေသကြီးအတွင်း မြို့များတွင် ပင်လယ်ငါးမျိုးစုံအပြင် ခရုကမာမျိုးနွယ်ဝင် အာဟာရကြွယ်ဝသည့် ပင်လယ်ခုံးကောင်သည် ဒေသတွင်း ပင်လယ်အစားအစာတစ်မျိုးအဖြစ် လူကြိုက်များကာ အိမ်နီးချင်း ထိုင်းနိုင်ငံမှ ပင်လယ်ဟင်းလျာအမျိုးမျိုး အဖြစ် စီမံဖန်တီး၍ နှစ်ခြိုက်စွာ ရောင်းချစားသောက်လျက် ရှိသည်။

ခုံးကောင် ဒေသအခေါ် (ရှပ်) သည် မျိုးကွဲအများအပြားရှိသည့်အနက် (ရှပ်) ခုံးချော၊ (ပင်တ်) ခုံးကြမ်း၊ ထိုင်းခုံး (မလိရှပ်)၊ သွေးခုံး (ဂျင်း) စသည်ဖြင့် အမျိုးမျိုးရှိပြီးတနင်္သာရီတိုင်းဒေသကြီးရှိမြို့များဖြစ်သည့် မြိတ်ခရိုင် ပုလောမြို့နယ် ပုလောချောင်းဝတစ်လျှောက်၊ ကြဲ၊ ကျောက်ကမ်းဖဲ၊ မင်းကကြဲစသည့် နေရာများတွင်အများအပြားတွေ့ရှိရကာ အခြားမြို့များဖြစ်သည့် မြိတ်၊ ဘုတ်ပြင်းနှင့် ကော့သောင်းမြို့များ၏ သဲနှင့်ရွှံ့နွံရောစပ်သည့် သောင်ပြင်များရှိရာ ပင်လယ်ကျေးရွာတချို့တွင်လည်း တွေ့ရှိရသည်။

ခုံးမျိုးပွားမှုနှုန်းမှာငါးများကဲ့သို့ ဥမှပေါက်ဖွားခြင်း၊ အကောင်လိုက်ပေါက်ဖွားခြင်းမဟုတ်ဘဲ ခုံး၏အခွံအတွင်းရှိအချွဲအညှိများဖြင့် ၎င်းတို့ကျက်စားရာရွှံ့နှင့် သဲရောနှော နေသော နုန်းမြေဆီတွင်သာ ပေါက်ဖွားကြသည်။ ရှပ်၏ မျိုးပွားနှုန်းသည် များပြားမြန်ဆန်ကာ ခုံးကောက်ခြင်းကို တံငါသည်များက မိသားစုအလိုက် တစ်ပိုင်တစ်နိုင် ဝမ်းရေးအတွက်မှသည် စီးပွားဖြစ် အများအပြားကောက်ယူစုဆောင်းရောင်းချကြသည်။

ခုံးကောက်သောနေရာသည် အတည်တကျမရှိဘဲ ရာသီဥတု အပေါ်မူတည်၍ နေရာပြောင်းလဲနေပြီးရေသေရက်၊ ရေထရက် (မြန်မာရက် လဆုတ်၊ လဆန်း) အပေါ်မူတည်၍ ကွဲပြားသွားသည်။ ခုံးကို တစ်နှစ်ပတ်လုံးကောက်ယူရရှိနိုင်ကြောင်းလည်း သိရသည်။

တချို့နေ့များတွင် အရုဏ်တက် ရေကျချိန်မှ နံနက်ရေတက်ချိန်အထိ တစ်ကြိမ်၊ မွန်းလွဲရေကျချိန်မှ ညဦးရေတက်ချိန်အထိ တစ်ကြိမ် နှစ်ကြိမ်ကောက်ကြပြီး တစ်နေ့မှာ တစ်ကြိမ်သာကောက်သော ရက်များလည်းရှိသည်။

ခုံးကောက်ယူရာတွင် နည်းအမျိုးမျိုးရှိပြီး စီးပွားဖြစ်ကောက်ယူသူများကမူ လှေငယ်ဖြင့် ပင်လယ်ဒီရေကျချိန် လူတစ်ရပ်သာသာ ရေအနက်ရှိ ပင်လယ်ရေအောက် သောင်ပြင်တွင်ထွန်ခြစ်သုံးကာ ခုံးခပ်(ရှပ်ခပ်)ကို ဒွန်တွဲအသုံးပြုကောက်ယူကြပြီး ပြည်ပထိုင်းနိုင်ငံအထိ တင်ပို့ရောင်းချကြကာ ဒေသခံတစ်ပိုင်တစ်နိုင် လုပ်ကိုင်သူများကမူ ပင်လယ်ဒီရေကျချိန်တွင် ခုံးရှိသောသဲပျော့(သဲကုန်း)များအတွင်းဖုံးနေသည့် ခုံးကောင်များကို လက်ဖြင့် ဖော်ယူကောက်ယူစုဆောင်းရောင်းချစားသုံးခြင်း ဖြစ်သည်။

ခုံး (ရှပ်)ကိုခွဲ၍ အခြောက်လှန်းခြင်း၊ အချဉ်ထည့်ခြင်း၊ ပြုတ်ခြင်း၊ မီးကင်ပြီး(ရှပ်သီကင်)စားသုံးခြင်း၊ အိမ်တွင်းဟင်းစားအဖြစ်လည်း အမျိုးမျိုးအဖုံဖုံပြုလုပ်ကာ စားသုံးနိုင်သည့်အပြင် ဟိုတယ်များ စားသောက်ဆိုင်များတွင် ထိုင်းရိုးရာ ဟင်းခတ်အမွှေးအကြိုင်များဖြင့် ရောစပ်စီမံချက်ပြုတ်ကြော်လှော်ကာ တန်ဖိုးကြီးဟင်းပွဲအဖြစ် ရောင်းချစားသောက်ကြသည်။

အခြားပင်လယ်ကမ်းရိုးတန်းဒေသများတွင် ပေါများစွာမရှိသည့် ဗီတာမင်၊ ပရိုတင်းနှင့် အာဟာရဓာတ်များ ကြွယ်ဝလှသည့် ခုံးကောင်(ခေါ်)ရှပ် ပင်လယ် အစားအစာကို တနင်္သာရီတိုင်းဒေသကြီးအတွင်းမှ မြို့များသို့ တစ်ခါ တစ်ခေါက် လာရောက်လည်ပတ်ရင်း မြည်းစမ်းစားသုံးနိုင်ကြဖို့ဖိတ်ခေါ်လိုက်ပါသည်။

*မှီငြမ်း - ခုံးအကြောင်းသိကောင်းစရာနှင့် တံငါသည်တို့ဘဝအထွေထွေ*

**ကျော်စိုး (ကော့သောင်း)**



## စစ်ကိုင်းတိုင်းဒေသကြီးရှိ ကျေးရွာများတွင် ရေသုံးစွဲမှုဆိုင်ရာ အချက်အလက်များ ကောက်ယူမည်

**မုံရွာ ဖေဖော်ဝါရီ ၄**

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၌ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိကျေးရွာ ၁၅၀၀ တွင် လက်ရှိအသုံးပြုလျက်ရှိသော သောက်သုံးရေရရှိမှုဆိုင်ရာ အချက်အလက် ကောက်ယူမှုလုပ်ငန်းများကို လုပ်ဆောင်သွားမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးမှ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ကျေးရွာပေါင်း ၅၉၉၅ ရွာရှိသည့်အနက် ကျေးရွာ ၁၅၀၀ကို ယခုဘဏ္ဍာနှစ်အတွင်းကောက်ယူမည်ဖြစ်ပြီး ကျန်ရှိသော ကျေးရွာပေါင်း ၂၃၁၂ ရွာကို ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်အတွင်း အပြီးကောက်ယူသွားမည်ဖြစ်ကြောင်းနှင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်းက ကျေးရွာ ၂၁၈၃ ရွာတွင် အချက်အလက်များ ကောက်ယူပြီးစီးသွားပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

"ကျေးရွာတွေမှာ လက်ရှိအသုံးပြုနေတဲ့ ရေအရင်းအမြစ်၊ အများသုံးရေတိုင်စနစ်၊ အိမ်အရောက် ရေပိုက်သွယ်တန်းစနစ်၊ မြေသားရေကန်၊ ကွန်ကရစ်ရေကန်တွေက သုံးစွဲသည့်စနစ်၊ လက်ရှိအသုံးပြုနေတဲ့ စနစ်နဲ့ ကျေးရွာတွေမှာ လုံလောက်မှု ရှိ/မရှိစတဲ့ အချက်အလက်တွေကို ကောက်ယူတာဖြစ်တယ်။ ကောက်ယူပြီးစီးမှုအခြေအနေအရ အဲဒီကျေးလက်ဒေသတွေမှာ နှစ်ရှည်သောက်သုံးရေအလုံအလောက်ရရှိရေးစီမံချက်တွေကိုလည်း ဆက်လက် ရေးဆွဲသွားပြီး အကောင်အထည်ဖော် လုပ်ဆောင်ပေးသွားမှာ ဖြစ်ပါတယ်" ဟု စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်အိခင်ညိုက ပြောကြားသည်။

ကျေးလက်ဒေသ သောက်သုံးရေရရှိမှုဆိုင်ရာ အချက်အလက်များကို အသုံးချပြီး ၂၀၂၁ ခုနှစ်ဧပြီလအတွင်း တိုင်းဒေသကြီးရုံးများစိုက်ရာ မုံရွာမြို့နယ်၏ (၁၀)နှစ်စီမံချက်ကိုလည်းကောင်း၊ ၂၀၂၁ ခုနှစ် စက်တင်ဘာလအတွင်း မြို့နယ် ၁၀ မြို့နယ်၌ (၁၅)နှစ်စီမံချက်ကိုလည်းကောင်း၊ ၂၀၂၂ ခုနှစ် ဧပြီလအတွင်း မြို့နယ် ၂၁ မြို့နယ်၏ (၁၀)နှစ်စီမံချက်များကိုလည်းကောင်း ရေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဗေယျာတိုင်း)**

## ရေခါးကျေးရွာ၌ မြေသားရေကန်တိုးချဲ့ပြုပြင်ခြင်းလုပ်ငန်း ၉၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီး



**မကွေး ဖေဖော်ဝါရီ ၄**

မကွေးမြို့နယ်အတွင်း ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး အစိုးရအဖွဲ့ရန်ပုံငွေ ကျပ် ၁၀ ဒသမ ၁၀ သန်းဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကြီးကြပ်၍ တင်ဒါအောင်မြင်သော ပြည့်ပြည့် ကုမ္ပဏီမှ တာဝန်ယူ ဆောင်ရွက်လျက်ရှိသည့် ရေခါးကျေးရွာ မြေသားရေကန် တိုးချဲ့ပြုပြင်ခြင်းလုပ်ငန်းမှာ ၉၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်စိုးထံမှ သိရသည်။

အဆိုပါ ကျေးရွာ မြေသားရေကန် တူးဖော်မှုအား ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ယနေ့ နံနက် ၉ နာရီတွင် ကွင်းဆင်းကြည့်ရှုခဲ့သည်။

အဆိုပါရေကန်ဧရိယာမှာ (၁၈၂ x ၁၈၀x၅)ပေဖြစ်ပြီး ရေဝင်ကောင်းစေရန် ခေတ်မီမြေတူးစက်များဖြင့် ဆောင်ရွက်ခဲ့ကြောင်း၊ လုပ်ငန်းဆောင်ရွက်ပြီးစီးပါက ကျေးရွာရှိ အိမ်ခြေ ၁၇၃ အိမ်နှင့် လူဦးရေ ၈၈၀ တို့ကို အကျိုးပြုမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိရေးအတွက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေ ကျပ် ၃၁၃ ဒသမ ၇၂ သန်း အသုံးပြုကာ တွင်းနက်တူးဖော်ခြင်းလုပ်ငန်း ရှစ်ခု၊ မြေသားရေကန် တိုးချဲ့ပြုပြင်ခြင်းလုပ်ငန်းခြောက်ခု၊ အိမ်တိုင်ရာရောက် ရေပိုက်သွယ်တန်းခြင်းလုပ်ငန်း တစ်ခု၊ အခြားရေရရှိရေးလုပ်ငန်းငါးခု စုစုပေါင်း ရေရရှိရေးလုပ်ငန်း ၂၀ အား ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

**မကွေးဝင်းမောင်**

## မင်းလှမြို့နယ် မြောင်လယ်ကျေးရွာတွင် နွေရာသီကာလ သောက်သုံးရေဖူလုံစေရေး မြေသားရေကန် တူးဖော်ပြီးစီး

**မင်းလှ ဖေဖော်ဝါရီ ၄**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ် ကျောက်လက်ခတ်ကျေးရွာအုပ်စု မြောင်လယ်ကျေးရွာတွင် နွေရာသီကာလသောက်သုံးရေဖူလုံစွာရရှိရေးအတွက် ၂၀၂၀ - ၂၀၂၁



ခု ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် မြေသားရေကန်တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယခုအခါ ရာနှုန်းပြည့်ပြီးစီးနေပြီ ဖြစ်ကြောင်း မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

မြောင်လယ်ကျေးရွာတွင်နွေရာသီကာလသောက်သုံး ရေရရှိရေးအတွက် အလျား ပေ၁၀၀ ၊အနံ ပေ၁၀၀၊ အမြင့် ၆ ပေ မြေသားရေကန် တိုးချဲ့တူးဖော်ခြင်းနှင့် မြေသားတာပေါင်ပြုပြင်ခြင်းလုပ်ငန်းများကို ၂၀၂၀ -၂၀၂၁ ဘဏ္ဍာနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေကျပ် ၉ ဒသမ ၇၀ သန်းဖြင့် တင်ဒါအောင်မြင်သော မြတ်ကောင်းစုကုမ္ပဏီက ၂၀၂၀ ပြည့်နှစ်ဒီဇင်ဘာလအတွင်း စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မြေသားရေကန် တူးဖော်ခြင်းလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးသွားပြီဖြစ်၍ ကျေးရွာရှိ အိမ်ခြေ ၆၈အိမ်မှ လူဦးရေ ၃၂၂ ဦးတို့အပြင် ကျွဲ၊ နွားတိရစ္ဆာန်များအတွက်ပါ နွေရာသီကာလသောက်သုံးရေရရှိရေး အကျိုးပြုမည်ဖြစ်ကြောင်း မင်းလှမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်နန္ဒာအိက ရှင်းလင်းပြောကြားခဲ့သည်။

**ငြိမ်းသူ (စလင်း)**

# ရွှေမိုင်းယောင်းသားတို့၏ ရင်ထဲက မဟာ (သို့မဟုတ်) ထပ်လုံ

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းယောင်းမြို့နယ် ဝမ်ကောင်းကျေးရွာအုပ်စု ဝမ်တောင်းကျေးရွာအနီး မဟိယင်္ဂဏာတောင်ကုန်းပေါ်ရှိထပ်လုံ(ဓာတ်လုံစွမ်ယောင်း) စေတီတော်မြတ်သည် မိုင်းယောင်းမြို့၏ အမြင့်မြတ်ဆုံးနှင့် ရှေးအကျဆုံး သမိုင်းဝင်စေတီတစ်ဆူဖြစ်ပြီး ဂေါတမမြတ်စွာဘုရား၏ ဆံတော် ရှစ်ဆူနှင့် ဓာတ်တော်လေးဆူတို့ဖြင့် ဌာပနာထားသည့် စေတီတော်မြတ်ကြီးဖြစ်သည်။

ထပ်လုံစေတီတော်ကို အေဒီ ၁၁ ရာစုက ရဟန္တာ လေးပါးနှင့် မိုင်းယောင်းနယ်ကို မင်းပြုသော ဖရာသုလင်္ဂဝတ္တိမင်းက ဦးဆောင်လျက် နယ်သူနယ်သားများနှင့်အတူ တန်ဆောင်မုန်းလပြည့်နေ့မှ ကဆုန်လပြည့်နေ့အထိ တည်ထားကိုးကွယ်ခဲ့ကြောင်း၊ မြန်မာသက္ကရာဇ် ၉၈၂ (ခရစ်နှစ် ၁၆၂၀)ခုနှစ်တွင် နယ်စားမင်း စဝ်ဖစက္ကမဏီက စေတီတော်ကို ပိုမိုခိုင်ခံ့အောင် ပြုပြင်မွမ်းမံခဲ့ကြောင်း၊ မြန်မာသက္ကရာဇ် ၁၁၃၀(ခရစ်နှစ် ၁၇၆၈)ခုနှစ်တွင် စဝ်ဖကောင်ခမ်းဖူးက စေတီတော်အုတ်တံတိုင်း ကာရံခြင်း၊ နဂါးရုပ် လေးကောင်နှင့် စေတီတော် မြောက်ဘက်မုခ်ဦး အတက်လှေကားတို့ကို တည်ဆောက်ခဲ့ကြောင်း သိရသည်။

ထို့အတူ မြန်မာသက္ကရာဇ် ၁၁၄၇(ခရစ်နှစ် ၁၇၈၅) ခုနှစ်တွင် စဝ်မွမ်ဇေယျဝံသာက စေတီတော်ကို လေးတောင် ထပ်မြှင့်၍ ပြုပြင်တည်ဆောက်ခဲ့သည်။ မြန်မာသက္ကရာဇ် ၁၂၆၀ (ခရစ်နှစ် ၁၈၉၈) ခုနှစ်တွင် စဝ်မွမ်ခမ်းအဲန်က စေတီတော် အတက်လမ်းကို လေးထောင့်ကျောက်ပြားများဖြင့် ခင်းကျင်းပေးခဲ့သည်။ မြန်မာသက္ကရာဇ် ၁၂၈၄(ခရစ်နှစ် ၁၉၂၂)ခုနှစ်တွင် မိုင်းယောင်းစော်ဘွား ကျောက်မွမ်ပျဲန်းမုန်းက လွယ်ကူအဆင်ပြေစွာ ဖူးမြော်ကြည်ညိုနိုင်ရန် လမ်းသစ်ဖောက်လုပ်ပေးခဲ့သည်။

ထို့နောက် မြန်မာသက္ကရာဇ် ၁၃၃၅(ခရစ်နှစ် ၁၉၇၃) ခုနှစ်တွင် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဝမ်ပုံကျောင်းတိုက်ဆရာတော် ဦးဂန္ဓရသက ဦးဆောင်၍ စေတီတော်ပလ္လင်တော်နှင့် ဘုရားရင်ပြင်တော်တို့ကို တိုးချဲ့ပြုပြင်မွမ်းမံခဲ့သည်။ မြန်မာသက္ကရာဇ် ၁၃၅၁(ခရစ်နှစ် ၁၉၈၉) ခုနှစ်တွင် တာချီလိတ်မြို့ နဂါးနှစ်ကောင်ကျောင်းတိုက်ဆရာတော် ဓမ္မသီရိအရှင်မြတ်က ထီးတော်အသစ် တင်လှူခြင်း၊ ထီးတော်မှ ခေါင်းလောင်းတော်အဆင့်နှင့် အောက်ခြေပစ္စယံအဆင့်အထိ ရွှေပြားသင်္ကန်းနှင့် ရွှေဆေးသင်္ကန်းများကပ်လှူပူဇော်ခြင်းများ ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် စေတီတော်သည် ခြေတော်အချင်း ၁၂ ပေနှင့် ဉာဏ်တော်အမြင့် ၅၄ ပေ ရှိကြောင်း သိရသည်။

မြန်မာသက္ကရာဇ် ၁၃၆၀(ခရစ်နှစ် ၁၉၉၈)ခုနှစ်တွင် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဟိုခုံပရိယတ္တိ စာသင်တိုက်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဂန္ဓရသဝံသော ဦးဆောင်၍ စေတီတော်ရင်ပြင်တော်နှင့် စေတီတော်အတက်မြေသားလမ်းကို တိုးချဲ့ကွန်ကရစ်ခင်းခြင်းများ အပါအဝင် ဘက်စုံပြုပြင်ခဲ့သည့်အပြင် မြန်မာသက္ကရာဇ် ၁၃၇၉ (ခရစ်နှစ် ၂၀၁၇)ခုနှစ်တွင် စေတီတော်၏ ထီးတော်ကို ရွှေသားစစ်စစ်ဖြင့် ပြုလုပ်ပူဇော်ခဲ့သည်။

မြန်မာသက္ကရာဇ် ၁၃၆၉ (ခရစ်နှစ် ၂၀၀၇)ခုနှစ်တွင် တာချီလိတ်မြို့ မိုင်းဖုန်းအုပ်စု လွှမ်တုံခမ်းဆရာတော် ဦးမဟာခမ်းကျောက်က စေတီတော်ကို ကိုယ်လုံးတော်ပြည့် ရွှေပြားသင်္ကန်း ကပ်လှူပူဇော်ခဲ့သည်။

ထပ်လုံစေတီတော် စတင်တည်ထားကိုးကွယ်သည့်ရက်ကို အစွဲပြု၍ ဘုရားပွဲကို နှစ်စဉ် တန်ဆောင်မုန်းလပြည့်နေ့တွင် မီးမျှောပွဲနှင့်အတူ ကျင်းပရာ ပွဲတော်ကာလတွင် ဒေသခံ တိုင်းရင်းသားများနှင့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးဧည့်သည်များ အထူးစည်ကားစွာ လာရောက်လေ့ရှိကြသည်။

ဤကဲ့သို့ ခေတ်အဆက်ဆက်က မိုင်းယောင်းနယ်သားတိုင်းရင်းသားတို့၏ နှလုံးအိမ်တွင် မြတ်နိုးတန်ဖိုးထားထိန်းသိမ်းစောင့်ရှောက်လာခဲ့ကြသည့် ဓာတ်လုံစွမ်ယောင်း စေတီတော်မြတ်အား ရွှေမိုင်းယောင်းသားတို့၏ ရင်ထဲက မဟာ (သို့မဟုတ်) ထပ်လုံဟု တင်စားခေါ်ဆိုလိုက်ရပါကြောင်း....။ ။

**စိုင်းအောင်ဇော်လင်း**



# နွားထိုးကြီးမြို့မှ စိတ်ဝင်စားဖွယ်ရာ ပျူပုတီး(ချင်းပုတီး)လုပ်ငန်းနှင့် အင်ကြင်းကျောက် လက်မှုအနုပညာလုပ်ငန်း

**နွားထိုးကြီး ဖေဖော်ဝါရီ ၄**

မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့နှင့် နွားထိုးကြီးမြို့နယ်ရှိ ဝတီးမြို့ဟောင်းဘုရားကြီးကျေးရွာတွင် စိတ်ဝင်စားဖွယ်ရာ ပျူပုတီး(ချင်းပုတီး) လုပ်ငန်းနှင့် အင်ကြင်းကျောက်လက်မှုအနုပညာလုပ်ငန်းများကို လုပ်ကိုင်လျက်ရှိသည်။ ပျူပုတီး (ချင်းပုတီး)လုပ်ငန်းမှာ အင်ကြင်းကျောက်များဖြင့် ပြုလုပ်ရသော လုပ်ငန်းဖြစ်ပြီး ပျူပုတီး(ချင်းပုတီး) နှင့် လက်ပတ်များ ဖြစ်လာစေရန် အနုစိတ်ပြုလုပ်ကြရသည်။ ယခင်က ပျူပုတီးကို လက်စင်ဖြင့် ပြုလုပ်သော်လည်း တိုးတက်လာသောခေတ်တွင် စက်စွမ်းအားကို အသုံးပြုကာ ပြုလုပ်လာကြသည်။

ပျူပုတီး(ချင်းပုတီး)ပြုလုပ်ရန်အတွက် ပထမဦးစွာ အင်ကြင်းကျောက်များကို စက်ဖြင့်ကြိတ်ကာ ခွဲခြမ်းခြင်းကို ပြုလုပ်ကြရသည်။ ကျောက်များကို ခွဲပြီးသည်နှင့် လုံးသည့်စက်ဖြင့်လုံးကာ အပေါက်များ ဖောက်ကြရသည်။ အပေါက်ဖောက်ပြီးသည်နှင့် အကြမ်း၊ အချော၊ အနု အဆင့်ဆင့် အရောင်တင်ခြင်းများကို ပေါင်းအိုးအတွင်းထည့်ကာ ပြုလုပ်ကြရသည်။ အရောင်တင်အပေါက်ဖောက်ပြီး ပျူပုတီးများကို ဆေးရောင်ခြယ်ခြင်းများကို စတင်ပြုလုပ်ကြရသည်။

အင်ကြင်းကျောက်ဖြင့်ပြုလုပ်ထားသော ပျူပုတီး (ချင်းပုတီး)ကို ဆေးရေးရာတွင် သံဖြင့် ပြုလုပ်ထားသော ကိုက်(ညှပ်သည့်ကိရိယာ)ဖြင့် ညှပ်ထားကာ စတင်ဆေးရေးရသည်။ ဆေးပြုလုပ်ရာတွင်သဘာဝနည်းများအတိုင်း သဲဆပ်ပြာ၊ တမာစေး၊ လက်ချား၊ ထုံးများရောကြိတ်ကာ ဆေးကိုပြုလုပ်ရပြီး ထိုဆေးဖြင့် ပထမဦးစွာရေးကြရသည်။

နောက်ပိုင်းတွင် အနက်ဆေးအဖြစ် အနုစိတ်ကာ ဒီဇိုင်းမျိုးစုံရေးကြရသည်။ အနက်ဆေးပြုလုပ်ရာတွင် မိခင်နို့ရည်၊ ကန့်၊ ဆေးဒန်း၊ ဒုတ္ထာတို့ကို ရောစပ်ကာကြိတ်ပြီး မီးသွေးဖိုနှင့် မီးကင်ကာ အနက်ဆေးခြယ်ခြင်းများကို ပြုလုပ်ကြရသည်။ ဆေးခြယ်ရာတွင် ဆေးစွဲသည့် အင်ကြင်းကျောက်မှာ အပိတ်သားဖြင့် ပြုလုပ်လေ့ရှိသည်။

လက်ရှိကာလတွင် ပျူပုတီး(ချင်းပုတီး)ခေါ် ဆေးရေးပုတီးကို အစဉ်အဆက်ပြုလုပ်လာကြသည်။ ပျူပုတီးကို ဒီဇိုင်းအမျိုးမျိုး ဆေးခြယ်ပေးကြပြီး ပျူပုတီးဆွဲကြိုးတစ်ကုံးလျှင် ငွေကျပ် ၁၀၀၀၀ ကျော်ဖြင့် ရောင်းချသည်။ ပျူပုတီးတစ်ကုံးအလုံး ၁၀၀ပါ အကုံးကြီးများကိုမူ ငွေကျပ် ၂၀၀၀၀ ကျော်ဖြင့် ရောင်းချသည်။ လက်ပတ်ကုံးအသေးများကိုမူ တစ်ကုံးလျှင် ငွေကျပ် ၅၀၀၀ ဖြင့် ရောင်းချကြသည်။ ပျူပုတီးအရည်အသွေးအလိုက် ဈေးနှုန်းအနိမ့်အမြင့်ကွာခြားပြီး အွန်လိုင်းကို အသုံးပြုရောင်းချခြင်းကို အားထားပြုလုပ်လာကြောင်း သိရသည်။

**နွေနဒီ(မြစ်ငယ်)**



# ရွှေဘိုခရိုင်အတွင်းရှိ ကျေးရွာနေပြည်သူများအတွက် သန့်ရှင်းသောသောက်သုံးရေရရှိရေး ဆောင်ရွက်နေ

**ရွှေဘို ဖေဖော်ဝါရီ ၄**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်၌ ယခုဘဏ္ဍာနှစ်တွင် ကျပ်သိန်းပေါင်း ၃၀၀၀ ကျော် အသုံးပြု၍ ကျေးရွာနေပြည်သူများအတွက် သန့်ရှင်းသောသောက်သုံးရေရရှိရေး ဆောင်ရွက်လျက်ရှိကြောင်း ရွှေဘိုခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ရွှေဘိုခရိုင်အတွင်းရှိ ရွှေဘို၊ ဝက်လက်၊ ခင်ဦး၊ ရေဦး၊ ဒီပဲယင်း၊ တန့်ဆည်စသည့် မြို့နယ်ခြောက်မြို့နယ်တွင် သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာရရှိနိုင်ရေးအတွက် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေ ကျပ် ၂၆၇ ဒသမ ၄ သန်းဖြင့် ကျေးရွာ ၁၅ ရွာတွင် တွင်းနက်၁၄တွင်း၊ အခြားလုပ်ငန်းတစ်ခုတို့ကို လည်းကောင်း၊ တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေ ကျပ်သန်း ၅၀ ဖြင့် ကျေးရွာလေးရွာတွင် တွင်းနက်သုံးတွင်းနှင့် အခြားလုပ်ငန်းတစ်ခု စသည့်လုပ်ငန်းများကို တင်ဒါအောင်မြင်သော ကုမ္ပဏီများက အသီးသီးတာဝန်ယူ ဆောင်ရွက်လျက်ရှိသည်။

ကျေးလက်ဒေသနေပြည်သူများနှင့် မွေးမြူထားရှိသည့် တိရစ္ဆာန်များအတွက်ပါ သန့်ရှင်းသော သောက်သုံးရေဖူလုံစေရန်ရည်ရွယ်၍ ပြည်သူများ၏ တင်ပြချက်များ၊ ဌာနမှ တာဝန်ရှိသူများ၏ ကွင်းဆင်းလေ့လာတွေ့ရှိချက်များအရ သန့်ရှင်းသောသောက်သုံးရေ အမှန်တကယ်လိုအပ်သော ကျေးရွာများကို ဦးစားပေး အစီအစဉ်အလိုက် လျာထားဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း ရွှေဘိုခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်ထံမှသိရသည်။

ထို့အပြင် နွေရာသီတွင် သန့်ရှင်းသော သောက်သုံးရေ ရှားပါးပြတ်လပ်မှုများဖြစ်ပေါ်ခဲ့ပါကလည်း ဆက်သွယ်အကြောင်းကြားနိုင်ရန် မိမိတို့ဦးစီးဌာနမှ သက်ဆိုင်ရာနေရာဒေသအလိုက် ဆက်သွယ်ရမည့် ဖုန်းနံပါတ်များကိုလည်း အွန်လိုင်းမှတစ်ဆင့် ကျယ်ပြန့်စွာ အသိပေးထားကြောင်းနှင့် သန့်ရှင်းသော သောက်သုံးရေ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန်လည်း အစီအစဉ်များ ဆောင်ရွက်ထားရှိကြောင်း ၎င်းထံမှ သိရသည်။

**ထွန်းမြင့်အောင်(ရွှေဘို)**



# ငါန်းဇွန်မြို့နယ်၌ လယ်ယာထွက်ကုန်များ ဈေးကွက်ပို့ဆောင်နိုင်ရေး လမ်းဖောက်လုပ်

**ငါန်းဇွန် ဖေဖော်ဝါရီ ၄**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် ငါန်းဇွန်မြို့နယ်တွင် လယ်ယာထွက်ကုန်များ ဈေးကွက်သို့ပို့ဆောင်နိုင်ရေးအတွက် မြေနီကုန်းကျေးရွာ လယ်ယာကုန်ထုတ်လမ်း၊ တံတားလုပ်ငန်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၃ ရက် နံနက်ပိုင်းက မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမိုးအောင်၊ ဦးစီးအရာရှိ(နည်းပညာ) ဦးစိုးဝင်းထွန်းနှင့် အင်ဂျင်နီယာဝန်ထမ်းများက ကွင်းဆင်းကြည့်ရှုခဲ့ကြသည်။

မြေနီကုန်းကျေးရွာ လယ်ယာကုန်ထုတ်လမ်း၊ တံတားလုပ်ငန်းသည် အရှည် သုညမိုင် ၈၂ ဖာလုံရှိပြီး ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေကျပ် ၂၇ ဒသမ ၅၇ သန်းဖြင့် တင်ဒါအောင်မြင်သော မြစ်ရောကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါလုပ်ငန်းပြီးစီးပါက အိမ်ခြေ ၉၀၄ လုံး၊ လူဦးရေ ၃၉၂၃ ဦး၏ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာမည်ဖြစ်သည့်အပြင် လယ်ယာဧက ၆၅၀ ရှိ ထုတ်ကုန်၊ ထွက်ကုန်များကို ဈေးကွက်သို့ လွယ်ကူလျင်မြန်စွာ သယ်ယူပို့ဆောင်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**မင်းမြင့်မိုရ်**

# ခရမ်းချဉ်သီးပေါ်ချိန် ဈေးနှုန်းကျဆင်းခြင်းကြောင့် ခရမ်းချဉ်စိုက်တောင်သူများ တွက်ခြေမကိုက်ဖြစ်နေ



**ကျောက်ပန်းတောင်း ဖေဖော်ဝါရီ ၄**
မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ကြက်မောက်တောင်ဆည်(တမံ) ပတ်ဝန်းကျင်ကျေးရွာများသည် ခရမ်းချဉ်အမြောက်အမြား စိုက်ပျိုးကြသည့် ကျေးရွာများဖြစ်ကာ ခရမ်းချဉ်စိုက်တောင်သူများ ခရမ်းချဉ်ပေါ်ချိန် ဈေးနှုန်းမနှစ်ကထက် ကျဆင်းနေခြင်းကြောင့် ခရမ်းချဉ်စိုက်တောင်သူများ တွက်ခြေမကိုက်ဖြစ်နေကြကြောင်း မုန့်ကုန်းကျေးရွာ ခရမ်းချဉ်စိုက်တောင်သူ ဦးမင်းညိုက ပြောသည်။

ကျောက်ပန်းတောင်းမြို့နယ် ကြက်မောက်တောင်ဆည် ပတ်ဝန်းကျင်ကျေးရွာများဖြစ်သည့် ဆည်အထက်ဘက် လဲဂွကျေးရွာ၊ လက်ပံ့အိုင့်ရွာ၊ ဆပ်ပြာကျင်းရွာ၊ ဆည်အရှေ့ဘက်ကျေးရွာများဖြစ်သည့် ညောင်ဖြူပင်ရွာ၊ မုန့်ကုန်းရွာ၊ ညောင်ချိုင်းရွာ၊ အမှတ်-၃ရွာများနှင့် ကြက်မောက်တောင် ဆည်အောက်ဘက်ကျေးရွာများဖြစ်သည့် ကိုင်းရွာ၊ ညောင်ပင်သာ၊ စည်ပင်သာကျေးရွာ၊ မကျီးတိုင်းရွာ၊ အိုးအိုင် ကျေးရွာများသည် ရာသီပေါ်သီးနှံမျိုးစုံ စိုက်ပျိုးသည့် ကျေးရွာများဖြစ်ကာ မြေအောက်ရေတူးဖော်ပြီး သီးနှံခင်းများအား ရေသွင်းစိုက်ပျိုးသည့် ကျေးရွာများဖြစ်ကြကြောင်း၊ ယခုအချိန်တွင် ခရမ်းချဉ်စိုက်ပျိုးခြင်းဖြင့် မိသားစုတစ်ဖက်တစ်လမ်းမှ ဝင်ငွေကာမိစေရန် ခရမ်းချဉ်အား စိုက်ပျိုးကြကြောင်း ဦးမင်းညိုက ရှင်းပြသည်။

ခရမ်းချဉ်စိုက်ပျိုးကြရာတွင်လည်း တိုင်ထောင်ခရမ်းချဉ်မျိုးဖြစ်သည့် တစ်သုံးလုံးတံဆိပ်အား အများဆုံး စိုက်ပျိုးကြပြီး ထွက်ရှိလာသည့် ခရမ်းချဉ်သီးများကို ကျောက်ပန်းတောင်းမြို့၊ မြို့မဈေးရှိပွဲရုံများသို့ တင်ပို့ရောင်းချခြင်း၊ ကျောက်ပန်းတောင်းမြို့ ခရမ်းချဉ်ပွဲစားများမှတစ်ဆင့် ပခုက္ကူ၊ ရေနံချောင်း၊ မကွေးသို့ တင်ပို့ရောင်းချခြင်းများဖြင့် နှစ်စဉ်နှစ်တိုင်း ခရမ်းချဉ်စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင် အဆင်ပြေလာနေရာ ယခုနှစ်ခရမ်းချဉ်ပေါ်ချိန် ဈေးနှုန်း မနှစ်ကထက် ထက်ဝက်ကျဆင်းနေခြင်းကြောင့် ခရမ်းချဉ်စိုက်တောင်သူများ လုပ်အားခပင် မရရှိဘဲအရှုံးနှင့် ရင်ဆိုင်နေရကြောင်း လဲဂွကျေးရွာ ခရမ်းချဉ်စိုက်တောင်သူ ဒေါ်စိုးစိုးက ပြောသည်။

ယမန်နှစ်ကခုလိုခရမ်းချဉ်သီးပေါ်ချိန် တစ်ပိဿာ ကျပ် ၇၀၀ ဖြင့် ရောင်းချရခြင်းကြောင့် တောင်သူများ တွက်ခြေကိုက်ကြကြောင်း၊ ယခုနှစ်တွင် တစ်ပိဿာ ကျပ် ၅၀၀ မှ ကျပ် ၂၀၀ အထိသာ ရောင်းချရခြင်းကြောင့် ပျိုး(မျိုး) ထောင်စရိတ်၊ မြေဆီစရိတ်၊ ထွန်ရှဉ်းခ၊ လုပ်အားခ၊ ရေသွင်းရာတွင် ဒီဇယ်၊ ဓာတ်ဆီဖိုးများဖြင့် စိုက်ပျိုးစရိတ် ကာမိရုံသာရှိကြောင်း ဆပ်ပြာကျင်းကျေးရွာ ခရမ်းချဉ်စိုက်တောင်သူ ဦးဇော်ချင်းက ပြောသည်။

ခရမ်းချဉ်စိုက်ပျိုးရာတွင် စိုက်ပျိုးသည့် တောင်သူများပြီး ခရမ်းချဉ်သီးပေါ်ချိန် တစ်ပြိုင်နက်တည်းဖြစ်နေလျှင် ဈေးနှုန်းကျဆင်းကြောင်း၊ ခရမ်းချဉ်သီးပေါ်ချိန် တစ်နှစ်သုံးကြိမ်ရှိလျှင် တစ်ကြိမ်သာ ဈေးနှုန်းကောင်းရရှိတတ်ကြောင်း၊ ခရမ်းချဉ်စိုက်ပျိုးရာတွင် မျိုးစေ့ထုပ်ဝယ်ပြီး တစ်စေ့ချင်းပျိုးအိတ်ထဲထည့် ပျိုးထောင်ရကာ ဆယ့်ငါးရက်သားရှိလျှင် ယာခင်းထဲ ပြောင်းရွှေ့စိုက်ပျိုးကြရကြောင်း၊ ၄၅ ရက်အကြာတွင် ခွ(ဂွ)ပွင့်လိုက်ကာ အသီးစတင်သီးပြီး ရက်ပေါင်းငါးဆယ်ရှိလျှင် အပွင့်ရော၊ အသီးပါ လှိုင်လှိုင်ပွင့်လှိုင်လှိုင်သီးကြောင်း၊ တိုင်ထောင်ခရမ်းချဉ်ဖြစ်သည့်အတွက် ကြိုးတန်းပြုလုပ်ကာ လေးပေခြားတိုင်စိုက်ပြီး ခရမ်းချဉ်ပင်အား ထိန်းသိမ်းရကြောင်းသိရကာ ခရမ်းချဉ်စိုက်တောင်သူများ မနှစ်ကထက် ဈေးနှုန်းကျဆင်းနေခြင်းကြောင့် တွက်ခြေမကိုက်ဖြစ်နေကြောင်း ခရမ်းချဉ်စိုက်တောင်သူများထံမှ သိရသည်။

**ကိုထိန်(ပြန်/ဆက်)**

# ဆောင်းသီးနှံ ပဲတီစိမ်းများ ဖြစ်ထွန်းအောင်မြင်

**သုံးခွ ဖေဖော်ဝါရီ ၄**
ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်တွင် စိုက်ပျိုးထားသော သီးထပ်ဆောင်းသီးနှံပဲတီစိမ်းစိုက်ခင်းများမှာ ဖြစ်ထွန်းအောင်မြင်လျက်ရှိကြောင်း တောင်သူများထံမှ သိရသည်။

ပဲပိုးမွှားအန္တရာယ်နည်းပါးမှု ရာသီဥတုအခြေအနေကောင်းမွန်မှုကြောင့် အထွက်နှုန်းကောင်းမည်ကို သိရှိရကြောင်း၊ သို့သော် ပဲဆွတ်ခူးချိန်တွင်လုပ်သားရှားပါးမှုနှင့် ကြုံတွေ့နေရသောကြောင့် ပဲဆွတ်ခူးချိန် အချိန်မီ မဆွတ်ခူးနိုင်မည်ကို စိုးရိမ်နေရကြောင်း သိရသည်။

သုံးခွမြို့နယ် လက်ပန်စံပြကျေးရွာမှပဲတီစိမ်း ဧက ၂၀ စိုက်ပျိုးသူ ဦးမင်းကိုကိုဦးက "ကျွန်တော့်လယ်က ပဲစိုက်ထားတာ ၆၅ ရက်သားရှိပြီ။ နောက် ၁၀ ရက်ဆို ပဲဆွတ်ခူးလို့ရပြီ။ အောင်မြင်ဖြစ်ထွန်းပြီး အခြေအနေကောင်းပါတယ်။ ဒါပေမယ့် ပဲဆွတ်ခူးချိန် အချိန်အခါမှဲ့ မိုးမရွာဖို့၊ ပဲဆွတ်ခူးသူလုပ်သား အဆင်ပြေ အလွယ်တကူရဖို့၊ ပဲဈေးကောင်းဖို့ပဲမျှော်လင့်နေရတယ်" ဟု ပြောသည်။

သုံးခွမြို့နယ်တွင် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် စိုက်ပျိုးရာသီတွင် မြို့မနှင့်ကျေးရွာအုပ်စု၆၄ အုပ်စုတွင် ပဲတီစိမ်း ၁၃၀၁၈၃ ဧက စိုက်ပျိုးထားကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဦးတင်မြင့်အောင်က ပြောသည်။

**ကိုကျော်(သုံးခွ)**

# ဘုတလင်မြို့နယ်တွင် ကုလားပဲနှင့် ဂျုံမျိုး ယှဉ်ပြိုင်စမ်းသပ်ကွက်များ ကွင်းသရုပ်ပြ



**ဘုတလင် ဖေဖော်ဝါရီ ၄**
စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ကုလားပဲမျိုးနှင့် ဂျုံမျိုးယှဉ်ပြိုင်စမ်းသပ်ကွက်များ ကွင်းသရုပ်ပြပွဲကို ဖေဖော်ဝါရီ ၄ ရက် နံနက်ပိုင်းက ညောင်ကန်ကျေးရွာ ကွင်းအမှတ်(၂၂)၊ ဦးပိုင်အမှတ်(၃၇)ရှိ တောင်သူ ဒေါ်ချိုချိုလွင်၏ စိုက်ခင်းတွင် ပြုလုပ်ခဲ့သည်။

**ရှင်းလင်းပြောကြား**

ကွင်းသရုပ်ပြပွဲတွင် မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ကိုယ်စား ခရိုင်သီးနှံကာကွယ်ရေး တာဝန်ခံ ဦးကိုလေးက အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်ချိုချိုမာက ကွင်းသရုပ်ပြပွဲ ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်တောင်သူလယ်သမားအစုအဖွဲ့ဝင် တောင်သူ ဒေါ်ချိုချိုလွင်က ကုလားပဲ လေးမျိုးနှင့် ဂျုံ ခြောက်မျိုး ယှဉ်ပြိုင်စမ်းသပ်ကွက်များ စိုက်ပျိုးထားမှုနှင့် အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို ရှင်းလင်းပြောပြသည်။

"ဂျုံခြောက်မျိုးကို KOPIA Project က တစ်ဧကကို တစ်တင်းခွဲနဲ့ မြေဩဇာ တစ်အိတ် ထောက်ပံ့ပေးပါတယ်။ ကုလားပဲ လေးမျိုးကိုတော့ စိုက်ပျိုးရေးနှင့် သုတေသနဦးစီးဌာနက ထောက်ပံ့ပေးပါတယ်။ တခြားမြို့နယ်မှာ ဖြစ်ထွန်းအောင်မြင်ပေမယ့် ကိုယ့်မြို့နယ်မှာ မအောင်မြင်နိုင်တဲ့ မျိုးတွေရှိပါတယ်။ ဒါကြောင့် ကိုယ့်မြို့နယ်ရဲ့ ရေ၊ မြေ၊ ရာသီဥတုနဲ့ ကိုက်ညီတဲ့ မျိုးတွေကိုရရှိဖို့အတွက် ယှဉ်ပြိုင်စမ်းသပ်ကွက်တွေကို စိုက်ပျိုးတာပါ"ဟု မြို့နယ် စိုက်ပျိုးရေးဦးစီးမှူး ဒေါ်ချိုချိုမာက ပြောသည်။

အဆိုပါ ကုလားပဲမျိုးနှင့် ဂျုံမျိုး ယှဉ်ပြိုင်စမ်းသပ်ကွက်များကို မြို့နယ်တောင်သူလယ်သမား အစုအဖွဲ့ဝင်များနှင့် ဒေသခံတောင်သူများက ကြည့်ရှုလေ့လာခဲ့ကြပြီး ဂျုံ ခြောက်မျိုးအနက်မှ အကြိုက်ဆုံး ဂျုံမျိုးကို ရွေးချယ်ခဲ့ကြကြောင်း သိရသည်။

**ဖိုးခါး(ပြန်/ဆက်)**

# ပန်ဆောင်မြို့၌ ဒေသထွက်ချင်း(ဂျင်း)များ တူးဖော်ရောင်းချခြင်းဖြင့် အဆင်ပြေ

**ပန်ဆောင် ဖေဖော်ဝါရီ ၄**
စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပန်ဆောင်မြို့သည် တောင်ပေါ်ဒေသဖြစ်ပြီး စိုက်ပျိုးရေးလုပ်ငန်းများကို အဓိက တစ်ပိုင်တစ်နိုင် လုပ်ကိုင်လျက်ရှိရာ လက်ရှိကာလတွင် ချင်း(ဂျင်း)များ တူးဖော်ရောင်းချခြင်းဖြင့် အဆင်ပြေလျက်ရှိကြောင်းသိရသည်။

**အပိုဝင်ငွေရရှိ**

ပန်ဆောင်ဒေသသည် ချင်း(ဂျင်း)များကို တောင်ယာများတွင် သီးသန့်စိုက်ပျိုးရန် မလိုအပ်ဘဲ စပါးပင်ကြားတွင် စိုက်ပျိုးလျက်ရှိရာ ဒေသခံများအနေဖြင့် ငွေအရင်းအနှီး စိုက်ထုတ်ရန်မလိုဘဲ မိသားစုဝင်ငွေအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာလအတွင်း အပိုဝင်ငွေရရှိလျက်ရှိကြောင်း သိရသည်။

ယခင်က ချင်း(ဂျင်း)များကို အိတ်လိုက်ရောင်းချလျက်ရှိရာ တစ်ပိဿာလျှင် ငွေကျပ် ၇၀၀ မှ ၁၀၀၀ အထိ ရရှိပြီး မြို့ကြီးများသို့ ပို့ဆောင်ရောင်းချလျက်ရှိကြောင်း၊ ဒေသခံတောင်သူများက မီးဖိုချောင်သုံး ချင်း(ဂျင်း)များကို မိမိတို့ကိုယ်တိုင် တူးဖော်ပြီး တစ်ပိဿာလျှင် ကျပ်၁၀၀၀ နှုန်းဖြင့် ရောင်းချလျက်ရှိကြောင်း သိရသည်။

**ဂျာယော်(ပြန် /ဆက် )**

# ကျောက်ဆည်မြို့နယ်၌ သီးပင်စားပင်များ စိုက်ပျိုးအောင်မြင်ရေး ကွင်းဆင်းဆွေးနွေး

**ကျောက်ဆည် ဖေဖော်ဝါရီ ၄**
မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် ရန်ပုံနှစ်ကျေးရွာတွင် အိမ်ထောင်စုဝင်တိုင်း မိသားစု မီးဖိုချောင်သုံး သီးပင်စားပင်များ စိုက်ပျိုးအောင်မြင်စေရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးရဲမင်းသောင်းနှင့်ဝန်ထမ်းများသည် ယနေ့ နံနက် ၉ နာရီက အစားအစာဘေးကင်းလုံခြုံရေး စီမံကိန်းတွင် ပါဝင်သော တောင်သူများနှင့်တွေ့ဆုံပြီး ကွင်းဆင်းဆွေးနွေးခဲ့သည်။




ဆွေးနွေးရာတွင် အစားအစာဘေးကင်းလုံခြုံရေး စီမံကိန်းတွင် ပါဝင်သော မိသားစုများအနေဖြင့် မိမိတို့ အိမ်ခြံဝင်းများထဲတွင် သဘာဝမြေဩဇာသုံးစွဲပြီး မီးဖိုချောင်သုံး သီးပင်စားပင်များကို တစ်ပိုင်တစ်နိုင် အောင်မြင်စွာ စံနမူနာပြစိုက်ပျိုးရောင်းချခြင်းဖြင့် စားဝတ်နေရေးအဆင်ပြေစေပြီး စားသုံးသူပြည်သူများအတွက် ဓာတုဓာတ်ကြွင်းကင်းမဲ့သော အသီးအနှံများ စားသုံးစေကာ အသက်ရှည်ကျန်းမာစေရေးအတွက် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း မြို့နယ် စိုက်ပျိုးရေးဦးစီးအရာရှိ ဦးရဲမင်းသောင်းက ရှင်းလင်းဆွေးနွေးခဲ့ပြီး ကျေးရွာမိသားစုများက မိမိတို့ပိုင်ဆိုင်သော အိမ်ခြံမြေများအလိုက် စိုက်ပျိုးနိုင်မည့် သီးပင်စားပင်များကို အောင်မြင်စွာ စိုက်ပျိုးနိုင်ရေး အသီးသီးအပြန်အလှန်ဆွေးနွေးခဲ့ကြောင်း သိရသည်။

ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် အစားအစာဘေးကင်းလုံခြုံရေး မိသားစုဝင်များစုပေါင်းပြီး မီးဖိုချောင်သုံးသီးနှံများဖြစ်သော ခရမ်း၊ ငရုတ်၊ ကြက်ဟင်းခါး၊ ဘူး၊ ခဝဲ၊ နံနံ၊ ဆလတ်၊ ပူဒီနာ၊ ပင်စိမ်းပင်များကို အရန်သင့် စိုက်ပျိုးနိုင်ရေးအတွက် မြေဆွေးအိတ်များတွင် ပျိုးထောင်ခဲ့ကြသည်။

**သက်မောင်(ကျောက်ဆည်)**

# လယ်ယာကဏ္ဍဆိုင်ရာ သတင်းအချက်အလက်များ လွယ်ကူစွာ ရယူနိုင်



**နေပြည်တော်  ဖေဖော်ဝါရီ ၄**

တောင်သူလယ်သမားဦးကြီးများအပါအဝင် စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများတွင် လုပ်ကိုင်ဆောင်ရွက်နေသူများ၊ လယ်ယာကဏ္ဍဆိုင်ရာ သတင်းအချက်အလက်ရယူ အသုံးပြုလိုသူများအနေဖြင့် စိုက်ပျိုးရေးဦးစီးဌာန စိုက်ပျိုးပညာပေးရေးဌာနခွဲ ပြန်ကြားရေးဌာနစိတ်က တာဝန်ယူဆောင်ရွက်နေသည့် AGRI DIGIT NEWS ဝက်ဘ်ဆိုက်တွင် ဝင်ရောက်လေ့လာနိုင်ကြောင်း သိရသည်။

အဆိုပါ ဝက်ဘ်ဆိုက်လိပ်စာဖြစ်သော www.agri.com.mm ၏ သတင်းကဏ္ဍတွင် နိုင်ငံတော်အကြီးအကဲများ၊ ပြည်ထောင်စုအဆင့်ဝင်ပုဂ္ဂိုလ်များ၏ လယ်ယာကဏ္ဍဆိုင်ရာ ဆောင်ရွက်မှုများ၊ လမ်းညွှန်ချက်များ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများ၏ သတင်းထုတ်ပြန်ချက်များ၊ အနယ်နယ်အရပ်ရပ်မှ စိုက်ပျိုး၊ မွေးမြူရေးဆိုင်ရာသတင်းများ၊ နှိုးဆော်ကြေညာချက်များ၊ ရုပ်မြင်သံကြားသတင်းများ၊ နည်းပညာဆိုင်ရာ ဆောင်းပါးများအပါအဝင် လေ့လာစရာများစွာကို စုံလင်ဝေဆာစွာ ဖော်ပြထားရှိသည်။

အလားတူ စိုက်ပျိုးရေးဆိုင်ရာ သိလိုသမျှကို စိုက်ပျိုးရေးဦးစီးဌာန Call Center ဖုန်းနံပါတ် ၀၁-၂၃၉၉၅၅၊ ၀၉၇၄၁၀၁၃၉ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# သုံးခွမြို့၌ ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးခြင်းနှင့် ကျန်းမာရေးအသိပညာပေးခြင်းဆောင်ရွက်

**သုံးခွ  ဖေဖော်ဝါရီ ၄**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်ကျန်းမာရေးဦးစီးဌာန၌ ယမန်နေ့နံနက် ၉ နာရီက မွေးကင်းစမှ နှစ်နှစ်အောက်ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအား လစဉ် ပုံမှန်ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းများ ဆောင်ရွက်ခဲ့သည်။



ပုံမှန်ကာကွယ်ဆေးထိုးနှံတိုက်ကျွေးပေးခြင်းကို သုံးခွမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ အမျိုးသမီးကျန်းမာရေးဆရာမ ဒေါ်သက်ထားမြင့်နှင့် ဆရာမများက မြို့ပေါ်ရပ်ကွက်အတွင်းရှိ ကလေးငယ်များအား ပေါင်ချိန်ပေးခြင်း၊ ဝက်သက်-ဂျိုက်သိုးရောဂါ၊ ဂျပန်ဦးနှောက်ရောင်ရောဂါ ပုံမှန်ကာကွယ်ဆေးထိုး ဆေးတိုက်ခြင်း၊ ဘီစီဂျီကာကွယ်ဆေး၊ ငါးမျိုးစပ်ကာကွယ်ဆေး၊ ပြင်းထန်အဆုတ်ရောင် (pcv) ကာကွယ်ဆေး၊ ပိုလီယိုကာကွယ်ဆေး၊ ပိုလီယိုအစက်ချ ကာကွယ်ဆေး၊ တီဘီရောဂါ၊ ဆုံဆို့နာရောဂါ၊ ကြက်ညှာချောင်းဆိုးရောဂါ၊ မေးခိုင်ရောဂါ၊ အသည်းရောင် အသားဝါ(ဘီ)ရောဂါ၊ ဦးနှောက်အမြှေးရောင်၊ အဆုတ်ရောင်ရောဂါနှင့် ကိုယ်ဝန်ဆောင်မိခင်များအား မေးခိုင်ရောဂါကာကွယ်ဆေးတို့ကို ထိုးနှံတိုက်ကျွေးခဲ့ကြောင်း သိရသည်။

**စည်သူလင်း(ပြန်/ဆက်)**

# နှစ်သစ်ကူးကာလ တရုတ်ဘက်မှ အဝယ်ပိတ်ထား၍ ကောက်ပဲသီးနှံများ အရောင်းအဝယ်အေး

**မုံရွာ  ဖေဖော်ဝါရီ ၄**

တရုတ်နိုင်ငံဘက်မှ လွန်ခဲ့သည့်တစ်ပတ်ခန့်ကတည်းက နှစ်သစ်ကူးကာလဖြစ်သောကြောင့် အဝယ်ပိတ်ထားရာ ကောက်ပဲသီးနှံ အရောင်းအဝယ်အေးနေကြောင်း မုံရွာကုန်စည်ဒိုင်အထွေထွေအတွင်းရေးမှူး ဦးဇော်မိုးထံမှ သိရသည်။

"တရုတ်နှစ်သစ်ကူးကာလဆိုတော့ နှမ်းဈေးအေးတယ်။ အရင်နှမ်းအနက်တစ်တင်းကို ကျပ် ၅၅၀၀၀ - ၅၆၀၀၀ ကနေ အခုဆိုရင် ၅၀၀၀၀ ပတ်လည်လောက် ဈေးရောက်နေပါတယ်။ နှစ်တိုင်းလို တရုတ်နှစ်သစ်ကူးကာလဖြစ်တဲ့အတွက် တရုတ်နိုင်ငံဘက်က အဝယ်ရပ်တဲ့အတွက် ဒီရာသီ ကျရိုးကျစဉ်အတိုင်း ဈေးကျတာဖြစ်ပါတယ်"ဟု ဦးဇော်မိုးက ပြောသည်။

ဈေးကွက်တွင် ကောက်ပဲသီးနှံအားလုံး အရောင်းအဝယ် အေးနေပြီး လက်ရှိအနေအထားအရ ကိုဗစ်ရောဂါအခြေအနေကြောင့် အရောင်းအဝယ်လေးနေခြင်းဖြစ်ကြောင်း သိရသည်။ ယခင်ကထက် အရောင်းအဝယ် တုံ့ဆိုင်းနေသော်လည်း လိုအပ်သည့်ပစ္စည်းများ မှန်မှန်ရောင်းဝယ်နေကြရာ ကုလားပဲ၊ နှမ်းအညို စသည်တို့ကို ပြည်တွင်းစားသုံးမှုအတွက် ဝယ်ယူခြင်းများရှိပြီး ပဲစင်းငုံ၊ မတ်ပဲ စသည့် ပြည်ပပို့ပဲများ အရောင်းအဝယ်တုံ့ဆိုင်းနေကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**




# ကိုဗစ်ကာလဖြစ်သော်လည်း တရုတ်က ဈေးမြင့်ပေးကာ အဝယ်လိုက်သောကြောင့် မကွေးတိုင်းဒေသကြီးတွင် ဆီးပင်စိုက်တောင်သူများ အပိုဝင်ငွေရ

**မကွေး  ဖေဖော်ဝါရီ ၄**

ကိုဗစ်ကာလဖြစ်သော်လည်း ဆီးသီးရာသီချိန်တွင် မကွေးတိုင်းဒေသကြီး မကွေး၊ နတ်မောက်၊ မြို့သစ်၊ ရေနံချောင်း၊ ချောက်၊ မင်းဘူး၊ မင်းလှဒေသရှိ ဆီးပင်စိုက်တောင်သူများ၏ စိုက်ပျိုး၊ မွေးမြူထားသော သဘာဝအလေ့ကျပေါက် ဆီးအရိုင်းပင်များမှရသော ဆီးသီးများ ဈေးကောင်းပြီး ဆီးသီးတစ်တင်း ကျပ် ၃၀၀၀ မှ ၃၆၀၀ အထိ တရုတ်ဝယ်လက်များက ဈေးကောင်းပေးဝယ်ခြင်းကြောင့် ဆီးပင်စိုက်တောင်သူများအတွက် တစ်ဖက်တစ်လမ်းမှ ဝင်ငွေရရှိစေကြောင်း မကွေးမြို့မှ ဆီးသီးအရောင်းအဝယ်လုပ်သူ ဦးကြည်စိုးက ပြောသည်။

"တရုတ်ဝယ်လက်က ဆီးသီးဈေးတိုးမြှင့်ဝယ်တယ်။ အဝယ်လိုက်တယ်။ ကိုဗစ်ကာလကိုပဲ ဆီးသီးအစိုတစ်တင်း ကျပ် ၂၄၀၀ မှ ၂၅၀၀၊ အခြောက်တစ်တင်း ကျပ် ၃၅၀၀ မှ ၃၆၀၀ အထိ ဈေးကောင်းပေးဝယ်ကြတယ်။ ဆီးတစ်ပင်ကောင်းကောင်းရှိရင် တစ်ပတ်ကို ငါးတင်းမှ ၁၀ တင်းအထိ ထွက်ပါတယ်။ ဆီးအပင် ၅၀ မှ ၁၀၀ လောက်ရှိတဲ့ တောင်သူမှာ တင်း ၅၀ မှ တင်း ၁၀၀ အထိ ရနိုင်ပါတယ်။ ဆီးပင်ကို ယာစပ်နဲ့ မြေဖျင်းတဲ့ ကျတ်တီးကုန်းမြေတွေမှာ သဘာဝအလေ့ကျပေါက်ပင်များအဖြစ် မွေးမြူထားကြတယ်။ ကျွန်တော်တို့ အညာဒေသ မြေလတ်ဒေသက ထွက်တဲ့ဆီးသီးကို ပွဲရုံကြီးတွေ၊ ဆီးသီးခွဲစက်တွေက ဝယ်ကြတယ်။ တရုတ်နိုင်ငံက မြန်မာ့ဆီးသီးအရိုင်းကို နှစ်စဉ် ဝယ်ကြပါတယ်။ ဆီးသီးဈေး ဒီလောက်ကောင်းတာက ဆီးသီးကို စက်နဲ့ခွဲလိုက်လို့ထွက်လာတဲ့ ဆီးသီးဝတ်ဆံကို ဝယ်တာဖြစ်ပါတယ်။ ဆီးသီးဝတ်ဆံကို တရုတ်က သူတို့ တိုင်းရင်းဆေးဖော်စပ်ရာမှာ သုံးကြတယ်လို့သာ သိရတယ်။ ဘာသုံးတယ်ဆိုတာ တိတိကျကျ မသိရပါဘူး။ ဆီးသီးဝတ်ဆံက တစ်ပိဿာ ကျပ် ၁၀၀၀၀ မှ ၁၅၀၀၀ အထိ ဈေးကောင်းပါတယ်။ တောင်သူတွေအတွက် ဆီးပင်က တစ်ဖက်တစ်လမ်းက ဝင်ငွေရရှိစေပါတယ်။ အနည်းဆုံးဝင်ငွေ တစ်သိန်းမှ ငါးသိန်းအထိ ရစေပါတယ်"ဟု တောင်သူတစ်ဦးက ပြောသည်။



ဆီးသီးတစ်တင်းအစို ကျပ် ၂၄၀၀၊ အခြောက်တစ်တင်း ကျပ် ၃၆၀၀၊ ဆိတ်စားဆီးစေ့တစ်ပြည် ကျပ် ၇၀၀၊ ဆီးခွဲခြမ်းတစ်တင်း ကျပ် ၃၀၀ မှ ကျပ် ၅၀၀ ရှိပြီး ဆီးဖတ်ဆီးမှုန့်များအား ဆီးယိုလုပ်ငန်းများတွင် အသုံးပြုကြောင်း ဆီးသီးလုပ်ငန်းရှင်တစ်ဦးထံမှ သိရသည်။

မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးတို့တွင် ဆီးသီးအများဆုံးထွက်ရှိပြီး အိမ်နီးချင်း တရုတ်နိုင်ငံမှ မြန်မာ့ဆီးဝတ်ဆံများအား နှစ်စဉ် ဝယ်ယူသောကြောင့် ဆီးသီးဈေးကောင်းကြောင်း ဆီးသီးဈေးကွက်လေ့လာသူလုပ်ငန်းရှင်တစ်ဦးထံမှ သိရသည်။

**ဝင်းမောင်(မကွေး)**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့
စနစ်တကျ လက်ဆေးစို့

# ဒီပလိုမာ၊ မဟာသိပ္ပံ၊ ပါရဂူဘွဲ့လွန် သင်တန်း စုစုပေါင်း(၁၃၇)မျိုး၊ သင်တန်းသားဦးရေ ၂၀၀၀ ကျော်ဖြင့် ဖွင့်လှစ်နိုင်ရေး လျှောက်လွှာများ ခေါ်ယူသွားမည်

(၂၀၂၁) ပညာသင်နှစ်အတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနအောက်ရှိ ဆေးတက္ကသိုလ်များနှင့် ဆေးပညာနီးနွယ် တက္ကသိုလ်များတွင် ဖွင့်လှစ်မည့် ဘွဲ့လွန်ဆေးပညာသင်တန်းများ ဝင်ခွင့်ခေါ်ယူရေးကိစ္စရပ်များနှင့်ပတ်သက်၍ (၁-၇-၂၀၂၀) ရက်နေ့တွင် ပြုလုပ်သော ဘွဲ့လွန်ဆေးပညာသင်ကြားရေးအဖွဲ့အစည်းအဝေး(၁/၂၀၂၀)နှင့် (၄-၂-၂၀၂၁)ရက်နေ့တွင် ကျင်းပသော ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၂/၂၀၂၁) တို့၏ သဘောတူညီချက်အရ ဒီပလိုမာ၊ မဟာသိပ္ပံ၊ ပါရဂူဘွဲ့လွန် သင်တန်း စုစုပေါင်း(၁၃၇) မျိုး၊ သင်တန်းသားဦးရေ(၂၀၈၂)ဦးခန့်ဖြင့် ဖွင့်လှစ်နိုင်ရေးကို (၂၀၂၁)ခုနှစ်၊ ဖေဖော်ဝါရီလ၊ ဒုတိယပတ်မှစ၍ သက်ဆိုင်ရာတက္ကသိုလ်အလိုက် လျှောက်လွှာများ ခေါ်ယူမည်ဖြစ်ပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

| စဉ် | တက္ကသိုလ် | ဒီပလိုမာ | မဟာသိပ္ပံ | ပါရဂူ | စုစုပေါင်း |
|---|---|---|---|---|---|
| ၁။ | ဆေးတက္ကသိုလ်များ | ၇ | ၃၁ | ၄၇ | ၈၅ |
| ၂။ | သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များ | ၂ | ၁၀ | ၉ | ၂၁ |
| ၃။ | သူနာပြုတက္ကသိုလ်များ | ၁ | ၉ | ၁ | ၁၁ |
| ၄။ | ဆေးဘက်ဆိုင်ရာနည်းပညာ တက္ကသိုလ်များ | ၁ | ၃ | ၃ | ၇ |
| ၅။ | ဆေးဝါးတက္ကသိုလ်များ | - | ၄ | ၄ | ၈ |
| ၆။ | ပြည်သူ့ကျန်းမာရေးတက္ကသိုလ် | ၁ | ၂ | ၁ | ၄ |
| ၇။ | အခြေခံကျန်းမာရေးတက္ကသိုလ် | - | ၁ | - | ၁ |
| | စုစုပေါင်း | ၁၂ | ၆၀ | ၆၅ | ၁၃၇ |

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

# ရန်ကုန်မြို့မှ နယ်ဝေးမြို့များသို့ မီးရထားများ ပြန်လည်ပြေးဆွဲ

**ရန်ကုန် ဖေဖော်ဝါရီ ၄**

မြန်မာ့မီးရထားမှ ယာယီရပ်နားထားသော ရန်ကုန်မြို့မှ နယ်မြို့ခရီးဝေးရထား၊ မြို့ပတ်နှင့် ဆင်ခြေဖုံးရထားများ ယနေ့ပြန်လည်ပြေးဆွဲနေပြီဖြစ်ကြောင်း ရန်ကုန်ဘူတာကြီး တိုင်းအမှတ် (၇)မှ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

"ရထားခရီးစဉ်တွေ ယနေ့ ပြန်လည်ပြေးဆွဲတာပါ။ အားလုံးပြေးဆွဲတာဖြစ်ပါတယ်။ ယခင်ပုံမှန်လမ်းကြောင်းတွေအတိုင်း ပြေးဆွဲတာဖြစ်ပါတယ်"ဟု ရန်ကုန်ဘူတာကြီး တိုင်းအမှတ် (၇)မှ လက်ထောက်အထွေထွေမန်နေဂျာ (သွားလာရေး)ဦးဇော်လွင်က ပြောသည်။

အဆိုပါရထားခရီးစဉ်များတွင် ရန်ကုန်-မန္တလေး၊ မန္တလေး-မြစ်ကြီးနား၊ ရန်ကုန်-မော်လမြိုင်-ရေး-ထားဝယ်၊ ရန်ကုန်-ပြည်၊ မန္တလေး-လားရှိုး စသည့် ရထားလမ်းပိုင်းများနှင့် အခြားလမ်းပိုင်းအသီးသီးတွင် လူစီးအမြန်ရထား၊ လူစီးစာပို့ရထား၊ လူစီးကုန်တင်ရထား၊ ခရီးတိုရထားတို့အပြင် ရန်ကုန်မြို့ပတ် ဆင်ခြေဖုံးရထားခရီးစဉ်များကို ယနေ့မှစ၍ ရထားစင်းရေ တိုးချဲ့ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

ယင်းကဲ့သို့ ရထားများပြေးဆွဲပေးရာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ညွှန်ကြားချက်များနှင့်အညီ Social Distancing နေရာချထားခြင်း၊ ဘူတာအဝင်နှင့် ရထားပေါ်တွင် ခရီးသည်များအား ကိုယ်အပူချိန်တိုင်းတာခြင်း၊ ဘူတာအဝင် လက်ဆေးခုံများ၌ လက်ဆေးစေခြင်း၊ နှာခေါင်းစည်းတပ်ဆင်ပြီးမှ ဘူတာအတွင်းနှင့် **စာမျက်နှာ ၁၉ ကော်လံ ၁ သို့ ○**



# ရန်ကုန်-မြိတ်-ရန်ကုန် လေကြောင်း ပုံမှန်ခရီးစဉ်များ ပြန်လည်ပြေးဆွဲ

မြိတ် ဖေဖော်ဝါရီ ၄

**ခရီးသွားပြည်သူများ သွားလာရေးအဆင်ပြေချောမွေ့စေရန်အတွက် ရန်ကုန်-မြိတ်-ရန်ကုန် လေကြောင်းခရီးစဉ်များကို ကိုဗစ်-၁၉ ကာကွယ်ရေး လမ်းညွှန်ချက်နှင့်အညီ ယနေ့တွင် ပြန်လည်ပြေးဆွဲလျက်ရှိကြောင်း သိရသည်။**



"မြန်မာအမျိုးသားလေကြောင်းအနေနဲ့ လက်ရှိ ကိုဗစ်-၁၉ ကာလမှာ ခရီးသွားမိဘပြည်သူတွေ လေကြောင်းခရီးသွားလာရာတွင် အဆင်ပြေချောမွေ့စေရန်အတွက် ရန်ကုန်-မြိတ်-ရန်ကုန် တိုက်ရိုက်ခရီးစဉ်ကို Embraer-190 လေယာဉ်ဖြင့် နေ့စဉ် ပျံသန်းပြေးဆွဲပေးသွားမှာဖြစ်ပါတယ်။ ခရီးသည်တွေ လုံခြုံစိတ်ချစွာ ခရီးသွားလာနိုင်ဖို့အတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ချမှတ်ထားတဲ့ လမ်းညွှန်ချက်တွေနဲ့အညီ ဝန်ဆောင်မှုပေးသွားမှာဖြစ်ပါတယ်"ဟု မြန်မာအမျိုးသားလေကြောင်း မြိတ်ဌာနခွဲမန်နေဂျာ ဦးထွန်းလှအောင်က ပြောသည်။

**ရောင်းချပေးလျက်ရှိ**

လေယာဉ်လက်မှတ်များကို မြိတ်-ရန်ကုန် ခရီးစဉ်အတွက် ငွေကျပ် ၆၁၀၀၀ နှုန်းဖြင့် ရောင်းချပေးလျက်ရှိပြီး ခရီးသွားပြည်သူများအနေဖြင့် မိမိတို့ သွားရောက်လိုသည့် နေ့ရက်များအတွက် လေယာဉ်လက်မှတ်များကို မြန်မာအမျိုးသားလေကြောင်း **စာမျက်နှာ ၁၈ ကော်လံ ၅ သို့ ❖**


ကြေးမုံ ယနေ့ ဖတ်စရာ

**စည်းလုံးစေတာ မြန်မာ့အသံ**

ဆောင်းပါး စာမျက်နှာ » ၆

**ဂျပန်နှင့် ရိုးရှင်းမှု**

ဆောင်းပါး စာမျက်နှာ » ၁၀

**ကမ္ဘာပေါ်တွင် ဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ်အမျိုးအစား ၄၀၀၀ ကျော်ရှိလာသဖြင့် ကာကွယ်ဆေးများ အရည်အသွေးမြှင့်တင်ရန် ဗြိတိန်ကျန်းမာရေးဝန်ကြီး တိုက်တွန်း**

စာမျက်နှာ » ၁၃